ချစ်တယ်

လင်းရောင်ခင်

WHISPER OF WORDS

“ချစ်တယ်”

Essays

လင်းရောင်စင်

E-Books

ပုံနှိပ်မှတ်တမ်း

“ချစ်တယ်” လင်းရောင်စင်

ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၁၉ တန်ဖိုး • ၂၀၀၀ကျပ်

ထုတ်ဝေသူ • လင်းလွန်းခင်စာပေ

E-Book Creator• Whispers of Words

© လင်းရောင်စင် မူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

1. About Us
2. စိတ်လိုလက်ရ ရေးတဲ့စာ
3. နင်သိလား
4. အဲ့ဒီညနေက နင်နဲ့အတူ စက်ဘီးစီးကြတယ်
5. မီးတိုင်ကလေးများ
6. နင် သိလား (၂)
7. အပြာရောင်ရက်စွဲများ
8. နင် သိလား (၃)
9. ရက်စွဲများ (၂)

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက **E-BOOKS READER** အသုံးပြုသူများနှင့် **DIGITAL DEVICES** တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ **E-BOOKS READER** အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ **E-BOOKS READER** အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို **DIGITAL** နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက **E-BOOKS MARKET** အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ **E-BOOKS DIGITAL MARKET** ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ **DIGITAL PRODUCT** ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို့ မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း

လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ **E-BOOK** ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (**E-BOOK** ရှိလျှင်) **E-BOOK** များကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

စိတ်လိုလက်ရ ရေးတဲ့စာ

တစ်ယောက်ယောက်ကို စိတ်လိုလက်ရ ပြောပြချင်တဲ့ အကြောင်းအရာတွေကို နှုတ်ကနေ အန်မထုတ်နိုင်ခဲ့တဲ့အခါ စာတွေအဖြစ် ချရေးမိခဲ့တယ်ပဲဆိုရပါမယ်။ ဟိုးလွန်ခဲ့တဲ့ ကာလတွေတုန်းက ကျွန်တော်နေတဲ့ လမ်းလေးထဲကနေ စက်ဘီးကလေး နင်းထွက်သွားရင် ကွင်းပြင် စိမ်းစိမ်းကြီးကို ဖြတ်ကျော်ပြီးမှ အထက်တန်းကျောင်းရှိတဲ့ နေရာကလေးကို ရောက်တာပါ။ အဲဒီတုန်းက ကျွန်တော်ပိုင်တဲ့ စက်ဘီးကလေးက အဖေဝယ်ပေးထားတဲ့ အစိုးရထုတ်ဘီးကလေး။ အဖေ ဆုံးတော့ အဲ့ဒီဘီးကလေးက အိမ်ထောင့်ကလေးမှာ ဖုန်တွေတက်ပြီး လဲနေလို့ပါပဲ။ အဲဒါတွေက ကြာခဲ့ပါပြီ။

တစ်ရက်တော့ ယုဇနဥယျာဉ်မြို့သစ်ကိုသွားရင်း ကွင်းပြင် စိမ်းကြီးကို ကားနဲ့ဖြတ်တော့ ကျွန်တော့်ရင်ထဲမှာ စိတ်လိုလက်ရ ဇာတ်လမ်းတစ်ခုကို ချရေးချင်စိတ် ဖြစ်လာမိတယ်။ ကျောင်းသား ဘဝတုန်းကတော့ စာရေးတာ ဝါသနာပါတာမို့ တွေးထားခဲ့ဖူးတယ်။

ဇာတ်လမ်း၊ ဇာတ်ကွက်ကြီးတွေ ချ။ ဟဲဗီးဒရမ်မာတွေခင်းပြီး စာဖတ်သူကို မက်ဆေ့ချ်တွေတစ်ပုံနဲ့ ဝတ္ထုလုံးချင်းကြီးတွေ ချရေးပြဖို့ စိတ်ကူးဖူးတာပါ။ ခုချိန်မှာတော့ စိတ်ကူးတွေက တက်တက်စင် လွဲနေပြန်ပါတယ်။ ရင်ထဲရှိတဲ့ စိတ်လိုလက်ရရှိလာတာတွေပဲ ရေးချင်လာမိတယ်။ ဒီဝတ္ထုကို ရေးတုန်းက ဝတ္ထုရှည် တစ်အုပ်ဖြစ်အောင် ရေးဖို့မဟုတ်ခဲ့ပါဘူး။

“အဲဒီနေ့ကနင်နဲ့ ငါ စက်ဘီးစီးကြတယ်” ဆိုတဲ့ ကွင်းပြင် စိမ်းကြီးနဲ့ ပတ်သက်တဲ့ အတိုလေးစရေးဖို့ပါပဲ။ ရေးတာက ကွင်းပြင်စိမ်းက မြက်ခင်းလေးတစ်ခုပေါ်မှာပါ။ ကိုယ့်ဘာသာ ပြန်ဖတ်ရင်း နောက်တော့ စိတ်လိုလက်ရ ပြောပြချင်တာတွေ များလာတယ်။ အိမ်ရောက်တော့ တစ်ညလုံး မိုးလင်းပေါက် ထပ်ရေးဖြစ်ပြန်တယ်။ ခေါင်းစဉ်နှစ်ခု ပြီးသွားချိန်မှာ ကျွန်တော်မောသွားမိတယ်။ ဆက်လည်း ရေးချင်စိတ် မရှိတော့ဘူး။ အဲဒီလိုနဲ့ မရေးဘဲ ပစ်ထားမိတာ လချီတယ်။

တစ်ရက်တော့ ပိုပိုရဲ့ “သံယောဇဉ်လက်ကျန်” သီချင်းကို ကော်ဖီဆိုင်တစ်ခုမှာ အမှတ်မထင် နားထောင်မိရင်း ကျွန်တော့်စိတ်တွေ ပြန်နိုးထလာပြန်တယ်။ အဲဒီရက်ပိုင်းကျမှ ပန်းဆိုးတန်းက “အညာ အထာ” ဆိုတဲ့ ပန်းချီကားတွေ၊

အနုပညာပစ္စည်းတွေရှိတဲ့ ကော်ဖီဆိုင် ကလေးမှာ ပြန်စရေးဖြစ်တယ်။ နောက်တော့ ကျွန်တော့်အိပ်ခန်း ကလေးမှာ ဒီဇာတ်လမ်းကို ရက်ဆက် ချရေးပစ်ခဲ့မိတာပါ။ အကုန်ပြီးသွားချိန်မှာ ကျွန်တော်ပြန်ဖတ်ကြည့်မိတယ်။ စာမျက်နှာ ရာကျော်လောက်ပဲရှိတယ်။ သူငယ်ချင်းတစ်ယောက်ကတော့ အကြံပေးတယ်။ ကြားထဲမှာ ဇာတ်ကွက်တွေ၊ ဇာတ်လမ်းတွေ ထပ်ဖြည့်ပြီး စာအုပ်အထူကြီး လုပ်ပစ်ဖို့ပါ။ ကျွန်တော် မဖြည့်ဖြစ်ခဲ့ပါဘူး။ ကျွန်တော့်ရဲ့ စိတ်လိုလက်ရ ဖြစ်တည်မှုကို ဖျက်ဆီးမပစ်ချင်လို့ပါ။ စာအုပ်တစ်အုပ်လုံးက ပြန်ပြင်တာတစ်ခုမှမလုပ်ဘဲ စိတ်လိုလက်ရ ရေးဖြစ်ခဲ့တာတွေပါပဲ။

ဒီစာအုပ်ကို တစ်ယောက်ယောက်က ဖတ်ကြည့်ပြီးတဲ့အခါ တချို့နေရာတွေမှာ ငါ့ကို ပြောနေတာလားလို့ တွေးမိရင် သေချာပါတယ်။ ကျွန်တော် အဲဒီသူကိုပဲ စိတ်လိုလက်ရ ပြောနေခဲ့တာပါ။ ဒီထဲက အကြောင်းအရာတွေက ဘယ်သူမှ မဖြစ်နိုင်ပါဘူးလို့ စိတ်ကထင်မိရင်လည်း ကျွန်တော် စိတ်လိုလက်ရ ပြောပြနေတဲ့ ဇာတ်လမ်း တစ်ပုဒ်လို့ပဲ မှတ်ပါ။ ရင်ထဲမှာ စိတ်လိုလက်ရ ဖြစ်လာတဲ့အတိုင်း မှတ်ယူနိုင်ပါတယ်။

ဒီစာအုပ်ထဲမှာပါတဲ့ တချို့အရာတွက လိုနေတယ်၊ မှားနေတယ်လို့ ထင်ရင် သေချာပါတယ်၊ အဲဒါက ကျွန်တော့်ရဲ့အမှားနဲ့ အားနည်းချက်သာ ဖြစ်ပါတယ်။

တစ်ယောက်ယောက်ကို စိတ်လိုလက်ရ ပြောချင်တာတွေ ရှိလာတဲ့အခါ ဒီစာအုပ်ကို စိတ်လိုလက်ရဖတ်ကြည့်လိုက်ပါ။ ပြီးရင် စာအုပ်အလွတ်တစ်အုပ်နဲ့ ကိုယ်ပြောချင်တာတွေ ချရေးပစ်လိုက်ပါ။

ကျွန်တော်ကတော့ စိတ်လိုလက်ရ ရေးဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့.. “ချစ်တယ်”လို့ မပြောနိုင်ခဲ့ခြင်း အတွက် ကိုတော့ တောင်းပန်ပါတယ်။

မြတ်နိုးခြင်းများစွာဖြင့်သာ ကိန်းအောင်းနေပါစေတော့လေ..

လင်းရောင်စင်

««« »»»

“ငါကတော့ အချစ်ကိုအချစ်လို့ပဲ မြင်ခဲ့ပါတယ်။

ပေးဆပ်ခြင်းလည်း မပါဘူး။

ရယူခြင်းလည်း မပါဘူး။

ကျန်တဲ့ စံသတ်မှတ်ချက်တွေလည်း မရှိဘူး။

ငါ နင့်အပေါ်မှာ အမြဲရှိချင်တယ်။

နင့်အပေါ်မှာနေရရင်

ငါပျော်တယ်လို့ခံစားရတယ်။

မဟုတ်ဘူး။

အဲဒါကပဲ ငါပျော်ရွှင်ခြင်းဖြစ်နေခဲ့တာ”

နင်သိလား

(၁)

အဲဒီညက မိုးအကုန် ဆောင်းအကူးမို့ထင်တယ်။ နည်းနည်း အအေးဓာတ်ရတယ်။ ငါရေချိုးပြီးတဲ့အချိန် ငါတို့မြို့မှာ မီးရောင်တွေနဲ့ ပဏာရနေပြီ။ ရုံးပြန်နောက်ကျတဲ့နေ့တွေဆို ထမင်းဝိုင်းက ငါတစ်ယောက်တည်းပေါ့။ အမေကတော့ ဘုရားတောင် ဝတ်ပြုနေပြီ။ ငါ့အတွက် တစ်ခုခုလိုနေသလိုပဲ။ ရုံးကပြန်လာတိုင်း ကြည့်ဖြစ်တဲ့ နင်တို့အိမ်ကလေးက မီးရောင်တွေ မှဲ့နေခဲ့တယ်။ နင်ရှိနေတယ်ဆိုတဲ့ ခံစားချက်ပျောက်နေတဲ့ ညဆိုပါတော့။ သတ္တဝါတွေ အားလုံးကျန်းမာပါစေဆိုတဲ့ အမေ့ရဲ့မေတ္တာပို့သံနဲ့အတူ ငါပါ လိုက်မေတ္တာပို့မိတယ်။ နင် စိတ်ချမ်းမြေ့ပျော်ရွှင်ပါစေပေ့ါ။ အမေများသိရင် ငါ့ကို ဘယ် လောက်များ ခေါင်းခေါက်ချင်လိုက်မလဲ။ ငါက နင့်အတွက်ပဲ ထည့်တွက်နေခဲ့မိတာကို

ထမင်းစားပြီး ပန်းကန်တွေ ဆေးခါနီးတော့ အမေ ဘုရား ဝတ်ပြုပြီးပြီ။ အမေမလာခင် ပန်းကန်တွေ ထဆေးနေတုန်း ဘုရားခန်းကထွက်လာတဲ့ အမေ့ဆီက အမှတ်မထင် စကားကြားရတော့ ငါဆွံ့အ သွားမိတယ်။ နင်တို့ နယ်ကို ပြောင်းသွားကြပြီတဲ့။ ငါ့မှာ အာစေး နေခဲ့မိတယ်။ ပန်းကန်တွေ ဆေးနေလား ရပ်နေသလား ငါမမှတ်မိတော့ဘူး။ ဘယ်တုန်းကလဲ အမေလို့ ငါမေးမိတယ် ထင်တယ်။ နင်မသိဘူးလား ဆိုတဲ့ အမေ့ရဲ့အံ့ဩသံနောက်မှာ ခုညနေ ကားနဲ့ ပစ္စည်းတွေ တင်ပေးလိုက်ပြီ။ နင်တို့သားမိက အဝေးပြေး ကားဂိတ်ကနေ ခုညထွက်မှာ ဆို့တော့ ငါဘာလုပ်မိတယ်ထင်လဲ။ ဆေးလက်စ ပန်းကန်ကိုချပြီး စက်ဘီးဆွဲထုတ် ထွက်လာခဲ့တာပဲ။ ကွင်းပြင်စိမ်းကို ဖြတ်ကျော်နင်းတယ်။ ငါတို့ ဝက်သားတုတ်ထိုး သွားစားနေကျ ဘတ်စ်ကားဂိတ်နားက ကွမ်းယာဆိုင်မှာ စက်ဘီးအပ်တယ်။ ပြီးတော့ အဝေးပြေးကို **Taxi** ငှားပြီး ငါလိုက်လာခဲ့တာ။ နင့်ဖုန်းက စက်ပိတ် ထားတယ်တဲ့လေ။ ငါ့မျက်လုံးတွေက ပြာဝေလို့ပါပဲ။

တကယ်ဆို နင် ငါ့ကို ကြိုပြောပြခဲ့သင့်တာပေ့ါ။ စီစဉ် ထားခဲ့တာပဲ ဖြစ်ဖြစ်၊ မြန်းဒိုင်းပဲဖြစ်ဖြစ် နင် ငါ့ကိုဖုန်းဆက်သင့်တာပေ့ါ။ နင်က ငါ့ကို အရေးမလုပ်တတ်တာ သိပေမယ့် ဒီတစ်ခါတော့ နင် ငါ့အပေါ် ရက်စက်လွန်းတယ်။ ငါက အဲ့လောက်တော့ အရေးပါမယ် ထင်ခဲ့တာ။ နင့်အနားမှာ အမြဲရှိခဲ့တဲ့ သူ တစ်ယောက်အနေနဲ့ပေ့ါ။ နောက်တော့လည်း ငါ့စိတ်ငါ ပြန်ဖြေရတယ်။ နင် ငါ့ကို မသိစေချင်တာ နေမှာပါပေ့ါ။ စိတ်မကောင်းဖြစ်မှာ စိုးလို့နေမယ်ပေ့ါ။ ငါက အဲဒီလို လူပါပဲ။ နင်နဲ့ ပတ်သက်တဲ့

အခါတိုင်း အပြစ်မြင်ဖို့ မစွမ်းသာတဲ့ ငါပါပဲ။

အဲဒီညက တစ်ညလုံး ငါကားကြီးဝင်းမှာ ဒေါင်းတောက် နေခဲ့တာ။ အမေ့ဆီကို ဖုန်းတွေဆက်တယ်။ နင်တို့ရှိမယ့်ကားဂိတ်ကိုထပ်မေးရတာပေါ့။ အမေကလည်း ကလောလိုလို၊ တောင်ကြီးလိုလို ဖြေတယ်။ ခရီးလမ်းကြောင်းက တစ်ခုတည်းဆိုတော့ ရှာရတာတော့ သိပ်တော့မများဘူး။ အဲဒီဘက်ကိုထွက်တဲ့ ကားဂိတ်တွေသာ စုံစမ်းရတာ ကုန်သွားတယ်။ နင်တို့သားအမိကို အရိပ်ယောင်တောင် မတွေ့ခဲ့ရပါဘူး။ ငါ အဲဒီညက ကားဝန်းထဲမှာ တစ်ညလုံးနေခဲ့တာ။ အမေဖုန်းဆက်တော့ သူငယ်ချင်းအိမ်မှာလို့ ဖြေပြီး ငါနေခဲ့တာ။ ကားဝင်းကြီး ထဲကနေ ကားတွေ တစ်စီးပြီးတစ်စီး ထွက်သွားတိုင်း နင်ပါမလား လိုက်ငေးမိတယ်။

တောင်ကြီး၊ကလောဘက်သွားတဲ့ကားဆို ရပ်ခိုင်းပြီး ငါ နင့်နာမည်ကို တက်မေးတယ်။ တကယ်အရူးတစ်ယောက်လိုပါပဲ။ ငါ ငိုမိသေးတယ် ထင်တယ်။ နင်သိရင် ငါ့ကို လှောင်များ နေမလား။ ဟိုတစ်ခါ နင့်အဘွား အိမ်သွားနေတုန်းကလို နင်ပြောဦးမလား။ ငါသေသွားတာ မဟုတ်ဘူး ဆိုတဲ့ စကားမျိုးလေ။ နင်များ တကယ် သေသွားရင် ငါအကြာကြီး ရူးကျန်ခဲ့မယ် ထင်တယ်။

ခုတော့ နင်သိပ်ရက်စက်ပါတယ်။

အဲဒီလိုနဲ့ နင် ငါ့အပေါ်ကနေ ထွက်သွားခဲ့တာနော်

(၂)

နင်သိလား မိုးတွေ တစ်ကျော့ပြန် ရွာလာခဲ့ပြန်ပြီ။ ဘာလိုလိုနဲ့ နင် ငါ့ကို အဆက်အသွယ်ဖြတ်သွားခဲ့တာ နွေ၊ မိုး၊ ဆောင်း သုံးခါ | သုံးလီတောင် ထပ်သွားပြီ။ နင့်ကိုသတိရရင်း ရုံးတွေ၊ သင်တန်းတွေနဲ့ ငါလည်း လုံးလည်ပတ်ချာလိုက်ရင်းပေါ့။ အမေကတော့ လမ်းထဲက သတင်းတွေ သယ်သယ်လာတတ်တယ်။ နင်တို့သားမိတွေ ကလောကနေကျိုင်းတုံ၊ ကျိုင်းတုံကနေ လားရှိုးဘက်ပြောင်းသွားပြန်ပြီတဲ့ တကယ် ဟုတ်၊ မဟုတ်တော့ မသိပေမယ့် နင်တို့သားမိလည်း လမ်းထဲက အမျိုးသမီးတွေနဲ့ ငါ့အမေပါးစပ်ဖျားတော့ ခဏခဏ ပြောင်းနေကြ တာပါပဲ။ နင့်ဆီကနေ **Email** လေး တစ်စောင်ဖြစ်ဖြစ်၊ ဖုန်းလေး တစ်ကောလ်ဖြစ်ဖြစ် ဝင်လာမလားဆိုပြီး ငါ ဖုန်းကဒ်ရော၊ အီးမေးလ် လိပ်စာရော ဘာမှ မပြောင်းဖြစ်ခဲ့ဘူး။ အိပ်မက်ပါပဲ။ နင် ငါ့ကို ဘယ်တုန်းကမှ သတိရမလာခဲ့ဘူး။

မိုးတွေရွာတဲ့ ညနေတစ်ခုက ငါ ရုံးပြန်လာတော့ ထီးဖွင့် မဆောင်းဖြစ်ဘူး။ နင့်ကို သိပ်သတိရတယ်။ ငါတို့ကျောင်းတက်တုန်းက မိုးရေထဲ ထီးမဆောင်းဘဲ လမ်းလျှောက်ကြတာလေ။ ငါတို့တက်တဲ့ အထက (၁) ကနေ ငါတို့လမ်းထဲထိ မိုးရေထဲ

လမ်းလျှောက်ကြတာ မှတ်မိလား။ လွယ်အိတ်တွေကို ကျန်ကျောင်းပလတ်စတစ်အိတ်ကြီးထဲ ထည့်ပြီး ငါက သယ်ရတာ။ နင်က မိုးရေထဲပြေး၊ ငါက နောက်ကလိုက်။ ပျော်စရာကောင်းလိုက်တာ။ ဘတ်စ်ကားဂိတ်နားရောက်တော့ ဒေါ်ပု မုန့်တီဆိုင်မှာ ငါတို့ဝင်သောက်ကြတာ မှတ်မိလား။ ခုတော့ အဲ့ဒီနေရာက ကွန်ဒိုကြီးဖြစ်သွားပြီး။ နင်က ငါ့မုန့်တီပန်းကန်ထဲကို ငရုတ်သီးစိမ်း ထောင်းပြီးသားတွေ တအားထည့်လိုက်တာလေ။ ငါ့မှာ မိုးတွေစိုနေတဲ့ကြားက ချွေးပြိုက်ပြိုက်ကျရော။ နင်ကတော့ ငါ့ကို ကြည့်ပြီး လှောင်နေခဲ့တာ။ နင်ကျတော့ ငါးဖယ်လေးတွေ ရွေးစားခဲ့တာ။ အကောင်းကြိုက်မလေးဆိုတော့ နင်က ဇက်ပုပြတယ်။ အဲဒီနေ့က မိုးတွေကလည်း တအားရွာတာ။

ခုချိန် နင်နေတဲ့နေရာမှာရော မိုးတွေရွာနေမှာလား။ နင်လည်းပဲ ငါ့ကိုသတိရနေမလား ငါသိချင်လိုက်တာ။ နင်သတိရမှာ မဟုတ်ပါဘူး။

ငါက နင့်အတွက် ဘယ်တုန်းကမှ ဘောင်ဝင်ခဲ့တာမှ မဟုတ်တာ။ ခုရက်ထဲ မိုးတွေရွာတယ်။ ကျန်းမာရေးဂရုစိုက်လို့ ပြောချင်ပေမယ့် နင်က ဘယ်ရောက်နေမှန်း ငါမသိနိုင်ခဲ့ဘူး။ စိမ်းညိုညို့တောင်တန်းတွေ ရှိတဲ့ ကလောမှာလား၊ ထင်းရှူးပင်တွေနဲ့ မိုးစက်တွေကြားထဲမှာ နင် ပျော်နေခဲ့ပြီလား။ အမေပြောသလို လားရှိုးဘက်မှာများလား။ ဘယ်နေရာဖြစ်ဖြစ် ခုချိန် မိုးတွေ သည်းနေမှာ။

နင်အပြင်ထွက်လို့ ထီးမပါတဲ့အခါ ထီးဆောင်းမလာဘူးဆိုပြီ ထီးထွက်ပေးမယ့် ငါ့လိုလူမျိုး ရှိနေပါစေလို့ ငါဆုတောင်းရပြန်တယ်။ နင်အေးလိုက်တာလို့ ပြောတဲ့အခါ ငါ့အင်္ကျီအပေါ်ထပ်ကိုချွတ်ပြီး ဝတ်ပေးဖို့လည်း ငါ့အနားမှာ နင်မရှိနိုင်တော့ဘူး။ နင်ဂျစ်ကျချင်တဲ့အခါ နင့်အနား ဘယ်သူများ ရှိနေပဲ့မလဲ ငါသိချင်လိုက်တာ။ အဲ့ဒီအခါမျိုးတော့ နင်ငါ့ကိုသတိရမှာပါ။ အဲဒီအခါ ငါ့ကို ဆက်သွယ်ချင်စိတ်လေးများ ဖြစ်လာမလားဆိုပြီး ငါမျှော်လင့်နေခဲ့ဖူးတယ်။ အိပ်မက်ပါပဲ။

နင်သိလား ငါတို့ငယ်ငယ်က အစေ့ကလေးတွေ သွားထု စားကြတဲ့ လမ်းထိပ်ကဗန်ဒါပင်ကြီး သေသွားပြီ။ ဟိုတစ်နေ့က တ်ရုံးက ပြန်လာတော့ လှဲပြီး ဖြတ်တောက်ရှင်းလင်းတောင် ပြီးသွားကြပြီ။ အဲဒီ နားမှာ လင်းထင်းနေတာပဲ။ ငါ့ရင်ထဲမှာ အမျိုးအမည်မသိတဲ့ဝေဒနာကို ခံစားလိုက်ရတယ်။ ပြီးတော့ တစ်ဆက်တည်း နင့်ကိုသတိရတယ်။

ငါတို့ငယ်ငယ်က ကစားလို့ မောတဲ့အခါ အဲ့ဒီဗာဒံပင်ကြီး အခောက်ကို သွားပြီး ဗာဒံသီးထုစားကြတာ။ အမြဲတမ်း ငါက နင့်ကို အစေ့ထုပေးရတယ်။ နင်က အလျှဉ်မီအခေါင်စားတယ်။ တစ်ခါတစ်ခါ နင်က ဂျစ်သေးတာ။ ခုတော့ ဗာဒံပင်ကြီး

သေသွားပါပြီ။ ငါ့ရင်ထဲ မှာတော့ နင့်ကို သိပ်သတိရတယ်။ နင်နဲ့ပတ်သက်တဲ့ အမှတ်တရတွေကို သတိရတယ်။ နင်ကတော့ ဘယ်ဆီမသိပေါ့။ လွမ်းလိုက်တာ။ နင်သိလား ငါတို့ငယ်ငယ်က အမှတ်တရတွေက ခေတ်ရေစီးထဲမှာ တစ်စတစ်စနဲ့ ပြိုပျက်ကုန်ကြပြီ။

တစ်နေ့က လမ်းထဲကို လူသစ်တွေ ပြောင်းလာကြတယ်။ နင်တို့ ခြံနဲ့အိမ်ကို ဝယ်လိုက်တာတဲ့။ နင်တို့အိမ်ကို ပြန်ဝယ်ထားတဲ့ နင်တို့ ဦးလေးဝမ်းကွဲက ရောင်းလိုက်တာပြောတယ်။ အိမ်ရှင်အသစ် တွေက ပိုက်ဆံ ရှိကြတယ် ပြောရမယ်။ ငါ့ရင်ထဲက နင်နေခဲ့တဲ့အိမ် ကလေးကို ဆွဲနှုတ်ဖို့ လုပ်ကြတယ်။ နင်နဲ့ငါ တယုတယနဲ့ စိုက်ခဲ့တဲ့ စံပယ်ရုံကြီးကို ဓားတွေနဲ့ ခုတ်ပစ်ကြတယ်။ နင်စီးနေကျ ဒန်းကလေးကို ဖျက်ပစ် ကြတယ်။ သရက်ပင် တချို့ကို ခုတ်တယ်။ နင်နဲ့ငါ တက်ခူး စားနေကျ မာလကာပင်ကြီးကို ခုတ်ထွင်ပြီး အမြစ်ကတူးပစ်တယ်။ သံချေးတက် နေတဲ့ သံစကာခြံစည်းရိုးလေးကို အုတ်တံတိုင်းကာဖို့ ကြိုးစားကြတယ်။ နင်သိပ်ကြိုက်ခဲ့တဲ့ နင်တို့ တိုက်ကလေးရဲ့ မျက်နှာစာ ဆေးရောင်ကတော့ အဖြူအစား အစိမ်းနုရောင်လေး ပြောင်းသွားတယ်။

အဲ့ဒီနေ့ရက်တွေမှာပေါ့။ ငါအပြင်းဖျားတယ်။ အမေက ရေပတ် ဝတ်တွေ တိုက်ပေးရတယ်။ စပ်ဆေးတွေ ဝယ်တိုက်တယ်။ မသက်သာတဲ့အဆုံး လမ်းထဲက ဆရာဝန်ကိုပင့်ပြီး ဆေးထိုးရတယ်။ ဆရာဝန်က ဘယ်သူထင်လဲ။ နင် သိပ်ချစ်ခဲ့ရတဲ့ ဟိုကောင့်ညီမဝမ်းကွဲပေါ့။ မကွေးမှာ ဆေးကျောင်းသွားတက်နေတဲ့ ကောင်မလေးလေ။ ဂျစ်တူးလေး ပေါ့။ ခုတော့ သူက ဆရာဝန်မကလေး ဖြစ်သွားပြီ။ သူက ငါ့ကို ဒရစ်တွေ ချိတ်ပေးခဲ့တယ်။ ငါ အားတွေတအားနည်းနေပြီတဲ့။ ဟုတ်တာပေါ့။ ငါ ထမင်းမစားတာ ဘယ် နရက်ရှိပြီလဲ။ တစ်၊ နှစ်၊ သုံး၊ လေး။ ဟုတ်တယ် လေးရက်တိတိရှိပြီ။

ကြားထဲမှာ အမေတိုက်တဲ့ ကြက်စွပ်ပြုတ်ကလေး တစ်နေ့ နည်းနည်းစီပဲ ဝင်လိုက်တယ်။ အမေကတော့ သိပ်စိုးရိမ်နေခဲ့တာ။ ရုံးက လူတွေလည်း ညနေရုံးဆင်းရင်း လာလာမေးကြတယ်။ ရုံးကလူတွေက စနောက်ကြတယ်။ သေခါနီး ဘာမှာချင်လဲတဲ့။ တကယ်သာ ငါ သေတော့မှာဆို နင့်ကို သိပ်သတိရနေကြောင်း၊ နင်နေကောင်းအောင် နေဖို့အကြောင်းပဲ မှာဖြစ်မယ် ထင်တယ်။

ငါဘာလို့ဖျားလဲ နင်မသိချင်ဘူးလား။ နင်မသိချင်လည်း ငါပြောပြ မယ်။ နင့်အငွေ့အသက်တွေရှိတဲ့ ခြံဝင်းကလေး၊ အိမ်ကလေးက ခုတော့ တစ်စစီ ပြောင်းလဲလို့ပေါ့ ။ အိမ်အပေါ်ထပ် ပြတင်းကနေ ငါအသံတွေ ကြားရတယ်။ ပစ္စည်းတွေ ထုနက်သံတွေ။ နင်တို့အိမ် ကလေး မဟုတ်တော့ဘူး။ တခြားအရာတွေက အစားထိုးသွားခဲ့ကြပြီ။ ငါစက်ဘီးနဲ့ နင်းပြီး လိုက်လိုက်ပို့နေကျ နင်တို့ခြံဝကလေး မရှိတော့ဘူး။ သစ်ခွတွေ မရှိတော့ဘူး။ ငါညနေ ရုံးပြန်တိုင်း လှမ်းကြည့်ဖြစ်တဲ့

နင့်အခန်းကလေးက အလုံပိတ် ဖြစ်သွားပြီ။

ဆရာဝန်မလေးက ညနေဘက်ဆို ငါ့ကို လာကြည့်ပေးတယ်။ အဲဒီအချိန်တိုင်း ငါတစ်ခွန်းပဲ မေးဖြစ်တယ်။ နင်တို့အိမ်ကလေးမှာ ဘာတွေလုပ်နေကြသလဲ ဆိုတာပါပဲ။ ဆရာဝန်မကလေးက ဘာမှ မသိရှာဘူး ထင်တယ်။ သူက အထက်တန်းထဲက ဒီမှာမနေတော့ ဘယ်သိရှာမလဲ ငါတို့ပတ်သက်မှုအကြောင်းတွေ။ အိမ်ကလေးကို ပြင်ဆင်နေတဲ့အခြေနေကို အကုန်အမှန်တိုင်း ပြောပြတယ်။ အဲဒီအိမ်မှာ အိမ်သစ်တွေက အုတ်တံတိုင်းကာလိုက်ပြီဆိုတဲ့အကြောင်း။ သံဆူးကြိုး တွေပါ တင်လိုက်တဲ့အကြောင်းပေါ့။ ငါ့ရင်ထဲမှာ အမျိုးအမည်မသိ ဝေဒနာတစ်ခု ခံစားရတယ်။ နင်နဲ့ငါ့ကြားမှာ ပြန်မတွေ့နိုင်တော့မယ့်စည်းတစ်ခု ခြားသွားသလို ခံစားရတယ်။ နင်ဘယ်ရောက်နေလဲ ငါသိချင်လိုက်တာ။ သိများသိရင် ငါနင့်ဆီကို အပြေးလာချင်မိတယ်။ နင်တို့အိမ်ကလေးအကြောင်းရော ငါ့ ရင်ထဲက ခံစားရတာတွေရော ငါပြောပြချင်မိတယ်။ တကယ်တမ်းကျ ငါဟာ နှုတ်ဆိတ်ဆံ့အခဲ့တာပါပဲ။

အဲဒီရက်ပိုင်းထဲမှာ ဆရာဝန်မကလေးနဲ့ ငါ နည်းနည်းရင်းနှီးစပြုခဲ့တယ်။ မနက်တစ်ခေါက် ညနေတစ်ခေါက် ငါ့အိမ်ကို သူလာကြည့် ပေးတယ်။ ငါ့အိပ်ခန်းထဲကိုပဲ လာလာကြည့်ပေးရတာဆိုတော့ သူနဲ့ငါ စကားတချို့တော့ ပြောဖြစ်ကြတယ်။ ငါ့အခန်းနံရံမှာ ကပ်ထားတဲ့ ကဗျာတွေကို သေချာလိုက်ကြည့်တယ်။ မောင်ချောနွယ်၊ တာရာမင်းဝေ၊ အောင်ဝေး၊ မောင်သိန်းဇော်၊ သူနှုတ်ကနေ နာမည်တွေ တစ်ခုပြီးတစ်ခု ရွတ်တယ်။ မျက်နှာအိပ်စပရက်ရှင်က တစ်ခုပြီးတစ်ခု ပြောင်းတယ်။ အံ့သြနေတဲ့ဟန်ပေါ့။ နောက်တော့ သူလည်း ကဗျာတွေချစ်တဲ့အကြောင်း ပြောရင်း ကဗျာတွေဆီ ရောက်ကြတယ်။ အမေကတော့ ဆရာမလေး အတွက်ဆို ကော်ဖီတွေ လာလာ ပို့ပေးပေမယ့် ကော်ဖီတွေက ကဗျာတွေ အခေက် ရောက်ရောက်သွားကြတယ်။ အဲစေက်လို့ပါပဲ။

နောက်တော့ ငါစပ်ထားတဲ့ ကဗျာမမည်တဲ့ စာတစ်ပုဒ်ကို ဖတ်ပြီး သူငြိမ်နေတယ်။ တစ်ခုခုကို စဉ်းစားနေတဲ့ ဟန်မျိုးပေါ့။ နင်သိလား အဲဒီလိုနဲ့ အဲဒီဆရာဝန်မလေးနဲ့ငါ ကဗျာတွေချစ်တာတူရင်း အတော်ရင်းနှီးခဲ့ရတယ်။ သူဖတ်တယ်ဆိုတဲ့ နံရံမှာကပ်ထားတဲ့ ငါ့ကဗျာ မတောက်တခေါက်လေးကို နင့်ကိုငါ ရွတ်ပြရဦးမယ်။

နင့်ကိုသတိရတဲ့အခါတိုင်း

မေတ္တာသုတ်တစ်ခေါက်ရွတ်တယ်

နင့်ကမ္ဘာမှာ အေးမြေချမ်းမြေ့ပါစေ

နင်နဲ့ပတ်သက်တဲ့ အမှတ်တရတွေကို

သတိရတဲ့အခါတိုင်း

နင်လျှောက်တဲ့လမ်းတွေ

ဖြောင့်ဖြူးပါစေ မေတ္တာပို့မိတယ်

နင့်ကမ္ဘာမှာ အဆင်ပြေချမ်းမြေ့ပါစေ

နင့်ကိုသတိရခြင်းက

မေတ္တာကြောင့်ဆိုရင်

နင့်ကိုသတိရတဲ့အခါတိုင်း

မေတ္တာတွေပို့လွှတ်ခဲ့ပါတယ်

ငါ့မေတ္တာနဲ့ အေးချမ်းပါစေ။

(၃)

ငါတို့ခြံထဲမှာ အပြာရောင်သစ်ခွတွေ ပွင့်တယ်။ နင်တော့ ရောက်မလာတော့ပါဘူး။ ငါတို့လမ်းထိပ်ကနေ ကားဂိတ်ကိုရောက်ဖို့ ဖြတ်သွားရတဲ့ မြင်ကွင်းအစိမ်းကြီးဆီကို ညနေတိုင်း ငါစက်ဘီးစီး သွားဖြစ်တယ်။ စိတ်လိုလက်ရ ရှိတဲ့အခါ ဂစ်တာကြီးပါ ငါသယ်သယ် သွားတာ။ ပလက်ဖောင်းပေါ်ထိုင်ပြီး တဒေါင်ဒေါင်နဲ့။ နင်သာရှိရင် ချစ်စမ်းမောင်ငိုမယ့် အကွက်တွေလို့ ပြောဦးမှာ သေချာတယ်။

တစ်ခါတစ်ခါ ပလက်ဖောင်းပေါ်ကနေ ရထားလမ်းကြီးကို ငေးတယ်။ ရထားလမ်းက ဘယ်မှာဆုံးသွားလဲ ငါမသိချင်ဘူး။ နင့်ကို စောင့်ဆိုင်းရတဲ့ အဆုံးသတ်ကိုလည်း ငါမတွေ့ချင်ဘူး။ ရှူးလိုက်တာလို့ ပြောရင်လည်း ငါခံမှာပဲ။ ငါမှ တခြားတစ်ယောက်ကို ရှူးသွပ်လို့မရတာ။ နင့်အကြောင်းတွေ စိတ်လိုလက်ရ တွေးဖြစ်ပြန်တာပါပဲ။ နင် ညနေတိုင်း အလုပ်မလုပ်ဘူးလား မေးရင်တော့ ငါဖြေရဦးမယ်။ ငါကဗျာတွေ၊ စာတွေ ရေးတတ်နေပြီ။ ဒါဆို နင်ကဗျာဆရာဖြစ်ပြီးလားလို့ မမေးနဲ့ဦး။ ကဗျာတွေက နင့်အကြောင်းတွေပဲ

ဖြစ်နေခဲ့တဲ့ အလွမ်းစာတွေပါပဲ။

နင်ပြန်မလာတော့ဘူးလို့ စိတ်ကထင်ပြီးတဲ့နောက် နင့်ကိုတွေ့ချင်မိတဲ့စိတ်ကို ထိန်းချုပ်မရတဲ့ကာလပေါ့။ စနေ၊ တနင်္ဂနွေ ရုံးနှစ်ရက်ပိတ်တဲ့ အပါတ်မှာ ငါသွားချင်တဲ့ မြို့ကလေးဆီ ရောက်အောင် သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒါ ဘယ်မြို့လို့ နင်ထင်လဲ။ နင်ရှိတယ်လို့ ငါမှတ်ထားမိတဲ့ ကလောမြို့ကလေးဆီကိုပေါ့။ ငါသွားတဲ့ လက ဒီဇင်ဘာလကြီး။ ငါတို့မြို့မှာ မချမ်းပေမယ့် ကလောမှာတော့ အတော် ချမ်းနေမှာလို့ ငါတွေးဖြစ်တယ်။

သောကြာနေ့ညနေက ရုံးဆင်းတော့ ငါအိမ်တန်းမပြန်ဖြစ် ခဲ့ဘူး။ ကုန်တိုက်ကို သွားရတယ်။ သိုးမွေးနဲ့လုပ်တဲ့ အမျိုးသမီး အင်္ကျီကလေးတွေ ရွေးတယ်။ ဆောင်းတွင်းဝတ်တဲ့ လက်အိတ်ကလေးတွေ ရွေးတယ်။ ဟူဒီအင်္ကျီ ကလေးတွေ ရွေးတယ်။ ငါ့စိတ်ကူးနဲ့ငါတော်တော်ပျော်နေခဲ့တယ်။ နင် အဲဒီမှာရှိနေမယ်လို့ ယုံကြည်တယ်။

အိမ်ပြန်ရောက်တော့ ရေမိုးချိုး အထုပ်တွေပြင်ပြီး ကားကြီးဝင်းကို ထွက်ခဲ့တယ်။ ကားကြီးဝင်းမှာ နင့်ကို မတွေ့နိုင်ခဲ့တဲ့ ငါက ဒီကားကြီးဝင်းကနေ နင်ရှိနိုင်တဲ့နေရာကိုတော့ ထွက်လာနိုင်ခဲ့ပါတယ်။

ထွက်ခဲ့တဲ့ခရီးတွေထဲ ဒီခရီးက ငါ့အတွက် အတက်ကြွဆုံးလို့ ပြောရမယ်။ ကားထွက်တော့ ကားပါမှာလည်း မက်ဒေါနားနဲ့ **Westlife** သီချင်းတွေနဲ့ ငါငြိမ့်ပြီး စိတ်ကြည်နေခဲ့တယ်။ ကားမှန်ကနေ ဘေးဘီ ဝဲယာကိုကြည့်တော့ အမှောင်ယံကြီးစိုးတဲ့ ည ဖြစ်နေပြီ။ ကြယ်တချို့က ကောင်းကင်မှာ တလက်လက်နဲ့။ အဲဒီကြယ်ကလေးတွေက နင်ရှိမယ့် နေရာကိုများ လမ်းပြပေးနိုင်မယ်ဆို သိပ်ကောင်းမှာပဲ။ ခုတော့ နင်က ကြယ်တွေတောင် မရှာတွေ့နိုင်အောင် ပျောက်ရှလို့ပေါ့။

ငါ ကလောကို ရောက်သွားတော့ မနက်ခင်းဝေလီဝေလင်း အချိန်။ ဆိုင်ကယ်ကယ်ရီသမားတချို့နဲ့ ဈေးသည်တွေကတော့ ပျားပန်း ခပ်နေခဲ့ပြီ။ လမ်းဘေးကဆိုင်လေးတစ်ဆိုင်မှာ ဝင်ထိုင်ပြီး ကြက်ပေါင်း ခေါက်ဆွဲ မှာတယ်။ နင် စားချင်တဲ့အစားအစာပါပဲ။ ဆိုင်ကလေး ထဲမှာများ နင်ရှိနေမလားဆိုပြီး ငါရှာကြည့်သေးတယ်။ မြူတွေဆိုင်းပြ နှင်းတွေဝေနေတဲ့ ရှမ်းပြည်ရဲ့ ကလောမြို့ကလေးက သိပ်လှတာပဲ။ နင်သိပ်သွားချင်တဲ့ မြို့ကလေးပေါ့။ အငွေ့တထောင်းထောင်းထွက်နေတဲ့ ကြက်ပေါင်းခေါက်ဆွဲလေးနဲ့ မြူဆိုင်းနေတဲ့ ကလောမြို့မနက်ခင်းက ပဏာရပြီး လွမ်းစရာတောင် ကောင်းနေခဲ့တယ်။

နင် မှတ်မိသေးလား။ တစ်ခုသော အဲဒီညနေက နင်က ငါ ဂစ်တာ

တီးတဲ့အနားမှာ စိတ်လိုလက်ရနဲ့ ထိုင်နေခဲ့တာ။ နင့်အမေနဲ့ စကားများလာတယ်လို့လည်း နင်ပြောတယ်။ မျက်နှာကလေးက စူပုပ်လို့ပေါ့။ ပြီးတော့ ငါ့ကို ဂစ်တာတီးပြီး သီချင်းဆိုပြခိုင်းတယ်။ ရတဲ့ သီချင်းဆို ဆိုတော့ ငါက ငါခံတွင်းတွေ့နေတဲ့ သီချင်းလေးဆိုပြတယ်။ ဘိုဖြူရဲ့ လင်းခေးအဝင်။"တောပန်းကလေးတွေနဲ့ လှချင်တိုင်းလှနေတဲ့ မြို့ကလေး' တဲ့။ "လမ်းကလေးတွေကလည်း ကွေ့ကောက်နေပြီးတစ်ဆင့်ထက် တစ်ဆင့်မြင့်လာတဲ့ တောင်တန်းပြာတွေကာရံထားတဲ့ မြို့အဝင်ကလေးနဲ့ တဲ့။ အဲဒီသီချင်းလေးလေ။

ငါဆိုနေရင်း နင်ငိုတယ်သိလား။ ငါက ဘာများမှားသွားပြီလဲ ဆိုပြီး ငါ့ရင်ထဲမှာ ပူသွားတယ်။ နင့်အမေက ဘာပြောလို့လဲ၊ ငါ့ စကားတွေကြောင့်လားလို့ မေးတော့ နင့်ဆီကအဖြေက ငါမထင်ထားတဲ့ အဖြေ ဖြစ်နေခဲ့တယ်။ အဲဒီသီချင်းထဲကမြို့ကလေး မဟုတ်တောင် တောင်ပေါ်မြို့ကလေးတစ်မြို့ကို နင်သိပ်လွမ်းတဲ့အကြောင်း၊ အထူးသဖြင့် ကလောမြို့လေးကို နင်သိပ်သွားချင်နေတယ်ဆိုတဲ့ အကြောင်း။ နင် အသက်ကြီးလာတဲ့အခါ တောင်ပေါ်မြို့ကလေး တစ်မြို့မှာပ နောက်ဆုံး နေ့ဝင်ချိန်တွေကို ဖြတ်သန်းချင်တဲ့အကြောင်း။ "ဘာမှန်း မသိတဲ့ တောင်ပေါ်မြို့ကလေးကို မှန်းဆပြီး လွမ်းငိုနေမိတာ"တဲ့။ သူများ တွေက ပုဂံရောက်ရင် ရင်ထဲမှာ မဖော်ပြနိုင်တဲ့ ဝေဒနာတွေ ခံစားရ တယ်တဲ့။

နင်ကတော့ တစ်မျိုးပါပဲ။ တောင်တန်းဒေသက သီချင်းတွေ နားထောင်တယ်။ တောင်တန်းတွေပါတဲ့ ဝတ္ထုတွေ ရှာဖတ်တယ်။ စိုင်းထီးဆိုင်၊ စိုင်းဆိုင်မောစ်နဲ့ ဘိုဖြူသီချင်းတွေ သိပ်နားထောင်တယ်။ ပြီးရင် ခံစားတယ်။

နင်ပြောဖူးသေးတယ်။ နင်က ရှမ်းစော်ဘွားမျိုးရိုးထဲက လူဝင် စားတာ ထင်တယ်တဲ့။ ဟုတ်ချင်ဟုတ်နေမှာ။ နင်က ကလောဇာတိကိုး။ နင့်ကို နင့်အဖေ တာဝန်ကျတဲ့ ကလောမြို့လေးမှာမွေးပြီး ရှစ်လကြာမှ ငါတို့ မြို့ကလေးဆီရောက်လာတာလို့ အမေပြောဖူးတယ်။ အဲဒီတော့ နင်က ကလောသူပေါ့။ ခုတော့ နင်သိပ်ချစ်တဲ့၊ သိပ်နေချင်တဲ့ တောင်ပေါ် ကလောမြို့လေးမှာ နင်ရှိနေမယ်လို့ ငါယုံကြည်ပါတယ်။

ငါတည်းမယ့် ဟိုတယ်ကိုရောက်တော့ နေမင်းကတောင်တန်းတွေ ကြားထဲကနေ နီးထလာခဲ့ပြီ။ ငါကံကောင်းတာပေါ့။ အရင်ရက်တွေက မြူတွေ ဆိုင်းပြီး ကလောမြို့ကလေးမှာ နေမမြင်ခဲ့ရဘူးတဲ့။ ဒါတောင် နေထွက်တယ် ဆိုပေမယ့် မြူတွေနဲ့ မပီဝိုးတဝါးပါပဲ။ ငါရေမိုးချိုးတယ်။ ချက်ချင်းပဲ ငါမြို့လေးထဲကိုသွားဖို့ ဆုံးဖြတ်တယ်။ ငါ့မှာ နားဖို့ထက် နင့်ကိုပဲရှာဖို့ တက်ကြွနေခဲ့မိတယ်။

ငါတည်းတဲ့ ဟိုတယ်ကလေးက တောင်စောင်းလေးမှာ။ တောင်လေ

အေးအေး တဖြူးဖြူးနဲ့ သိပ်နေလို့ကောင်းတယ်။ ထင်းရှူးပင်တွေက စိမ်းစို အုံ့မှိုင်းပြီး လွမ်းစရာကောင်းလိုက်တာ။ နင်ရော ထင်းရှူးပင်ကလေးတွေ အခောက်မှာများ နင်ကြိုက်တဲ့စာအုပ်တွေ ဖတ်နေမလား။ နင်သိလား။ ငါ့ကျောပိုးအိတ်ထဲမှာ ဆရာမဂျူးရဲ့ "အမှတ်တရ" စာအုပ်ကလေး ပါလာတယ်။ နင်ပထမဆုံးပေးခဲ့တဲ့ စာအုပ်ကလေး ပေါ့။ နင်က ဆရာမဂျူးနဲ့ ဆရာမ မစန္ဒာ ခရေဇီဆိုတော့ ငါပါ ဆရာမဂျူးနဲ့ ဆရာမ မစန္ဒာ ကြိုက်သူဖြစ်ခဲ့ရတယ်။ နင်ကတော့ ခုချိန် ဘယ်စာရေးဆရာကို ပြောင်းကြိုက်နေပြီလဲ ငါသိချင်လိုက်တာ။ ငါတော့ ဆရာမ မစန္ဒာနဲ့ ဆရာမဂျူးပဲ ကြွေနေတုန်းပဲ။

ဆရာမ မစန္ဒာရဲ့ "ကွက်လပ်ကလေးဖြည့်ပေးပါ" ဖတ်ပြီး ငါတို့နှစ်ယောက်ငိုမိတာ မှတ်မိသေးလား။ ဆရာမဂျူးရဲ့ "ဆုံနေရက်နဲ့ လွမ်းလေခြင်း" ကို ဖတ်ပြီးပြန်တော့လည်း နင်နဲ့အတူ ပြင်သစ်က လာဗင်ဒါ ပန်းခင်းကြီးထဲ ငါသွားချင်နေခဲ့မိသေးတာ။ အဲဒီနေ့က တစ်နေကုန် ငါ ကလောမြို့ကို ပတ်ခဲ့တယ်။ ဆိုင်ကယ်တစ်စီးနဲ့ပေါ့။ နင့်နာမည်နဲ နင့်အမေနာမည်ကို စျေးထဲမှာ၊ ဆိုင်တွေဆီမှာ ငါမေးတယ်။ တောင်စောင်းတွေဆီက လမ်းကလေးတွေဆီမှာရောပဲ။ ပြီးတော့ နင်ရှိမလား ထင်မိတဲ့ ကော်ဖီဆိုင်ကလေးတွေ။ ငါတို့ ပြောနေကြ **Cafe Kalaw** ဆိုင်လေးမှာ နင့်ကို သတိရစိတ်နဲ့ နင်ပေါ်လာမလား ထိုင်နေမိခဲ့သေးတယ်။

နောက်တော့ နင်သိပ်ကြိုက်လာခဲ့တယ်ဆိုတဲ့ ဝိုင်တွေရှိတဲ့ **Red House Wine Bar** ကိုသွားထိုင်တယ်။ အဲဒီညက ငါ ဟိုတယ်ကို ပြန်ရောက်တော့ ရှစ်နာရီရှိပြီ။ ငါ့တစ်ကိုယ်လုံး နွမ်းလျချည့်နဲ့နေခဲ့ပြီး မောပန်းတာထက် နင့်ကိုရှာမတွေ့နိုင်တဲ့ စိတ်က ငါ့ကိုတွန်းလှဲဖို့ ကြိုးစားတယ်။

အဲဒီညက ဝရန်တာမှာ ကြယ်လေးတွေ ငေးရင်း ငါငိုတယ်။ ကလောညကလေးက အေးအေးလေးနဲ့ ကြယ်တွေစုံနေခဲ့ပြီ။ နင်နဲ့ငါက ဟိုဘဝက ရေစက်နည်းခဲ့တယ် ထင်ပါတယ်။ မလိုက်ဘဲလည်း နင်က ပြေးတယ်။ မတွေ့နိုင်မှန်းသိလည်း ငါကရှာတယ်။ ကမ္ဘာမြေက ကျဉ်းတယ်တဲ့။ ငါ့အတွက်တော့ ကလောမြို့ကလေးကတောင် ကျယ်ပြော နိုင်လွန်းပါတယ်။ ဆက်သွယ်လို့ ရနိုင်ပါရက်နဲ့ မဆက်သွယ်လာခဲ့တဲ နင့်ကို ငါကရှာနေခဲ့မိတယ်။

လေပြည်အေးအေးက တိုက်ခတ်တော့ အရိုးထဲထိအေးတယ်။ ကလောဒီဇင်ဘာက အနွေးထည်တွေ အထပ်ထပ်နဲ့တောင် အရိုးကွဲ အခေါင် အေးပါရဲ့။ နင့်အတွက်ဝယ်လာတဲ့ အနွေးထည်တွေ၊ လက်အိတ်ကလေးတွေ ထုတ်ကြည့်ပြီး နင့်ကိုလွမ်းနေခဲ့ပြန်တယ်။ နင်က သိုးမွေး အနွေးထည်ကကလေးတွေ၊ လက်အိတ်ကလေးတွေ၊ ခေါင်းစွပ်ကလေးတွေနဲ ဆိုသိပ်လှနေမှာ။ ဟူဒီ အနွေးထည်ကလေးနဲ့ အောက်က အားကစား ဘောင်းဘီဖစ်ဆိုဒ်နဲ့ သိုးမွေး ဖိနပ်ကလေးနဲ့ဆိုလည်း ပဏာရနေမှာ။ စိတ်ကူးတွေနဲ့ အဲဒီရက်မှာ ငါ

ရှုးသွပ်နေခဲ့မိတယ်။

ရုံးဖွင့်ရက်ကျတော့ ရုံးကိုခွင့်လှမ်းတိုင်ရတယ်။ အမေကတော့ ဆူတာပေ့ါ။ အလည်သွားတာ အဲလောက်နေရမလားပေ့ါ။ ငါကလောမှာ သုံးရက်ထိ ဆက်နေတယ်။ ဆိုင်ကယ်တစ်စီးနဲ့ လမ်းတွေထဲမှာ ငါ့ကိုယ်သင်းနံ့တွေ ထပ်အခေါင် ပတ်တယ်။ ခြေရာတွေ ထပ်အခေါင်သွားတယ်။ မျိုက်တောင်ဘက်ကိုလည်း ငါသွားတယ်။ နင်သိလား မျိုက်တောင် အရှေ့က ကုန်းကမူလေးရဲ့ နောက်မှာ ရထားသံလမ်းလေးရှိတယ်။ တောင်နှစ်ခုကြားမှာ ရထားသံလေးလေးရှိတာမို့ သိပ်လှတယ်ပြောရ မယ်။ အဲဒီကုန်းလေးပေါ်ကနေ မြင်ရတဲ့ လမ်းနဲ့ မျိုက်တောင်ရှုခင်း တွေကို ငါငေးတယ်။ နီးဘုရားမှာ လူတွေကို သွားငေးတယ်။

ထူးခြားတဲ့ နှစ်တစ်ရာဘုရားကျောင်းဖြူဖြူကလေးမှာတောင် ငါ ဆုတွေတောင်းနေခဲ့မိတယ်။ နောက်နေ့တွေမှာ အိုးစည်တောင်ကို တက်တယ်။ တောင်တန်းမြင့်မြင့်ပေါ်ကနေ ကြည့်ရတဲ့ရှုခင်းတွေကို နင်ကချစ်တယ်လေ။ ငါမှတ်မိသေးတာပေ့ါ။ ငါတို့အထက်တန်း နောက်ဆုံးနေ့က ငါတို့မြို့ကလေးကနေ ပန်းတစ်ပွင့်တောင်ကို သွားခဲ့ကြ တာလေ။ အဲဒီတုန်းက ပန်းတစ်ပွင့်တောင်ပေါ်ကနေ ရှုခင်းတွေကို ကြည့်ပြီး နင်များ တောင်တန်းတွေဆီမှာနေရရင် နေ့တိုင်း စာလာထိုင်ဖတ်မှာ ဆိုတာလေ။ ခုတော့ နင်ရှိမလားဆိုတဲ့စိတ်နဲ့ အိုးစည်တောင်ကို ငါတက်ဖြစ်တယ်။ အဲဒီအပေါ်ကနေ ကလောအနီးအနား ရွာတွေက ရောင်စုံစိုက်ခင်းလေးတွေနဲ့ ပင်းတယဘက်ကိုသွားတဲ့ ကားလမ်းက တောင်တန်းတွေကိုပါ ငါငေးမောနေခဲ့မိတယ်။

ညနေစောင်းတိုင်း ကိုလိုနီခေတ်က အငွေ့အသက်တွေရှိတဲ့ အနီရောင် ဘူတာကလေးဆီ ငါသွားထိုင်တယ်။ ကလောဘူတာ ကလေးက လှလိုက်တာ။ နင်နဲ့အတူများ ကလောဘူတာကလေးမှာ ထိုင်ခွင့်ရရင် ငါတို့ ဘာတွေများ ပြောဖြစ်ကြမလဲ ငါသိချင်မိလိုက်တာ။ ရထားလမ်းကလေးကို ငေးရင် ငါ လျှောက်တွေးနေခဲ့မိတယ်။ အဲဒီ ဘက်ကိုသွားတဲ့နားက ကလောနာရီစင်ကြီးကတော့ ငါ့ကိုမှတ်မိနေခဲ့ပြီ။ ညဘက်ဆို သိမ်တောင်အပေါ်ကနေ ချိုင့်ဝှမ်းကလေးထဲက ကလောမြို့ ကလေးကို ကြည့်ဖြစ်တယ်။ မီးကလေးတွေ တလက်လက်နဲ့ ကလော မြို့က ဆိတ်ငြိမ်အေးချမ်းနေခဲ့ပြီ။ အဲဒီချိုင့်ဝှမ်းထဲက မြို့ကလေးရဲ့ တစ်နေရာမှာတော့ နင်ရှိနေမှာ။ နင်ဘယ်နေရာမှာများလဲ။ နင့်ကို ပြန်တွေ့ခွင့်ရပါစေပေ့ါ။ နင်ကတော့ အပုန်းကောင်းလွန်းပါတယ်။

နင် သိပ်မြင်ချင်တာပဲ ဆိုတဲ့ မြို့နဲ့ ဝေးတဲ့ ကလောဗျူးပွိုင့်ကို သွားပြီး ရှုခင်းအလှတွေကို ဓာတ်ပုံရိုက်တယ်။ ရှုခင်းကြည့်ရတဲ့ စင်ကလေး အထက်ကနေ ကလောတောင်တန်းစိမ်းတွေကို ငေးတယ်။ ထင်းရှူးပင်ရိပ်တွေ အောက်မှာ ဂျူးစာအုပ်ကလေးကို ဖတ်တယ်။ ဓာတ်ပုံတွေကတော့ ငါ့အခန်းကလေးထဲမှာ

ချိတ်ဖို့ပေါ့။ မနက်ခင်းဆို ကလောစျေးကလေးထဲကိုသွားပြီး ရှမ်းအစားအစာတွေ စားတယ်။ တောင်ကုန်းမြင့်မြင့်ကလေးမှာ တည်ထားတဲ့ လက်ဖက်ရည်ဆိုင်က ထိုင်ပြီး သွားလာနေတဲ့သူတွေကို ကြည့်တယ်။ နင့်ကိုများ အမှတ်မထင် တွေ့ရမလား ဆိုပြီးတော့ပေါ့။ ကျေနပ်ပါတယ်။ ကလောမှာ နေခဲ့တဲ့ရက် တွေဟာ နင်နဲ့အတူရှိခဲ့တဲ့ရက်တွေလို့ တွေးလိုက်တဲ့အခါ ကမ္ဘာမြေက ပျော်စရာအတိ ဖြစ်ခဲ့တယ်။

အပူလွှတ်ပေးထားတဲ့ ဟိုတယ်ခန်းကလေးထဲမှာ အဲဒီညက အိပ်မက်မက်တယ်။ "ကလောမြို့ရဲ့ ညအလှကို တောင်ပေါ်ကနေ ကြည့်နေတုန်း နင်ရောက်လာတာ"တဲ့။ နင်ရော ငါရော သိပ်ပျော်ကြတယ်။ စကားတွေ အများကြီးလည်း ပြောကြတယ်။ ပြီးတော့ ကြယ်တွေကို ရေတွက်ကြတယ်။ ငါက ကြယ်တွေကိုရေရင် သေတတ်တယ် နော်ဆိုတော့ နင်က ဟက်ဟက်ပက်ပက် ရယ်တယ်။ "ငါကလေး မဟုတ်တော့ဘူး" တဲ့။ ကြည့်ပါဦး နင့်မျက်ဝန်းကလေးတွေက တောက်ပလိုက်တာ။ အိပ်မက်ထဲမှာ "နင်အရင်ကထက် ရင့်ကျက်လာတယ်" တဲ့။ ငါ့ကို ဂစ်တာတီးပြခိုင်းတော့ ငါကတီးပြတယ်။ လောကကြီးမှာ ကြယ်ကလေးတွေရယ် နင်ရယ် ငါ ရယ်။ ဂစ်တာသံလေးနဲ့ လေလေးတွေက တဖြူးဖြူးနဲ့ ကြည်နူးစရာပါပဲ။

ငါအိပ်မက်က လန့်နိုးတော့ ငါ့တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူနေခဲ့ပြီ။ ငါဖျားနေခဲ့ပြီ။ ငါ့မျက်ရည်တွေ ကျလာခဲ့ပြန်တယ်။ နင် သိပ်ရက်စက်လွန်းတယ်လို့ ငါမပြောရက်ပါဘူး။ ငါကိုက အစွဲလမ်း ကြီးလွန်းခဲ့တာပါပဲ။ နောက်နေ့တော့ ဖျားနာနေတဲ့ခန္ဓာကိုယ်နဲ့ ငါတို့ မြို့ကိုကြိုးစားပြီး ပြန်ခဲ့တယ်

အပြန်လမ်းမှာ မြင်တွေ့ရတဲ့ တောင်တန်းစိမ်းစိမ်းနဲ့ အကွေ့အကောက်လမ်းတွက ငါ့ရင်ကိုလှုပ်ခတ်လို့ပါပဲ။ ငါ မျက်ရည်တွေ ကျနေခဲ့ပြန်တာပါပဲ။

(၄)

လူတစ်ယောက်က ကိုယ့်ရှင်သန်မှုကို ကိုယ့်ဘာသာ ဂရုစိုက်ရတယ်တဲ့။ ငါ့ဘာသာငါ ရှင်သန်အောင် နေထိုင်တတ်ပေမယ့် နင့်ကိုပါ ငါ့အပါးမှာ ရှင်သန်စေချင်တဲ့စိတ်ကို ငါပယ်ဖျောက်ဖို့လုပ်ရတယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး။ အချိန်တိုင်း သတိရနေတာ မဟုတ်ပေမယ့် နင့်အပေါ်မှာထားတဲ့ မေတ္တာစိတ်မျိုး တစ်ယောက်ယောက်ကို ပြောင်းထားဖို့ မအောင်မြင်ခဲ့တာပါပဲ။

ငါ့ခြံလေးထဲမှာ စံပယ်တွေ၊ နှင်းဆီတွေ ပိုစိုက်ဖြစ်ခဲ့တယ်။ သစ်ခွပန်းလေးတွေ ပိုပျိုးဖြစ်တယ်။ ငါတို့ခြံလေးကို ဈေးကောင်းပေး လာဝယ်ကြပေမယ့် အမေနဲ့ ငါစိတ်တူခဲ့တယ်။ ဂုဏ်ပကာသနတွေနဲ့ နေရတာထက်

ငါတို့လွတ်လပ်မှုကိုပဲ တန်ဖိုးထားခဲ့ကြတယ်။ ပုံမှန်အတိုင်း ကွင်းပြင်စိမ်းကြီးဆီကို ညနေတိုင်း ငါစက်ဘီးစီးသွားတယ်။ ငါဆေးလိပ်တွေ သောက်တတ်လာတယ်။ ကဗျာတွေ တအားဖတ်ဖြစ် လာတယ်။ ငါ့အခန်းထဲမှာ မောင်ချောနွယ်၊ တာရာမင်းဝေနဲ့ မောင်သိန်းဇော်ကဗျာတွေ နေရာပိုပြည့်လာခဲ့တယ်။

ငါလည်း "နင်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကဗျာတွေ အများကြီး ရေးတယ်။ နင်နဲ့ကြိုက်ခဲ့တဲ့ နင့်ရည်းစားဟောင်း ဟိုကောင်လည်း ခုရက်ထဲ မင်္ဂလာဆောင်တယ်။ သူတို့ကျတော့လည်း တစ်ယောက် ယောက်စီကို မေတ္တာတွေ လွှဲပြောင်းဖို့ လွယ်ကူလွန်းပါတယ်။ "ကောင်မလေးက နယ်ဘက်က"တဲ့။ သူ့အိမ်က သဘောမတူဘူးတဲ့လေ။ လမ်းထဲလည်း အဲဒီသတင်းက ဆူညံပွက်လို့ပါပဲ။ "နင်နဲ့ဆိုတောင်သဘောတူမိမှာလို့ သူ့အိမ်က ပြောကြတယ် "တဲ့။

ငါ့ရင်ထဲမှာ တစ်ခုဆုတောင်းပြည့်သွားသလိုပဲ။ နင် ဒီမှာဆက်ရှိမနေခဲ့တာ ကံကောင်းခြင်းပါပဲလို့ပေါ့။ ကြားထဲမှာ ဆူညံပွက်ကြနဲ့ နောက်တော့ မင်္ဂလာဆွမ်းကျွေးနဲ့ ကျေနပ်ကြတယ်။ "ကောင်မလေး က နယ်ကမို့၊ ပြီးတော့ ဆင်းရဲလို့" တဲ့။ ကြည့်ပါဦး။ အချစ်ဟာ ပုံစံခွက်တွေထဲ အလူးအလဲ။ အချစ်စစ်ဟာ မျက်နှာငယ်လိုက်ရတာ။ တိုင်းတာချိန်တွယ်ခြင်းတွေနဲ့ အသားကျနေတဲ့ လောကကြီးက အချစ်ကိုပါ တန်ဖိုးတွေ ဖြတ်လိုက်ကြလို့။ ငါကတော့ အချစ်ကိုအချစ်လို့ပဲ မြင်ခဲ့ပါတယ်။ ပေးဆပ်ခြင်းလည်း မပါဘူး။ ရယူခြင်းလည်း မပါဘူး။

ကျန်တဲ့စံသတ်မှတ်ချက်တွေလည်း မရှိဘူး။ ငါ နင့်အပါးမှာ အမြဲရှိချင်တယ်။ နင့်အပါးမှာနေရရင် ငါပျော်တယ်လို့ ခံစားရတယ်။ မဟုတ်ဘူး အဲဒါကပဲ ငါ့ပျော်ရွှင်ခြင်းဖြစ်နေခဲ့တာ။

သစ်ရွက်တွေကြွေတဲ့ နွေရာသီရောက်တော့ လမ်းလေးထဲမှာ သစ်ပင်တွေက ရိုးတံတွေကျဲကုန်ကြပြီ။ ကလေးတွေက ငါတို့ငယ်ငယ်ကလိုပဲ ဆော့လိုက်ကြ၊ သင်တန်းတွေ တက်လိုက်ကြပါပဲ။ ငါလည်း နင့်ကို သတိရနေဆဲပါပဲ။ အကြောင်းတရားတွေ၊ အကျိုးတရားတွေ တိုက်ဆိုင်လာတဲ့အခါတိုင်းပါပဲ။ မိုး၊ ဆောင်း၊ နွေရာသီအလီလီဟာ နင်နဲ့ငါရဲ့အမှတ်တရတွေပါပဲ။

နင်မှတ်မိသေးလား ငါတို့ငယ်ငယ်က နွေရာသီ အင်္ဂလိပ်စာ သွားတက်ကြတဲ့ ဆရာမအိမ်လေ။ ဘတ်စ်ကားကြီးကိုစီးပြီး အဲဒီလမ်းကို သွားကြရတာ နင်သိဦးမှာပါ။ ကားဂိတ်ကနေ လမ်းလေးထဲကိုတောင် အတော်လျှောက်ရသေးတာ။ အဲဒီလမ်းလေးထဲမှာ နင်နဲ့ငါ့ကို ခွေးလိုက်ဆွဲလို့ မြောင်းထဲ ဆင်းပြေးကြရတာလည်း မေ့မရတဲ့ အမှတ်တရပါပဲ။ ဟိုရက်ကကော့ အဲဒီ လမ်းလေးထဲ ငါရောက်သေးတယ်။ ဆရာမတို့လည်း မရှိတော့ဘူး။ ပြောင်းသွားကြပြီတဲ့။ အဲ့ဒီလမ်းကလေးက

ခုတော့စည်ကားလို့ပါပဲ။ စက်ရုံတွေရှိတဲ့ လမ်းကြီး ဖြစ်နေခဲ့ပြီလေ။ လူနေဆောင်တွေ၊ ဈေးဆိုင်တွေ ပြည့်ကျပ်လို့ပေ့ါ။ လမ်းမပေါ်မှာတောင် ကားတွေက ဟွန်းတတီတီနဲ့ တလိမ့်လိမ့်ပဲ သွားနိုင်တော့တယ်။ အဲဒီလောက်ထိ လူတွေစည်ကားသွားခဲ့ပြီ

တချို့အရာတွေက အဆင့် ဆင့်ပြောင်းလဲခဲ့ကြပေမယ့် ငါကတော့ အတိတ်မှာပဲ ရှင်သန်နေခဲ့တယ်။ နင်ရှိတယ်ဆိုတဲ့ အတိတ်မှာပေ့ါ။

နင်သိလား တချို့အရာတွေက အတင်းလုပ်ယူ ပြောင်းလဲပစ်လို့ မရနိုင်ဘူးဆိုတာ။

(၅)

နင်သိလား ဆိုပြီး အစချိတဲ့ ငါရေးနေကျ ငါ့စာအုပ်ကလေး ဒီရက်ထဲ တစ်အုပ်ကုန်သွားတယ်။ ကုန်တိုက်မှာ ငါစာအုပ်သွားဝယ် ဖြစ်ခဲ့တယ်။ ရုံးနဲ့နီးတော့ နေ့လယ်ကြီး သွားဝယ်တာပေ့ါ။ အဲဒီ နေ့လယ်က မိုးတွေ သဲသဲမဲမဲ ရွာနေတာ။ ကားတွေတောင် မီးထိုးမောင်းနေကြတာ။ ငါ့ဘောင်းဘီ အောက်ခြေတွေမှာ မိုးတွေ ရွှဲနစ်လို့ ထီးကကြီးပေမယ့် ပက်မိုးဖြစ်နေခဲ့တာကြောင့် အောက်တစ်ပိုင်းလုံး မိုးရေတွေစိုနေခဲ့ပြီ

ကုန်တိုက်နားရောက်ခါနီးမှာ အမှတ်မထင် မီးပွိုင့်မိနေတဲ့ ကားတွေရဲ့ လမ်းတစ်ဖက်ကို ကြည့်မိတယ်။ ငါ့ရင်တွေ တဒုန်းဒုန် ခုန်လာတယ်။ မိုးတွေကလည်း သည်းနေတော့ ငါ သေချာရှေ့တိုးကြည့်ရတယ်။ ခေါက်ထီးကလေးတစ်လက်နဲ့ ကောင်မလေး။ လက်ထဲမှာ အိတ်ကလေးတစ်လုံး ဆွဲထားသေးတယ်။ ငါ နင့်နာမည်ကို အားရပါးရ အော်ခေါ်တယ်။ ငါ့မျက်ဝန်းတွေက အပျော်တွေပြည့်နေမှာ အသေအချာပဲ။ ငါလမ်းဖြတ်ကူးဖို့အလုပ် မီးပွိုင့်က စိမ်းသွားတယ်။

ကားတွေ၊ မိုးသည်းတွေ။ နင့်ကို ရှာလို့မတွေ့ခဲ့တော့ဘူး။ ငါ စိတ်တွေ ခုန်နေခဲ့တယ်။ တောင်လိုလို မြောက်လိုလိုပေ့ါ။ နောက်တော့ ငါအနီးအနားက လမ်းတွေထဲ လိုက်ရှာတယ်။ လမ်းမတွေပေါ် ရေတွေက ပြည့်နေခဲ့ပြီ။ နင် သေချာပါတယ်နော်။ နင်သေချာပါတယ်။ နင် မဟုတ်ဘူးဆို ငါ့အမြင်တွေ မှားနေခဲ့ပြီလား။ ငါ့အမြင်တွေထဲ နင် အဲလောက်ထိစွဲငြိနေခဲ့သလား။ ငါမသိချင်တော့ပါဘူး။ ငါ တစ်ယောက်တည်း မိုးရေတွေထဲမှာ ဝမ်းနည်းပြီး မျက်ရည်တွေ ကျလာမိတယ်။

အဲဒီညက စိတ်ထဲမှာ ပေါက်တတ်ကရတွေ ငါတွေးခဲ့မိတယ်။ နင်များတစ်ခုခုဆိုပြီး။ ကိုယ့်အတွေးတွေကို ပြန်ကျိန်ဆဲမိတယ်။ နင် တစ်နေရာရာမှာ အသက်ရှင်နေမှာ အသေချာပါပဲ။ နင်ဟာ မာကျောပြတ်သားတဲ့ သူတစ်ယောက်ပဲ။

နင်ကောင်းကောင်းရှင်သန်နိုင်မှာပါလို ငါယုံပါတယ်။

တစ်နေ့တော့ နင်နဲ့ငါ ပြန်ဆုံကြရမှာပါ အဲဒီညက ခြံထဲမှာ စံပယ်ပန်းရနံ့တွေ မွှေးပျံ့နေခဲ့တယ်။ အဲဒီနေ့ကတော့ မိုးသည်းတယ်ပေါ့။

««« »»»

“တချို့ဝဋ်ကြွေးတွေက

ကိုယ့်ဘာသာ ခံယူထားတာပါပဲ။

ငါနင့်ကိုချစ်နေမိတာ ဝဋ်ကြွေးဆိုရင်လည်း

ငါ ပျော်ပျော်ကြီး ပေးဆပ်မှာပါပဲ

ငါက နင့်ကိုရင်ထဲက ပျော်စေချင်ခဲ့သူပါ”

အဲဒီညနေက နင်နဲ့အတူ စက်ဘီးစီးကြတယ်

ခြံထဲမှာ အပြာရောင်သစ်ခွပွင့်ကလေးတွေ ပွင့်တယ်။ အဲဒီ ညနေက မိုးလည်း နည်းနည်းရွာထားတယ်။ နင်အိမ်ကိုရောက်လာတဲ့ အချိန်က ငါ ရုံးဆင်းနေကျအချိန်။ ဒါပေမဲ့ အဲဒီနေ့က ငါ ရုံးမှာခွင့်တင်ထားတဲ့နေ့။နင်ရောက်လာတော့ ငါဂစ်တာတဒေါင်ဒေါင်နဲ့ လက်ဆော့နေတဲ့ အချိန်ကြီးပေါ့။ တီးတတ်တာလည်းမဟုတ်ဘူးဆိုတဲ့ နင့်အသံကို ကြားထဲက ငါပျော်သွားတာ နင်သိလား။ နင်ကတော့ ဘယ်တော့မှ သိမှာလည်း မဟုတ်ပါဘူး။ နင်က ဘယ်တုန်းကရော ငါ့ရင်ထဲကို ဝင်ကြည့်ခဲ့ဖူးလဲ။ ဒါတွေ ထားလိုက်ပါတော့။ အရာအားလုံးက ငါ့ထိုက်နဲ့ ငါ့ကံပါပဲ။

အဲဒီညနေက နင်ဝတ်ထားတာက ၂၂ ဘောင်းဘီအပွ။ ကာတွန်းရုပ်ကလေးတွေက ချစ်စရာလိုလို ကလေးကလားလေးလိုလိုပဲ။ ပြီးတော့ တီရှပ်အဖြူ လက်ရှည်ခပ်ပွပွရယ်။ တစ်ခါတစ်ခါ နင့်ပုံစံကလေးက ကလေးလေးလိုပါပဲ။ အပြစ်ကင်းစင်ပြီး အူကြောင်ကျားကလေးနဲ့။

ဂြိုဟ်သားမလေး ကမ္ဘာမြေမှားရောက်လာခဲ့တဲ့ ပုံစံကလေးပေါ့။ နင်က နင့်ပုံစံအတိုင်း ဂျစ် စတိုက်တော့တာပဲ။ “ဝက်သားတုတ်ထိုး စားချင် တယ်၊ စက်ဘီးစီးချင်တယ်” တဲ့။

ဒီကကောင်ကလည်း နင်ဂျစ်တိုက်ရင် ငါးမိနစ်တောင် စိတ်အညှိုး မခံချင်တဲ့ကောင်လေ။ အဲဒီတော့ ဂစ်တာကိုဘေးချပြီး စက်ဘီး ကလေးကို ဆွဲထုတ်လာရတော့တာပေါ့။ အိမ်နေရင်း ၂၂ဘောင်းဘီအတို တီရှပ်အမည်း ခပ်ပွပွနဲ့ လိုက်လာရတာပေါ့။

ငါတို့အိမ်လမ်းလေးကနေ ခပ်စိမ်းစိမ်းကွင်းပြင်ကို ဖြတ်သွား ပြီးမှ မြို့ထဲသွားတဲ့ ဘတ်စ်ကားဂိတ်ကို ရောက်တာ။ အဲဒီနေ့ညနေက နင်နဲ့ငါ အဲဒီကွင်းပြင်ကိုဖြတ်ပြီး စက်ဘီးစီးသွားကြတာ။ နင်က နောက် ထိုင်ခုံကို ကားရားခွစီးလို့ ငါနဲ့တကျက်ကျက်ဖြစ်ကြသေးတာ မှတ်မိ လား။ နောက်ဆုံးတော့လည်း ငါပဲ အရှုံးပေးရတာပါပဲ။ နင်ဂျစ်တိုက်ပြီဆို ငါမှမနေတတ်တော့ပဲ။ ငါတို့ဘတ်စ်ကားဂိတ်နားက ဝက်သားတုတ်ထိုး ဆိုင်မှာ ဝက်သားတုတ်ထိုး စားတော့ နင်အကျင့်ပုပ်တာ မှတ်မိသေး လား။ တုတ်တွေကိုချိုး၊ ငါ့ပေါင်ကို ကိုင်သလိုနဲ့ ငါ့ဘောင်းဘီ အိတ်ကပ်ထဲ ထိုးထည့်ခဲ့တာ။ ငါက အံကြိတ်ပြတော့ နင်က မျက်စ မှိတ်ပြတယ်။

တစ်ခါတစ်ခါ နင့်ပုံစံလေးတွေက ငါ့ကို သတ်နေသလိုပါပဲ။ ငါ နင့်ကို တခြားသူလက်ထဲကို အပြီးပေးလိုက်ရမှာလားလို့ တွေးကြည့်မိတိုင်း ငါနာကျင်ရတယ်။ ပိုက်ဆံရှင်းတော့ အန်တီဆိုင်က စားကောင်းလို သမီး ငါးရာ ပိုပေးခဲ့တယ်ဆိုပြီး လုပ်ခဲ့သေးတာ။ ဟိုဘက်ရောက်တော့ ချိုးထားတဲ့ တုတ်ကလေးတွေရေကြည့်ပြီး တော်သေးတယ် ငါပိုပေးခဲ့တာ များလို့တဲ့လေ။ နင့်ပုံစံလေးကိုကြည့်ပြီး ငါရယ်မိတယ်။ အင်း....မိစိတ်ကောင်းကလေးရယ်။ မိပြောင်စပ်ကလေးရယ်။ ရှေ့ဆံပင်တွေကို စုပြီး ဝေါက်တောက်လေးက လုပ်ထားလိုက်သေး။ ဘာမှမလိမ်းထားတဲ့ မျက်နှာကလေးက ဝင်းလို့။

အဲဒီလိုနဲ့ နင်နဲ့ငါ ရပ်နေတဲ့ကားဂိတ်နားကနေ ကားတစ်စီး တလိမ့်လိမ့်နဲ့ဖြတ်သွားတာ နင်မှတ်မိလား။ နင်မှတ်မိတာ ငါသိပါတယ်။ ငါ့ထက် နင်က ပိုမှတ်မိမှာပေါ့။ နင်က စိတ်ထားကောင်းသလောက် အသည်းလည်း နတယ်လေ။ ပြီးတော့ ငါတို့ နေဝင်စအချိန် မြစ်ကမ်း ဘက်ကို စက်ဘီးစီး သွားခဲ့ကြတယ်။ နင့်အသံတွေ တိတ်နေတာ နင်မှတ်မိလား။ ခဏကြာတော့မှ အဲဒီကောင် သောက်ခွက် မပြောင်လွန်းဘူးလား ဆိုပြီး နင်ငါ့ကျောကုန်းကို ထုတာလေ။ ငါ့ရင်ထဲမှာ မကောင်းလိုက်တာ။ ငါက ဘာလို့များ နင့်ကိုအမြဲ ပျော်အောင်ထားနိုင်ဖို့ မွေးဖွားမလာရတာလဲ။ ငါ နင့်ကိုအမြဲပျော်စေချင်တာ နင်သိလား။

ပြီးတော့ နင်မြစ်ကမ်းပါးမှာ အသံထွက်ပြီး ငိုတယ်။ ဟိုကောင့် နာမည်ကိုလည်း အကျယ်ကြီးရွတ်ပြီးဆဲတယ်။ ငါကတော့ စက်ဘီး ကလေး ထောက်ပြီး နင့်ကိုရပ်ကြည့်နေရုံပါပဲ။ ငိုပါ၊ နင် အားရပါးရ ငိုလိုက်။ နင့်ရင်ထဲက ခံစားချက်တွေ အကုန်အစင် သွန်ချပစ်လိုက်။ ပြီးတဲ့အခါ နင့်ရည်ရွယ်ချက်တွေအတွက် နင်လမ်းတွေလျှောက်ရဦး မယ်။ ငါ နင့်အနားမှာ အမြဲရှိမှာပါ။ ဘယ်ထိလဲလို့မေးတဲ့အခါ နင်မလို အပ်တော့တဲ့အထိလို့ ငါ ဖြေချင်တယ်။

နင်ငိုလို့ အားရသွားတော့ ငါတို့မြို့လေးရဲ့ လမ်းမတွေထက် စက်ဘီးစီးကြသေးတယ်။ နင်က စက်ဘီးနောက်ထိုင်ခုံမှာ ဘေးတစ်စောင်းထိုင်ပုံစံ ဖြစ်သွားပြီ။ ပြီးတော့ ငါ့ခါးကို ကိုင်ထားသေးတယ်။ ငါကတော့ နင့်ကို အားပေးစကားတွေပြောတယ်။ ပြီးတော့ စကားလမ်းကြောင်းတွေ လွှဲတယ်။ ရှေ့ဆက်တက်ရမယ့် သင်တန်းတွေ အကြောင်း။ ပြောင်းဖြစ်မယ့် အလုပ်တွေ အကြောင်း။ ငါ့အိပ်မက်တွေ အကြောင်း။ နင်က တစ်ခွန်းမှ ပြန်ခွန်းတုံ့မပြန်ဘဲ နားထောင်တယ်။

တကယ်တော့ နင့်စိတ်တွေက ငါ့စကားတွေထဲမှာ ရှိမနေခဲ့ဘူး။ ငါသိတာပေါ့။ ငါက ငါ့အကြောင်းထက် နင့်အကြောင်းကို ပိုသိဖို့ ကြိုးစားနေခဲ့တဲ့ကောင်ပဲ။ နင်အသိစိတ်တွေလွတ်မနေဖို့ ငါထပ်ခါထပ်ခါ ကြားလား မေးတာ နင်မှတ်မိလား။

အင်းဆိုတဲ့ နင့်အသံ ပြန်ကြားရတိုင်း ငါပျော်ပါတယ်။

စကားပြောရင်း စက်ဘီးနင်းလာတာ အတော်ကြာလာခဲ့ပြီ။ ငါတို့ အိမ်ပြန်ကြဖို့ပြောတော့ နင်က တစ်ခုတောင်းဆိုတယ်။ ၂၄ နာရီဖွင့်တဲ့ မီနီမတ်ကလေးကို ဝင်တယ်။ ဝိုင်တစ်လုံးဝယ်တယ်။ မြေပဲတစ်ထုပ်ဝယ်တယ်။ ငါ့ကိုသောက်မလားဆိုပြီး ဘီယာတွေဆီ လက်ညှိုးထိုးပြတော့ ငါကငြင်းတယ်။ ဝယ်ပြီးတော့ ငါတို့ပြန်ထွက် ခဲ့ကြတယ်။ ရထားလမ်းနဲ့ကားလမ်းအပြိုင် ဖောက်ထားတဲ့ လမ်းပြိုင်ကိုရောက်တော့ နေတောင်ဝင်သွားပြီ။ မီးရောင်ဖျဖျကလေးက ကားလမ်းမကြီးမှာ လင်းစပြုလာပြီ။ ခပ်စိမ်းစိမ်းကွင်းပြင်ကြီးရဲ့ ပလက် ဖောင်းဘေးမှာ ငါတို့ထိုင်ကြတယ်။ နင်က ဝိုင်ကိုဖောက်ပြီး တစ်ချက်ထဲ ကစ်ဖို့လုပ်တော့ ငါတားရပြန်သေးတယ်။ နည်းနည်းစီသောက်ပါဟာ ဆိုတော့ စိတ်ညစ်နေတဲ့နင် ရယ်သေးတယ်နော်။ “ငါတစ်ခါမှ မသောက်ဖူးပါဘူး ဒီတစ်ခါတည်း သောက်ပါရစေ” တဲ့။

ငါက ခွင့်လွှတ်ပါတယ်။ ငါက နင့်ကို စိတ်မညစ်စေချင်တဲ့ ကောင်ပဲလေ။ ဝိုင်အပျော့လေးတွေကတော့ မြို့ပြကမိန်းကလေးအများစု သောက်ကြတာပါပဲ။ လူကြီးတွေကတော့ မသောက်စေချင်ဘူးပေါ့။

နင်သောက်နေမကျတာ သိပ်သိသာတယ်။ တစ်ဝက်လောက်ကုန်တော့ နင် စ စကားများတာပဲ။ နင်က ဟိုကောင့်ကိုသိပ်ချစ်တဲ့အကြောင်း ဟိုကောင်က မျက်နှာများတဲ့ အကြောင်း။ သူခြေလှမ်းပျက်လွန်းအား ကြီးလို့ နင်ကစ အဆက်ဖြတ်တဲ့ အကြောင်း။ တစ်လတောင် မကြာသေးဘူး။ ခုတော့ အသစ်နဲ့ပျော်မြူးနေတဲ့ အကြောင်း။ နင် သူ့ကို ချစ်နေသေးတာ ငါသိတာပေါ့။ နင်က အမှတ်သညာ ကြီးတယ်လေ။ ပြီးတော့ နင် သူ့ကို ဟိုးကတည်းက ချစ်ခဲ့ရတာလေ။ ငါက နင်နဲ့ အဲ့ကောင်ကို အဆင်ပြေတာပဲ မြင်ချင်ခဲ့တာပါ။ နင်ပျော်ရင် ငါကကျေနပ်နေတတ်တဲ့ကောင်ပဲလေ။

နင် ဟိုကောင့်အကြောင်းပြောပြီး အားရပါးရငိုတယ်။ ငါက နင့်ကိုကြည့်ပြီး ရင်ထဲမှာမကောင်းဖြစ်တယ်။ ခပ်ဝင်းဝင်းမျက်နှာ ကလေးက ဖောင်းကားလို့၊ ခပ်တောက်တောက်မျက်ဝန်းကလေးက ခုတော့ မျက်ရည်စတွေနဲ့။ ထောင်နေတဲ့ ဆံပင်ကလေးက ငေါက်တောက် ငေါက်တောက်နဲ့။ တစ်ခါတစ်ခါ ရှိုက်နေတာလေးက ကလေးလေးလိုပဲ။ ဝတ်စားထားတာကလည်း ကပိုကရိုလေး။ မီးရောင်ဖျော့ဖျော့ လမ်းမကြီးရယ် နင်ရယ် ငါရယ်။ ဥဒဟိုသွားလာနေကြတဲ့ ကားတွေရယ်။ ဘာလို့များ ငါက နင့်အတွက်ဆိုပြီး သီးသန့်မမွေးဖွားခဲ့ရတာလဲ။ အခင်ဆုံးသူငယ်ချင်းအဖြစ်နဲ့ မွေးဖွားပြီး နင့်ချစ်သူအဖြစ်နဲ့ နေချင်ခဲ့မိတဲ့ ငါက ဘယ်လိုပုံစံနဲ့ နင့်အနားနေရနေရ အတူရှိနေရရင်ကို ပျော်ပါတယ်။

တကယ်တမ်းကျ ချစ်သူမဖြစ်ရလည်း ငါ ဘာမှမဖြစ်ပါဘူး။ နင် ရှိနေသေးတယ်ဆိုရင်ပဲ ငါ့ကမ္ဘာက နေပျော်ပါတယ်။ သူများတွေ ဟာသ ပြောကြသလိုပါပဲ။ ငါက နင့်ကိုချစ်တယ်။ နင်က ဟိုကောင်ကို ချစ်တယ်။ ဟိုကောင်ကတော့ တခြားသူကို ချစ်နေတာလေ။ တချို့ဝဋ်ကြွေးတွေက ကိုယ့်ဘာသာ ခံယူထားတာပါပဲ။ ငါ နင့်ကိုချစ်နေမိတာ ဝဋ်ကြွေးဆိုရင်လည်း ငါပျော်ပျော်ကြီး ပေးဆပ်မှာပါပဲ။ ငါက နင့်ကို ရင်ထဲက ပျော်စေချင်ခဲ့သူပါပဲ။

ခုနစ်နာရီထိုးခါနီးတော့ နင့် အိမ်က ဖုန်းလာတယ်။ ငါ ကိုင်လိုက်မှ စိတ်ချသွားတာ။ နင်ဘယ်သွားနေတာလဲ မေးတယ်။ ငါနဲ့ အတူ မုန့်သွားစားတာ ပြန်လာပြီ အန်တီဆိုတော့ နင့်အမေက စိတ်ချလက်ချပဲ ဖုန်းချသွားတယ်။ နင်ကတော့ အဲ့အချိန်မှာ ဝိုင်တစ်လုံးနဲ့ ဆွေးနေပြီ။ စက်ဘီးနောက်က ကားရားခွထိုင်ပြီး ငါ့ခါးကိုဖက်တယ်။ မျက်နှာကို ငါ့ကျောကိုအပ်ပြီး သီချင်းအော်ဆိုတယ်။ ကိုကို ဘာလို မုန်းတာလဲတဲ့လေ။ ပြီးတော့ အပေါ်ယံတွေ ချစ်ခဲ့တာလားတဲ့ ။ ဟိုကောင်တော့မသိဘူး ငါကတော့ နင့်ကိုချစ်တာ ရင်ဘတ်ထဲက ချစ်နေမိတာပါ။ နင့်ပုံစံကိုကြည့်ပြီး ငါစိတ်မကောင်းဖြစ်ရတယ်။

နင့်ခြံရှေ့ရောက်တော့ နင်ကအကောင်းအတိုင်းပဲ။ ဝိုင်က သိပ်မှ အကြာကြီး မရီဝေတာ။ တံခါးလာဖွင့်ပေးတဲ့ နင့်အမေကို အမေ သမီးတို့မုန့်သွားစားတာဘာညာဆိုပြီး အေးဆေးပဲပြောတာ ချောလို့။ သူငယ်ချင်း ကျေးဇူးနော် တာ့တာ့ဆိုပြီး အိမ်ထဲဝင်သွားတာ လှည့်တောင်မကြည့်ဘူး။ ငါကတော့ အိမ်ပြန်ရောက်တော့ နင်မျက်နှာနဲ့ အပ်ထားတဲ့ ငါ့အင်္ကျီလေး ကို ချွတ်ပြီး ရင်ခွင်ထဲထည့် လွမ်းရတော့တာပဲ။ ငါ နင့်အနားနေရရင် တော်ပါပြီ။ နင်အသည်းကွဲတဲ့အခါ ဖြစ်ဖြစ်၊ အားငယ်တဲ့အခါ ဖြစ်ဖြစ် ငါရှိနေဦးမှာပါပဲ။ နင်ပျော်ရင် ငါကျေနပ်တယ်။ နင့်အကြောင်းတွေးရင်း နဖူးပေါ်လက်တင်ပြီး ငါ့မျက်လုံးတွေ မှိတ်ထားမိတယ်။

တော်တော်ကြာတော့ အိပ်ရာထဲကထပြီး ငါပြတင်းပေါက် ကနေ မြို့ထဲဘက်ကို လှမ်းကြည့်တယ်။ မီးတွေတောင် အတော်ထိန်နေပြီ။ အံဆွဲထဲက ငါ့ဒိုင်ယာရီလေးကို ထုတ်တယ်။ ရေးလက်စ စာမျက်နှာမှာ စာကြောင်းလေး တစ်ကြောင်း မှတ်ဖြစ်တယ်။ အဲဒီညနေက နင်နဲ့အတူ စက်ဘီးစီးကြတယ်။

««« »»»

“တချို့အချစ်တွေက

ပိုင်ဆိုင်ရဖို့ထက်

သူစိတ်ချမ်းမြေ့နေတာကိုကြည့်ပြီး

ပျော်ရွှင်ပေးခွင့် ရနေတာကိုက

အချစ်ပါပဲ”

မီးတိုင်ကလေးများ

ပန်းလေးတွေဟာ

ကြွေတတ်မှန်းသိပြီးတဲ့နောက်

ငါပထမဆုံးမွေးရန့်တွေ ပေးခဲ့ချင်မိတာ

နင့်ရင်ခွင်ကလေးပါပဲ..

နွေပြီးတဲ့အခါ မိုးလာတယ်တဲ့

ငါ့ဘဝထဲတော့ နင်ပြီးတော့လည်း

နင့်ကိုပဲ ရှိစေချင်ခဲ့တာပါပဲ...

ဒီရက်ထဲတော့ ငါတစ်ယောက်တည်း မှိုင်မှိုင်တွေတွေ သိပ်များ လာတယ်။ နင်နဲ့ပတ်သက်တဲ့ နေ့စွဲလေးတွေကို ခဏခဏ သတိရလာ မိတယ်။ ရုံးမှာဆိုလည်း တစ်ယောက်တည်း အလုပ်ထဲကို စိတ်နှစ်နေတယ်။ နားချိန်ဆို နားကြပ်တပ်ပြီး သီချင်းတွေဖွင့် မှိန်းနေခဲ့မိတယ်။ တခြားသူတွေက ငါ့ကို ဘာဖြစ်နေတာလဲလို့ တစ်ယောက်ပြီးတစ်ယောက် လာမေးကြတယ်။ ငါဘာမှ မဖြစ်ဘူးထင်တာပဲ။ အမေက ငါ့ကို နားပူနားဆာ ခဏခဏလုပ်တယ်။ တကယ်တော့ ခုရက်ထဲ ငါမလိမ္မာ ဖြစ်လာခဲ့တာ ဆိုပါတော့။

ထမင်းကို အချိန်မှန်မစားဖြစ်ဘူး။ အမေထည့်ပေးလိုက်တဲ့ ထမင်းဘူးကလေးဟာ ရုံးမှာစားဖြစ်ချင်မှ စားဖြစ်တယ်။ အိမ်ကို ပကတိအတိုင်း ပြန်ပါလာတဲ့ရက်တွေ ရှိလာတယ်။ အမေကတော့ တပွစိစိပေါ့။ ညနေဘက်ဆို ငါ့ခန္ဓာကိုယ်ဟာ နုံးချည့်နွမ်းလျနေခဲ့တယ်။ ဘားတွေကို သွားတယ်။ ဖော့ကာတွေ ဘရန်ဒီတွေ တစ်ခွက်ပြီးတစ်ခွက် သောက်တယ်။ အိမ်ပြန်လာရင်လည်း အိပ်ရာပေါ်မှာ ခွေတယ်။ ကဗျာ စာအုပ်တွေကိုဖတ်ပြီး ဖတ်ခဲ့တဲ့နေရာအတိုင်း ထားတယ်။ စာအုပ်တွေက ပြန့်ကျဲပြီး အခန်းထဲ ရှုပ်ပွနေတာပဲ။

ကွင်းပြင်စိမ်းကြီးထဲက ကားလမ်းမဆီ မရောက်တာ တစ်ပတ် ရှိပြီ။ ဂစ်တာကလေးကလည်း အခန်းထောင့်မှာ လဲကျလို့ပေါ့။ ငါ ဘာဖြစ်နေခဲ့တာလဲ။ ညနက်နက်ထိ အိပ်မပျော်တဲ့ညတွေ ဖြစ်လာတယ်။ ဘီယာပုလင်းတွေ အများကြီး

အမေမသိအောင် ခိုးသောက်တယ် မနက်ဆို အမေ မသိအောင် ပုလင်းခွံတွေ အိတ်မည်းနဲ့ထုပ်ပြီး အမှိုက်ကောက်တဲ့ ကလေးတွေကိုပေးရတယ်။ တစ်ခါတစ်ခါ **Alcohol** ပါတာ များတဲ့ ပုလင်းအမျိုးအစားတွေပါ ပါပါလာတယ်။ ခေါင်းတွေက တစစ်စစ် ထိုးထိုးကိုက်တတ်လာတယ်။ ငါ ရောဂါ တစ်ခုခု ခံစားနေရပြီ ဆိုတာ ငါသိလိုက်တယ်။

ငါဘာတစ်ခုမှမဖြစ်မီ နင့်ကို တွေ့ချင်တယ်။ နင့်ကို လောကကြီးမှာ ပျော်ပျော်ကြီး ထားချင်သေးတယ်။ နင်လိုသမျှ ဖြည့်ဆည်းခွင့်ရပြီး နင့်အပါးမှာ နေချင်သေးတယ်။ နင်နဲ့ လက်ထပ်ချင်တယ်လို့ဆိုနေတာ မဟုတ်ဘူးနော်။ နင့်အပါးပဲ နေချင်ခဲ့တာ။ ညဘက်ဆို ငါ့ပြတင်းတံခါးကနေ မြို့ထဲကို ငေးမောကြည့်တယ်။ တိုက်တွေက တစ်နေ့ထက်တစ်နေ့ အစွယ်တွေပိုရှည်ပြီး များလာခဲ့ကြတယ်။ မီးရောင် ကလေးတွေက တဖိတ်ဖိတ်။ ခြံထဲမှာ ငါစိုက်ထားတဲ့ ပန်းပင်တွေက အပြိုင်အဆိုင်ပွင့်နေခဲ့ကြပြီ။ နှင်းဆီဖြူကလေးတွေက မွှေးပုံဝင့်ကြွားလို့။ သစ္စာရဲ့ သင်္ကေတပါပဲ။ စံပယ်တွေကတော့ ခြံအနှံ့၊ လမ်းအနှံ့ ထုံသင်း လို့ပါပဲ။ စောင့်ဆိုင်းခြင်းရဲ့သင်္ကေတပဲပေါ့။

ပန်းကလေးတွေက ညဘက်ဆို အပြိုင်အဆိုင် လှလှပပ ဖူးပွင့်ကြတယ်။ မွှေးပျံ့ကြတယ်။ မနက်ခင်းတွေမှာ အပြိုင်အဆိုင် ခူးဆွတ်ခံရသူတွေနဲ့ ဝင့်ကြွားကြလို့ပါပဲ။ ဒါပေမဲ့ သူတို့ အရမ်းကိုဝမ်းနည်းရတဲ့ အချိန်တွေ ရှိတယ်။ သူတို့ကြွေချိန်တွေပေါ့။ နွမ်းလို့ပဲကြွေကြွေ၊ ပယောဂ ကြောင့်ပဲ ကြွေကြွေ နောက်ဆုံးကြွေကြရတာပါပဲ။ ပန်းကလေးတွေဟာ ကြွေတတ်မှန်း သိပြီးတဲ့နောက် ငါပိုကြောက်လာခဲ့တယ်။ ငါရော အခန့်မသင့်ဘဲ ကြွေကျသွားခဲ့ရင်ရော။ ငါ့ကမ္ဘာကြီး မှောင်မည်းတိတ်ဆိတ်။ ငါ့အခန်းလေးထဲမှာ ဘယ်တုန်းကမှ ပြတင်းတံခါးမရှိခဲ့သလို မွန်းကျပ် လာတယ်။ နင်သိလား ပန်းကလေးတွေဟာ ကြွေတတ်မှန်းသိပြီးတဲ့ နောက် ငါ နင့်ကို သိပ်တွေ့ချင်လာမိတယ်။

(၁)

ငါ့အသက် ၁၃ နှစ်။

မိုးရွာတဲ့ နေ့တွေဆို နင့်လွယ်အိတ်တွေ ကူသယ်ရတယ်။ နင်မပေးလည်း ငါကိုယ်တိုင်က သယ်ပေးချင်ခဲ့မိတာ။ နင်က အရင် ကထက် ပိုချောလာတယ်။ ဆံပင်က ကုပ်ဝဲလေး ဖြစ်လာခဲ့တယ်။

လမ်းလျှောက်တဲ့အခါ သိပ်ပဲများလာတယ်။ အမြဲတမ်းစနေကျငါ့ကို နင် စိတ်ဆိုးတတ်လာတယ်။ သနပ်ခါးတွေကို အကွက်ညီညီ ကွက်တတ် လာတယ်။ ပန်းတွေကို မြတ်နိုးတတ်လာတယ်။ ကမ္ဘာကြီးက အမြဲ ပြောင်းလဲနေတယ် ဆိုတာကို

ငါ ယုံလာတယ်။ နင်က အရင်ကထက် ပြောင်းလဲလာတယ်။ ဒါပေမဲ့ စွာတာတော့ မပြောင်းလဲပါဘူး။ ငါကတော့ နင့်ကိုတင်ပြီး စက်ဘီးနင်းနေကျ မပြောင်းလဲပါဘူး။ နင် ငါ့ခါးကိုဖက်ရင် ယားသလိုလို၊ တစ်ခုခုဖြစ်သလို ခံစားတတ်လာတယ်။ မနက်တိုင်း နင်ပြင်လို့ဆင်လို့ မပြီးသေးတာကို ထိုင်စောင့်ရတာကို ပျော်တတ်လာတယ်။ နင့်အမေတိုက်တဲ့ ကော်ဖီကို အရင်ကထက် ပိုကြိုက်တတ်လာတယ်။ ငါ ပန်းပင်တွေ စိုက်တတ်လာတယ်။ နင်ပန်းတွေ ကြိုက်တတ်မှန်း သိပြီးတဲ့နောက်ပေါ့

ကွင်းပြင်စိမ်းကြီးရှိတဲ့ ကားလမ်းကို ညနေဘက် စက်ဘီးအတူ စီးထွက်ရတာ မြတ်နိုးလာတယ်။ ဘတ်စ်ကားဂိတ်မှာ ဝက်သားတုတ်ထိုး စားရတာ အရသာတွေ့လာတယ်။ ကြယ်ကလေးတွေခေါက်ပြီး ဖန်ပုလင်းထဲ စုရတာ ဝါသနာပါလာတယ်။ နင်ရော ငါရော ဝတ္ထုစာအုပ်တွေ ခိုးဖတ်တတ်လာကြတယ်။ ကြယ်တွေကို ညဘက် စာကျက်ရင်း ပြတင်းက ခဏခဏ ကြည့်ပြီး ကြည်နူးတတ်လာတယ်။

အဲဒီကာလတွေမှာ အမှတ်ရဆုံးနေ့တွေလည်း အများကြီး ရှိခဲ့တယ်။ နင့်ကြောင့် ငါစိတ်တိုရတာရှိတယ်။ နင့်ကြောင့် ငါ ပျော်ရတာတွေရှိတယ်။ ငါ့ကြောင့်တော့ နင်ပျော်ခဲ့ရတာ များခဲ့မှာပါ။

နင်သိလား အဲဒီတစ်နေ့ကတော့ ငါ့အကြောင်းငါ ပိုသိခဲ့ရတဲ့ နေ့ပါပဲ။ မြို့ထဲကိုသွားတဲ့ ဘတ်စ်ကားကြီးပေါ်မှာ နောက်ကို လက်တစ်ဆုပ်လောက် ထွက်နေတဲ့ သားရေဇိနပ်ကြီးကို စီးထားတဲ့ နင်ရယ် ဒေါက်အမြင့်ဖိနပ်အပြတ်ကို လက်ကဆွဲထားတဲ့ ငါရယ်။ ကျပ်သိပ်နေတဲ့ ကားပေါ်မှာ အိုက်လှောင်နေတာပါပဲ။ နင်က ငါ့အင်္ကျီနဲ့ငါ့လက်ကို ကျစ်ကျစ်ပါဆွဲထားလို့။ စပယ်ယာက အော်ငေါက်ဆူဆဲ။ ငါကတော့ အဲဒါကိုပျော်နေခဲ့တာ။ လမ်းမတွေကို လျှောက်တယ်။ ကုန်တိုက်တွေကို ဝင်တယ်။ နင်စားချင်တာတွေ ငါတို့ လျှောက်စားကြတယ်။ နင် ငါ့လက်တွေကို အတင်းဆွဲဆွဲကိုင်တိုင်း ငါ့မှာ ဝေဒနာတစ်ခုခုရတယ်။ ငါ့အင်္ကျီစကိုယူပြီး နင့်မျက်နှာကို သုတ်လိုက်တိုင်း ငါ့ရင်ခုန်သံတွ နင်ကြားမှာ ငါကြောက်တယ်။ အဲဒီတော့ ငါက ပြန်ပြန် ဆွဲတယ်။ နင်က ငါအသုတ်မခံချင်လို့ထင်ပြီး အတင်းလိုက်သုတ်။ ငါက ပြေးတယ်။

အဲဒီနေ့တုန်းက ငါ့မှာ ဖိနပ်မပါတော့ ကတ္တရာလမ်းအပူနဲ့ အရည်ကြည်ဖုတွေ ပေါက်ခဲ့တယ်။

ငါ့ရင်ထဲမှာ နင့်ကို တစ်ခုခုဖြစ်နေသလိုပဲ။ အီလည်လည်ကြီးပေါ့။

နင်သိလား။

နင်အရမ်းလှလာတယ်။

အဲဒီနောက်ပိုင်းမှာလည်း ငါတို့တွေ တတွဲတွဲနေကြတာပဲ။ စာသင်ခန်းတစ်ခန်းတည်း အတူနေတယ်။ ငါက အခေန်းဆို နင်လည်း အခေန်း လိုက်နေတယ်။ အဲဒီတုန်းက အမှတ်နဲ့ အဆင့်နဲ့ နေကြတဲ့ စနစ်လည်း မဟုတ်ဘူး။ ကျောင်းဖွင့်လို ခုဦးနိုင်ရင် ကိုယ်နေချင်တဲ့ အခန်း နေရတယ်။ ငါတို့ နှစ်ယောက်စလုံးက အခေန်းခရေဇီပဲ။ ကျောင်းဖွင့်တဲ့ရက် ရောက်တာနဲ့ ခုံဦးပြီပဲ။ ပျော်စရာလည်း ကောင်းခဲ့ကြတယ်။ ကျောင်းဝတ်စုံအသစ်တွေ ဝတ်ပြီး လိပ်ပြာကလေးတွေလို စိန်ပန်းကြွေတွေကြားထဲ ပြေးလွှားကြပေါ့။

ငါ့ဘောလုံးပွဲတွေကို နင်ကလိုက်အားပေး။ နှင့်ပန်းဖွားအကက ကတိုင်း ငါကလိုက်ပေးပေါ့။ ပျော်စရာကောင်းခဲ့ပါတယ်။ အခန်းထဲမှာ ဆရာမ မလာခင်စကားများတဲ့သူ နာမည်မှတ်တိုင်း နင်ရော ငါရော ပါနေကြပဲ။ ငါတို့နှစ်ယောက်လုံး စကားသိပ်များကြတယ်။ သူ့အတန်း မဝင်ခင် တရားထိုင်ရတဲ့ ဆရာကြီးအချိန်ဆိုလည်း ငါတို့နှစ်ယောက်လုံး ဆော်ပလော်တီးခံရတယ်။ ဆရာကြီး တိတ်တိတ်ကလေးလျှောက် ကြည့်နေချိန် ငါတို့ နှစ်ယောက်လုံးက ဆရာကြီးလာပြီလား မျက်စိဖွင့် ခိုးရှာတာနဲ့ အမြဲမိတာပဲ။ ခေါင်းကို ခွပ်ခနဲမြည်အောင် အခေါက်ခံရတော့တာပဲ။ ငါတင်လားဆို နင်ရောပဲ။ ငါတို့နှစ်ယောက်လုံးက အတိုင်အဖောက်တွေလည်း သိပ်ညီလို့ပါပဲ။

အဲဒီနှစ်ပိုင်းက ပျော်စရာကောင်းတယ်။ ငါ့အဖေပြန်လာရင် ပါပါလာတတ်တဲ့ ခေါက်ဆွဲကြော်ဘူးကို နှစ်ယောက်လုစားရတာလည်း အမှတ်ရစရာပဲ။ မိုးတွေရွာရင် မိုးရေထဲ ထွက်ကစားရတာလည်း ပျော်စရာတွေပါပဲ။

အဲဒီနှစ်ပိုင်းမှာ နင် နှုတ်ခမ်းနီ စဆိုးတတ်လာတယ်။

(၂)

ငါ့အသက် ၁၄ နှစ်။

ငါ့နှုတ်ခမ်းမွေးလေးတွေ ရေးရေးကလေး ဖြစ်လာတယ်။ “နင်က အဲ့ဒါကို အသည်းယားလို့” တဲ့။ ငါဘာဖြစ်သွားတယ် မသိဘူး။ ရင်ထဲမှာ ပြည့်ပြည့်ကျပ်ကျပ်ကြီး။ နင့်နှုတ်ခမ်းကလေးတွေကရော ပန်းရောင် ပိုသမ်းလာတယ်။ ကိုးတန်းဘီကကောင်တွေက နင့်ကို မြင်တိုင်း စတယ်။ ငါ အဲ့ကောင်တွေကို တစ်ခုခုပြန်လုပ်မိမှာစိုးလိုထိန်းရတယ်။ နင့်ဆံပင်ကုပ်ဝဲလေးက ဟိုဘက်လှည့်လှည့် ဒီဘက် လှည့်လှည့် ကြည့်ကောင်းလာတယ်။

ငါ အမေ့ကို မေးကြည့်တယ်။ နင့်ကို တို့အိမ်ကိုခေါ်ထားပြီ ညီမလေးလို မွေးထားလို့ရလားလို့ပေါ့။ အမေက ရယ်တယ်။ ခုလည်း မောင်နှမတွေပဲတဲ့လေ။

ဟုတ်တာပေါ့။ နင်နဲ့ငါက ဟိုးကလေးဘဝ ကတည်းက တစ်လမ်းတည်း စားအတူ၊ သွားအတူ နေခဲ့ကြတာပဲ ငါ့ညီမလေးပါပဲ။ ဟုတ်တယ် အဲဒီတော့ ငါနင့်ကိုပိုင်တယ်။ နင့်ကို တခြားကောင်တွေ လိုက်ကြည့်ရင်လည်း ငါမကျေနပ်တော့ဘူး။

ငါ့ပုံစံက မင်းသားတွေနဲ့တူလာတယ်လို့ နင်ကပြောတတ်လာ တယ်။ ဘယ်မင်းသားနဲ့ တူလဲလို့မေးတော့ နင်က ပေါက်တတ်ကရ ဖြေတယ်။ "စိုင်းအောင်တင့်" တဲ့။ ပြောပြီးတာနဲ့ လွတ်အောင်ပြေးတယ်။ ငါက စာအုပ်ကိုလိပ်ပြီး လိုက်ရိုက်တယ်။ ညနေဘက်ဆို လေတွေ ကျလာရင် နင်နဲ့ငါ သစ်ရွက်တွေ ကြွေကျလာတာ လိုက်ဖမ်းတယ်။ ရလာတဲ့သစ်ရွက်တွေကို စာအုပ်တွေကြားထဲ ညပ်သိမ်းတယ်။ သစ်ရွက် အပေါ်မှာ စာလုံးလေးတွေ ရေးတယ်။

ငါက "နွမ်" လို့ ရေးသိမ်းပြီး နင်က "သော်" လို့ ရေးသိမ်းတယ်။ ငါ မျက်ထောင့်နီနဲ့ကြည့်တိုင်း နင်က ဆောရီး ဆိုပြီး လျှာထုတ် ပြတယ်။ ပြန်ပြင်လို့ ငါဒေါသထွက်ထွက်နဲ့ပြောရင် နင်က ဇက်ပု ပြတယ်။ ပြီးမှ အိုကေ လုပ်တာ။ နောက်တစ်ရွက်ရေးတော့ ငါက သေချာလိုက်ကြည့်တယ်။ ဂျူနို ဆိုမှ ငါ့မျက်နှာဖြီးသွားတတ်တာ။ အဲဒီအခါ နင်က ငါ့ကိုပြောသေးတယ်လေ။ "သော် ဆိုတော့ရော ဘာဖြစ်သွားလို့လဲ အမြင်ကတ်တယ်" တဲ့။ ငါမှ မကြိုက်တာဆိုတဲ့တစ်ခွန်းနဲ့ ရပ်ပစ်လိုက်ကြတယ်။ အဖေက ဂျူနိုကလေးလို့ ခေါ်တိုင်း ငါသဘောကျမိတယ်။ ဒီနာမည်ကိုခေါ်တာဆိုလို့ အဖေနဲ့ နင်ကလွဲလို့ ဘယ်သူမှမရှိခဲ့ဘူး။ ရိုးရာအစွဲကြီးတဲ့ အမေကတော့ သော်ပါပဲ။

အဖေ ဂစ်တာတီးတိုင်း နင်နဲ့ငါ အနားသွားထိုင် နားထောင် တတ်လာတယ်။ နင်တို့အိမ်က ငါတို့နှစ်အိမ်ကျော် မျက်စောင်းထိုးက ဆိုတော့ နင်တို့အိမ်က စိတ်ချတယ်။ ပြီးတော့ နင်နဲ့ငါ့ကိုဆို မောင်နှမလိုပဲ စိတ်ချကြတာလေ။ အဖေ ဂစ်တာတီးတိုင်း နင်နဲ့ ငါ သီချင်းတွေ လိုက်အော်ဆိုတတ်လာကြတယ်။ အဖေက ပျော်နေခဲ့တာ။ နင်နဲ့ငါ အဆိုတော် ဘယ်သူရဲ့ သီချင်းအသစ်ထွက်ထွက် ထွက်သမျှသီချင်းတိုင်းလည်း ရလာကြတယ်။ အထူးသဖြင့် အချစ်သီချင်းလိုလို ဘာလိုလို တွေပေါ့။

နင်ကလည်း ဂစ်တာချစ်တယ်။ ငါကလည်း ဂစ်တာချစ်တယ်။

အဲဒီနောက်တော့ အဖေ့ဆီက ငါဂစ်တာတီးနည်းအမွေ ရလာခဲ့တယ်။ အဖေက စိတ်ရှည်လက်ရှည် သင်ပြတယ်။ အမေကတော့ တဖျစ်တောက်တောက်ပါပဲ။ အထက်တန်းအောင်မှ သင်မပေးရကောင်းလားပေါ့။ ဖျက်ဆီးနေတာတဲ့။ ငါနဲ့အဖေကတော့ အမေ့ကို မျက်စောင်းတခဲခဲပေါ့။ အဲဒီတုန်းက အဖေနဲ့ငါကတော့ စည်းဝါးတွေညီလို့ပေါ့။ အဖေတီးနေကျ ဦးတိုးကြီးနဲ့ ဦးထီးသီချင်းတွေများဆို နင်နဲ့ငါ ငြိမ်ကျ လို့ပဲ။ ငါတို့နှစ်ယောက်က သီချင်းသိပ်ကြိုက်တာလည်း တူနေခဲ့ပြန် တာ။

ငါ ဂစ်တာတီးသင်တိုင်း နင်က ဘေးကလိုက်ကြည့်တယ်။ သီချင်းတွေ ကူဆိုပေးတယ်။ ဒါပေမဲ့ မတီးလည်းမတီးတတ်ဘူးလို နင်က အမြဲအနိုင်ယူတယ်။ ငါမျှား အိမ်မှာသာမရှိရင် နင်က အဲဒီ ဂစ်တာကြီးယူပြီး တဂွမ်ဂွမ်လုပ်တာ။ လူက ပိစိကလေးနဲ့ ဂစ်တာနဲ့ရယ်စရာလည်း သိပ်ကောင်းတာ။ ငါမိလို့မျှား လှောင်ရင် နင်ကရှက်ပြီ စိတ်ကောက်တတ်သေးတာ။

ဒီနှစ်ပိုင်းထဲမှာ ငါ့အနားမှာ နင်ရှိတိုင်း ငါပိုပျော်တတ် လာတယ်။

ညမှောင်လို့ နင်အိမ်ပြန်ပြီဆိုငါပျင်းနေခဲ့ရတယ်

(၃)

ငါ့အသက် ၁၅ နှစ်။

နင့်ဆံပင်တွေ ရှည်လာတယ်။ နှစ်ဖက်ခွဲစည်းတိုင်း ကြည့်ရတာ တစ်မျိုးဖြစ်လာတယ်။ ဘော်ဒါဆောင်တစ်ခုတည်း အတူတက်ခွင့် ရတယ်။ ငါတို့ မြို့ဘက်ကလူတွေ သိပ်မသိကြသေးတဲ့ Pivrate ကျောင်းကို ထားချင်တဲ့ လူကြီးတွေက ငါတို့နှစ်ယောက်ရဲ့ဆန္ဒအရ သာမန် အထက်တန်းကျောင်းနဲ့ ဘော်ဒါဆောင်နေခွင့်ကို ရွေးခဲ့ကြတယ်။ ငါတို့စကားပြောချိန်တွေ နည်းလာတယ်။ ငါက နင့်ကို အမြဲ ဂရုစိုက်ရတယ်။ နင်က အချိုးတွေ ပြောင်းလာခဲ့တယ်။ အဲဒီနှစ်မှာ နင် ရည်းစား ထားတယ်။

တစ်နေ့ နင် အတန်းထဲမှာ ဆရာမ မေးတာ မဖြေနိုင်ဘူး။ ထက်မြက်တယ်ဆိုတဲ့နင့်ကို ငါက ကျောင်းချိန်နားတော့ ရီသွဲ့သွဲ့ လှောင်တယ်။ နင်က ငါ့ကို ကုတ်ဆွဲတယ်။ ငါ့ပါးမှာ သွေးတွေစို့လို့ ငါမျက်ထောင့်နီနဲ့ ကြည့်မိတော့ နင်က မျက်ရည်ကျတယ်။ ငါတို့ နှစ်ယောက် ရန်ဖြစ်တတ်လာတယ်။ ငါ့အသံတွေက အဓာရှရှဖြစ်လာခဲ့တယ်။ နင်ကတော့ ကပိုကရိုလေးပဲ။ ဆံပင်ကို ငေါက်တောက်တွေ စည်း။ ဘုထုံးတွေထုံး။ တစ်ခါတစ်ခါ သနပ်ခါးဘဲကျားနဲ့ jjအပွနဲ့ မုန့်စားထွက်တုန်း။ ဒါပေမဲ့ နင့်ကိုကြိုက်တဲ့ကောင်တွေထဲက နင် တစ်ယောက်ကို ရွေးလိုက်တယ်။

အဲဒီညက ငါအိပ်မရဘူး။ ဟိုကောင်က နင်က သူ့စော် ဖြစ်ပြီဆိုပြီး ယောက်ျားလေးအတန်းထဲမှာ အော်ကြွားတာ။ အဲဒီရက်တွေထဲ ငါ ထမင်းစားမရဘူး။ ရင်ပြည့်သလို ရင်ကယ်သလို။ နင့်ကို ခိုးခိုးကြည့်တတ်လာတယ်။ ဘော်ဒါဆောင်ပိတ်တဲ့ တစ်ရက်က ငါတို့ အိမ်ပြန်ကြတယ်။ ကွင်းပြင်စိမ်းကြီးကို ဖြတ်တော့ ငါမနေနိုင်တော့လို နင့်ကိုမေးမိတယ်။ ဘာလို့ နင်ရည်းစား ထားတာလဲဆိုတော့ “ငါ့ကို ကြိုက်ရက်သားနဲ့ မသိချင်ယောင်ဆောင်တဲ့ကောင်ကြောင့်” တဲ့ ငါ့ရင်ထဲမှာ ဘယ်လိုမှန်းမသိ

ခံစားရပြန်တယ်။

အဲဒီညနေက နင်နဲ့ငါ ကွင်းပြင်စိမ်းထဲက လမ်းမပေါ်မှာ ရန်တွေ ဖြစ်ကြတယ်။ အဲကောင်နဲ့မကြိုက်ဖို့ ငါက တားတယ်။ ရည်းစားဆိုတာ ဘာလဲလို့လည်း မေးတယ်။ နင်က အရွဲ့တိုက်တာလို့ ဖြေတယ်။ အရွဲ့က ဘာလဲနဲ့ နင်နဲ့ငါ အင်္ဂါဟာစ် ပေါက်ကွဲ ရန်ဖြစ် ငိုယိုကြတယ်။ နောက်ဆုံး ရထားလမ်းမပေါ်မှာ ရထားနှစ်စင်းက လမ်းနှစ်ခုပေါ်မှာ အပြိုင်လာကြတယ်။ မျက်နှာချင်းဆိုင်လာကြတာ။ ခုတ်မောင်းသံတွေက ဆူညံပြီး ငါတို့အသံတွေကို ဖုံးလွှမ်းသွားကြတယ်။ ရထားနှစ်စင်းက နောက်တော့ ကျောခိုင်းပြီး ဆန့်ကျင်ဘက်ကို ထွက်သွား ကြတယ်။

အဲဒီညနေက နင့်အိမ်ကို ငါ စက်ဘီးနင်းလိုက်ပို့တယ်။ နင်က ငါ့အသားကို တစ်စက်မှမထိခဲ့ဘူး။ အသံတွေလည်း တိတ်ဆိတ်လို့ပါပဲ။ ကွင်းပြင်စိမ်းကြီးလိုပဲ ငါတို့နှစ်ယောက်လည်း ခြောက်ကပ်တိတ်ဆိတ်လို့ပဲ။ တိတ်ဆိတ်ခြင်းနဲ့ မီးတိုင်တွေကို ဖြတ်ကျော်ဖြစ်ခဲ့ကြတယ်။

နင်သိလား။ ငါသိပ်ကြောက်ခဲ့ပါတယ်။ နင် ငါ့ကို ပြန်စကားမပြောတော့မှာကိုပေါ့။ နောက်တော့ ရက်ပိုင်းပဲကြာတယ်။ အဲ့ကောင်နဲ့ နင်ပြတ်သွားတယ်။ အဲဒီနှစ်ပိုင်းမှာ နင်နဲ့ငါ ရန်ခဏခဏဖြစ်တယ်။ ဒါပေမဲ့ တွေ့ရန်ဖြစ် မတွေ့ချောင်းကြည့်ပါပဲ။

(၄)

ငါ့အသက် ၁၆ နှစ်

ဘဝမှာ လုံးဝထင်မထားတဲ့အရာတွေ ဖြစ်ခဲ့တယ်။ ဖိုက်တာကျကျ ကောင်တွေများတဲ့ ငါတို့မြို့ဘက်မှာ အဖေ ဆိုင်ကယ်အက်ဆီးဒင့်နဲ့ဆုံးတယ်။ သာမန်ရိုးရိုး သေဆုံးတာတော့ မဟုတ်ဘူး။ ငါတို့အိမ်မှာ ဆင်တူအင်္ကျီတွေ ခြေချင်းလိမ်ပေါ့။ အမေကတော့ အရုပ်ကြိုးပြတ်။ ငါကတော့ ဂစ်တာကြီးကို ရင်မှာပိုက်ပြီး အခန်းထောင့်မှာ ကြေကွဲဆို့နင် ငါ့လက်ဖဝါးပေါ် အုပ်မိုးလာတဲ့ အဖေ့လက်တွေ။ ပူနွေးပြီး ရင်ကိုနွေးထွေးစေတဲ့ အထိအတွေ့တွေ။ ဒါက C၊ ဒါက အမိုင်းနား။ အဖေ့အသံတွေ ပဲ့တင်ထပ်။ အဖေနဲ့အတူ ငါတို့ မြို့ဘက်တစ်ကြောအနှံ့ ဆိုင်ကယ်စီးခဲ့တာတွေ။ အဖေနဲ့ တွေ့တဲ့လူတိုင်းက အဖေ့ကို အလေးထားကြတယ်။

အဖေက ဥပမိရုပ်ကောင်းသလောက် စိတ်ထားလည်းဖြူတယ်။ လက်မောင်းမှာ တက်တူးတစ်ခု ရှိတယ်။ အမေ့ရဲ့ ငယ်ပုံတက်တူးကလေး။ အဖေအင်္ကျီချွတ်နဲ့နေတိုင်း အမေက အမြဲဝတ်ခိုင်းတယ်။ သူ့ပုံကိုမြင်ရရင် ရှက်လို့တဲ့။ ငါကတော့ ကျိတ်ရယ်မိတယ်။ အမေနဲ့ အဖေက သိပ်ချစ်ခဲ့ကြတာတဲ့။ ကံသိပ်ကောင်းကြတယ်

ဆိုပါတော့။ တစ်ယောက်ကို တစ်ယောက်က အပြန်အလှန် ချစ်ခြင်းနဲ့ ချစ်ပေးနိုင်ကြတယ်လေ။ သူမှားတိုင်း ကလေးတစ်ယောက်လို အမေ့ကို ပြန်တောင်းပန်ချော့တတ်တဲ့ အဖေပေါ့။ အဖေ ဂစ်တာတီးပြီး သီချင်းဆိုတာကို အမေက ကျိတ်ကြွေခဲ့တာတဲ့။ အဖေက ငါ့ကို အဲဒီလို ပြောပြတိုင်း အမေက မဟုတ်ကဟုတ်ကတွေဆိုပြီး လှမ်းလှမ်းငေါက်တတ်သေးတာ။ အဖေ ဂစ်တာတီးတိုင်း သိပ်မခံစားတတ်တဲ့ ငါတို့ နှစ်ယောက်တောင် ကြွေဆင် သေးတာ။ အမေဟာ တကယ်ကြွေကျခဲ့မှာပါပဲ။ ဒိုးလုံးရဲ့ “သိပ်ချစ်မိ လို့များ အပြစ်ဖြစ်ရတာလားကွာ” ဆိုတဲ့ သီချင်းသာကြားရင် ငါ့ရင်ထဲမှာ တစ်မျိုးခံစားရတယ်။

အဖေ့အသံ အခေရှရှနဲ့ ဂစ်တာနဲ့။ အမေကတော့ မီးဖိုခန်းထဲကနေ မျက်စောင်းတခဲခဲပါပဲ။ တစ်ခါတစ်ခါ အမေနဲ့အဖေ စကားများကြတိုင်း အဖေဟာ ဂစ်တာကို စိတ်လိုလက်ရ တီးနေဖြစ်တယ်။ အဲဒါက သူ့စိတ်ကို ဖြေဖျောက်သလို အမေ့ကိုချော့တာတဲ့။ ဂီတက လူတွေရဲ့ စိတ်ကို နူးညံ့စေတယ်။ ပျော့ပျောင်းစေတယ်တဲ့။ အဖေက အဲဒီနည်းကို အမြဲသုံးခဲ့တယ်။ အဲဒီနေ့တုန်းကလည်း အမေက အဖေ့ကို စိတ်ခုနေခဲ့တာ။

ညနေစောင်း မြို့ထဲကို ထွက်မသွားခင်အထိ အဖေက ဂစ်တာကို စိတ်လိုလက်ရ တီးခတ်နေခဲ့တယ်။ ဒိုးလုံး၊ အငဲ၊ ဦးထီး သီချင်းတွေကို ဆက်တိုက် တီးဆိုလုပ်နေခဲ့တာ။ အမေကတော့ မီးဖိုခန်း ထဲမှာ တကုပ်ကုပ် အလုပ်ရှုပ်လို့ပါပဲ။

အဲဒီညနေက အမေ စိတ်ပြေသွားခဲ့လား အဖေ သိမသွားရှာခဲ့ပါဘူး။ ခုတော့ ငါ့ကမ္ဘာတစ်ခု ပြိုလဲသွားပါပြီ။ အဲဒီတုန်းက ငါတို့ အိမ်လေးမှာ လူတွေဝင်ထွက်မစဲပေါ့။

အမေကတော့ သူအကြီးဆုံး ဦးစီးသူဖြစ်သွားပြီဆိုတဲ့ အသိနဲ့ အစစအရာရာ စီစဉ်ရတော့တာပေါ့။ အဲဒီတုန်းက နင် ငါ့အနားမှာ ရှိနေပေးခဲ့တယ်။ နင်က ထမင်းတွေ အတင်းခွံ့ကျွေးတယ်။ အချိုရည်တွေ အတင်းတိုက်တယ်။ နင့်ရဲ့လက်သေးသေးကလေးနဲ့ ငါ့လက်တွေကို ဆုပ်နယ်တယ်။ နင့်မျက်ဝန်းကလေးတွေက ယုန်လေးတွေလိုပဲ။ တိုးလျှိုတောင်းပန်နေသလိုမျိုး နူးညံ့တဲ့ မျက်ဝန်းကလေးတွေ။ ငါ့အဝတ် တွေကို နင်လျှော်ပေးတယ်။ ငါ့ကို ရေတွေ အတင်းချိုးခိုင်းတယ်။ ငါပြတင်းကို မေးတင်ပြီး ငေးမောနေတိုင်း နင်က ကဗျာတွေကို ရွတ်တယ်။ မောင်ချောနွယ်ကဗျာတွေ ရွတ်လိုက်၊ အောင်ဝေးရဲ့ ကဗျာတွေ ရွတ်လိုက်နဲ့။

တစ်ကြိမ်တော့ ဘယ်သူ့ကဗျာမှန်းမသိ နင်ရွတ်ပြတယ်။ အဖေ အကြောင်းပါပဲ။ အဖေက လမင်းကြီးလို ကြယ်သားသမီးလေးတွေနဲ့ ပျော်နေခဲ့တာတဲ့။ ကြယ်လေးတွေကြွေတိုင်း လမင်းကြီးရဲ့မျက်နှာဟာ ချိုင့်ဝှမ်းတစ်ခု ဖြစ်တယ်တဲ့။ သူ့နှလုံးသားတစ်ခု ပွဲကြွေရသလိုပါပဲတဲ့။ ဒါပေမဲ့ လမင်းကြီးကတော့

ထွန်းလင်းနေဆဲပါပဲတဲ့။ နောက်တော့ ရှိုက်သံသဲ့သဲ့ ကြားတယ်။ နင်လည်း ငိုနေခဲ့တာလေ။ အချိန်တွေ ကြာညောင်းပြီး အနည်ထိုင်နေခဲ့တဲ့ နင့်အဖေကို ဆုံးရှုံးခြင်းကို ငါမေ့နေခဲ့မိတာပဲ။ ငါရော ငိုနေမိခဲ့တာပါပဲ။ ပြတင်းတံခါးပေါင်လေးမှာ ငါ့မျက်ရည်တွေ စိုရွှဲလို့ပါပဲ။

အဲဒီကာလတွေတုန်းက ငါ့ကမ္ဘာဟာ တိတ်ဆိတ်ခြောက်သွေ့ လို့ပါပဲ။ နင်သာ သက်ရှိလူကလေးပေါ့။ မျောက်ကလေးပေါ့။ ငါ့ အပါးမှာ ရက်တွေအကြာကြီးနေတယ်။ မြို့ထဲမှာ အတူသွားတက် နေကြတဲ့ သင်တန်းကိုပါ ငါနဲ့အတူ နင်နားလိုက်တယ်။ ငါတို့ခြံထဲမှာ စံပယ်ပင်တွေစိုက်ကြတယ်။ ငါ့ကို ဟာသတွေ ပြောပြတယ်။ ငါမရယ် ရယ်အောင် နင်ကလိုက်စနောက်တယ်။ ငါပြုံးတဲ့အခါတိုင်း နင်ပျော်သွားတတ်တယ်။ နင့်အသားကလေးတွေ ပိုဖွေးလာတယ်။ လက် ကလေးတွေ ခြေထောက်ကလေးတွေက ပိုသွယ်လာတယ်။ ဆံပင် တွေက ခါးလယ်ရောက်လာတယ်။ ကပိုကရိုကတော့ ကပိုကရိုပါပဲ။ အမေ့အလုပ်တွေလည်း နင်ကူလုပ်ပေးနေခဲ့တယ်။ ငါ ဂစ်တာကိုင်တိုင်း နင်ကအကိုင်မခံဘူး။ အဖေ့ကို သတိရမှာစိုးလို့ဆိုတာ ငါ သိပါတယ်။ အဖေ့အမှုကိုလည်း ငါတို့ပိတ်လိုက်ရတယ်။ ငါတို့ သားအမိနှစ်ယောက် တည်း ရှင်သန်ရန်းကန်ရတော့မယ့်ဘဝမှာ ရုံးချိန်းတွေလည်း သွား မတက်ချင်ဘူး။ တရားရုံးတော်မှာ ငါတို့ အမှုပိတ်လိုက်ကြတယ်။

အဖေက စိတ်ထားအလွန်ကောင်းသူပါပဲ။ အဖေကောင်းရာ ဘုံဘဝမှာ ရောက်နေမှာပါပဲလို့ အမေက အမြဲပြောတယ်။ အဖေက ငါ့အပါးမှာ မိုးရာသီဆို မိုးစက်ကလေးတွေ အသွင်ပေါ့။ နွေရာသီဆို လေပြည်အေးအေးကလေးတွေ အဖြစ်နဲ့ပေါ့။ ဆောင်းရာသီဆို မြူမှုန် ကလေးတွေအဖြစ်နဲ့ ရောက်ရောက်လာမှာပါပဲ။ နင်နဲ့ငါ အဖေ့အတွက် ကုသိုလ်တွေ လုပ်ပေးကြတယ်။ ငါးစာတွေ ကျွေးကြတယ်။ ကုန်တိုက် နားက ကလေးတွေကို မုန့်တွေ ခေါ်ကျွေးကြတယ်။ ကလေးတွေနဲ့ စိတ်လိုလက်ရတွေ လျှောက်မေးဖြေ လုပ်ကြတယ်။ တချို့ဆို အဖေအမေ နှစ်ဦးလုံးမရှိတာတွေ ပါတယ်။ အိမ်ရာမဲ့ ဂျစ်ပစီလေးတွေပေါ့။ အဲဒီ ရက်ပိုင်းတွေမှာ နင့်အိမ်မှာလည်း ငါ စံပယ်တွေ လိုက်စိုက်ပေးရတယ်။ နှင်းဆီဖြူကလေး တစ်ပင်ရောပေါ့

အဲဒီကာလတွေအတွက် နင့်ကိုငါ ကျေးဇူးတင်ခဲ့ရတယ်။ ငါ့စိတ်တွေ လေလွင့်ပျက်စီးမသွားခဲ့တဲ့အတွက်ပေါ့။ အဲဒီနှစ်မှာ ငါတို့နှစ်ယောက် အထက်တန်းအတူ အောင်ကြတယ်။

ငါ့အသက် ၁၇ နှစ်။

ငါတို့စိတ်တွေက တစ်ယောက်စီမှာတစ်ယောက် မှီတည် နေတယ်လို့ ငါထင်လာတယ်။ ငါတို့နှစ်ယောက် တက္ကသိုလ်တစ်ခုတည်း အတူရွေးခဲ့ကြတယ်။ မေဂျာလည်း တစ်ခုတည်း။ ကြည့်စမ်းပါဦး တချို့အရာတွေက တမင် ဖန်တီးယူထားသလား မှတ်ရတယ်။ တကယ် တော့ နင်ရော၊ ငါရော ကိုယ်နှစ်သက်ရာ လုပ်ခဲ့ကြတာပါပဲ။ ဖန်တီးယူခဲ့ကြတာ တစ်ခုမှ မပါဘူး။ နင် ကြိုက်တာမို့ ငါလိုက်ကြိုက်ခဲ့ ရတာမျိုး။ ငါသဘောကျတာမို့ နင်လိုက် သဘောကျခဲ့ရတာမျိုး အဝေးကြီးပါပဲ။ ဒါပေမဲ့ ငါကတော့ လုပ်ချင်လုပ်ခဲ့မှာပေါ့။ မပြောတတ်ဘူး။ တစ်ခါတော့ နင်သိပ်ကြိုက်တဲ့ သရဲကားကို ရုပ်ရှင်ရုံမှာ လိုက်ကြည့်ပေးရတယ်။ ငါက တကယ်တော့ **Horror and thrils** ကားတွေ လုံးဝမကြည့်ချင်ခဲ့ဘူး။ အဲဒီလိုမျိုးပေါ့။

ငါတို့နှစ်ယောက် အရင်လိုတတွဲတွဲပဲ။ အပြာရောင်ကျောင်း ဘတ်စ်ကားစုတ်ကြီးကို နေ့တိုင်းစီးကြတယ်။ အဲကားကြီးမမီတဲ့နေ့ တစ်ခါတစ်ခါဆို ပြွတ်သိပ်နေတဲ့ ဘတ်စ်ကားကို တက်စီးကြရတယ်။ အနံ့ပေါင်းစုံ တစ်ခါတစ်ခါ ရှူကြရတယ်။ တစ်ခါတစ်ခါ နင်နဲ့ငါ ရန်ဖြစ်ကြသေးတယ်။ ကော်ဖီဆိုင်ကလေးတွေ လိုက်လိုက်ရွေးထိုင်ကြ တယ်။ ပီယာနို၊ အမ်ပလက် တီးလုံးလေးတွေ ဖွင့်ပေးတဲ့ဆိုင်ဆို နင်ရော ငါရော အငြိမ့်ပဲ။ တစ်ခါတစ်ခါ ကျောင်းပြေးပြီးတောင် သွားထိုင် ကြတာ။ နင်နဲ့ငါ အကြိုက်တူပြန်တာပဲ။

မိုးတွေ သိပ်ရွာတဲ့နေ့တွေဆို နင်ရော ငါရော ငယ်ငယ်ကလို မိုးရေထဲ ထီးမပါဘဲ လမ်းလျှောက်ကြတယ်။ မုန့်တီပူပူကလေးတွေ သောက်ကြတယ်။ ကျောင်း**Library**ကို ကိုယ့်အိမ်လို သဘောထား ကြတယ်။ တစ်ခါတစ်ခါ စာအုပ်စင်တွေကြားထဲထိုင်ရင်း အိပ်ပျော် သွားတဲ့အခါတွေရှိတယ်။ ကံ့ကော်ပွင့်ကလေးတွေကို စာအုပ်တွေကြားထဲ ညှပ်သိမ်းတတ်ကြတယ်။ စာအုပ်ဖွင့်တိုင်း ကံ့ကော်ဆံကလေးတွေက မွှေးပျံ့လို့ နင်နဲ့ငါ့ကို သူငယ်ချင်းတွေက စနောက်ကြတယ်။ ငါ့ရင်ထဲမှာ ပူရှိန်းရှိန်းပဲ။

နင်ကတော့ “ငါတို့က သေသည့်ထိသူငယ်ချင်းပဲ” ဆိုပြီး သူငယ်ချင်းတွေကို အော်ပြောတတ်တယ်။ ငါ့အသံတွေ တိတ်ဆိတ်။ ငါနှုတ်ခမ်းတွေ ဆွံ့အ။ ငါကရော နင့်ကို သူငယ်ချင်းလိုပဲချစ်တာနေမှာ။ နင်ရှိနေရင် ငါ့မှာ ပြည့်စုံတယ်။ ငါပျော်တယ်။ ငါ နင့်အပေါ်မှာ အဲဒီ ထက်ရော ပိုနေချင်ခဲ့မိလား။ငါ့ကိုယ်ငါ မေးခွန်းပြန်ထုတ်ကြည့်တယ်။ အဖြေရှာမရခဲ့ပါဘူး။

အဲဒီနှစ်ထဲမှာပဲ ငါတို့အဆိုတော်တစ်ယောက်ရဲ့ ရှိုးပွဲကို သွား ခိုးကြည့်ကြတယ်။ နင်ရော ငါရော ခြံစည်းရိုးကျော်ပြီး ခိုးထွက်ကြတာ။ အဲဒီညက လမ်းထဲမှာမီးပျက်နေခဲ့တယ်။ စက်ဘီးကလေးကိုစီး နင်းမြူတွေက အုံ့ဆိုင်းလို့။ ငါက

ဝိုင်ဝိုင်းသီချင်းကိုအော်ဆိုတယ်။ နင်က ဟာမိုနီလိုက်တယ်။ ပါးစပ်ကနေ အငွေ့တွေဟာ တထောင်းထောင်းထွက်လို့။ ခေါင်းစွပ်တွေစွပ် သီချင်းကိုအော်ဆိုပြီး စက်ဘီးကို အမြန်နင်းရတယ်။ ချွေးထွက်ပြီး ပူအခောင်ပေါ့

ကွင်းပြင်စိမ်းကြီးမှာ မီးတိုင်ကလေးတွေဟာ အစီအရီ ထွန်းလင်းလို့ပဲ။ ငါတို့ရပ်ကွက်ကလေးဘက်မှာတော့ မှောင်မည်းတိတ်ဆိတ် လို့။ အဲဒီနှစ်ပိုင်းတွေထဲမှာ ငါတို့မြို့စွန်တွေဟာ ဆောင်းရာသီ ပီသခဲ့သေးတယ်။ မည်ကာမတ္တဆောင်း မဟုတ်ဘူး။ ဂစ်တာကလေးလွယ်ပြီး အဲဒီအဆိုတော် အမ်ပလပ် ဆိုတော့ နင်ရော ငါရော ကြွေဆင်း။ အိမ်ပြန်ချိန်ကို မေ့လျော့ပေါ့။ အမေနဲ့ နှင့်အမေကတော့ အိပ်ပျော်နေသလား၊ ဒေါင်းတောက်နေမလား မတွေးတတ်ဘူး။ ငါတိုကတော့ မြူမှုန်တွေကြားထဲ သီချင်းတွေလိုက်ဆိုလို့။

အဲဒီတုန်းက နင်က ခေါင်းစွပ်မည်းမည်း အင်္ကျီကြီးနဲ့။ ငါက အနီရောင်ခေါင်းစွပ်နဲ့။ ငါတို့မြို့ကလေးမှာ လုပ်ခဲ့တဲ့ ပထမဆုံး တစ်ကိုယ်တော် ရှိုးပွဲပါပဲ။ ပွဲထဲကပြန်ထွက်တော့ လူတွေကျပ်သိပ်တိုးဝှေ့နေတာပဲ။ နင်က ငါ့ခါးကိုသိုင်းဖက်ပြီး ကျောကို ခေါင်းဝပ်ထားတာ။ ငါက တံတိုင်းလိုကာရင်း ရှေ့ကိုတိုးထွက်ရတယ်။ ငါ ခြေထောက်တွေဟာ အနင်းခံရတဲ့ဖိနပ်ရာအလီလီ။ နင်အဆင်ပြေလားလို ခဏခဏမေးနေတဲ့ ငါ့အသံတွေဟာ စိုးရိမ်လို့ပေါ့။ ငါတို့ကွင်းပြင်စိမ်းကို ဖြတ်ကြတယ်။ နင့်လက်တွေက ငါ့ခါးမှာ ပူနွေးတင်းကျပ်လို့။

အဲဒီအမှတ်တရကို နင်နဲ့ငါ အမြဲတမ်းပြန်ပြောရင်း ရယ်ဖြစ် ကြတယ်။ ဆောင်းရာသီရောက်တိုင်းလည်း သတိတရရှိနေကြတယ်။

အဲဒီနှစ်ပိုင်းတွေထဲ ငါသိပ်ပျော်တယ်။

အမေနဲ့သားမိနှစ်ယောက်တည်းလည်း နေသားကျလာခဲ့ရ တယ်။

နင်ကတော့ ပိုပိုလှ။ ပို ပို ငါ့အပေါ်ဆိုးလို့ပေါ့။

(၆)

ငါ့အသက် ၁၈ နှစ်။

အဲဒီရက်ပိုင်းမှာ စိန်ပန်းတွေ ပွင့်တယ်။ ကျောင်းလမ်း တစ်လျှောက် နီရဲပြီး လှပနေခဲ့တယ်။ အဲဒီရက်ပိုင်းထဲ ငါတို့ကျောင်းကို သိပ်မသွားဖြစ်ကြပြန်ဘူး။ ကျောင်းပါးကလေး ဝလာတယ် ဆိုပါတော့။ ငါတို့မြို့ထဲက နိုင်ငံခြားစင်တာတစ်ခုကို သွားတယ်။ အဲဒီက **Library**မှာ ခြေပစ်လက်ပစ် ဘယ်သူမှ မရှိသလို စာတွေထိုင်ဖတ်ကြတယ်။ လိုချင်တာ ရှာကြတယ်။ အဲဒီတုန်းက ဂစ်တာကဖီးဆိုတဲ့

ဆိုင်လေးက အဲဒီ မြို့နယ်ရဲ့ လမ်းကြားလေးထဲမှာ တကယ့်အမိုက်စားလေး။ ဂစ်တာတစ်လက် ထောင်ထားပေးတယ်။ အပြာရောင်သစ်ခွပင်ကလေးတွေက ဆိုင်ဝမှာ ဖရိုဖရဲ တွဲလဲဆွဲလို့။ ဖယောင်းတိုင်မီးကလေးက ဖျော့ဖျော့။ ပန်းချီကား လေးတွေက မီးရောင်အဓောက်မှာ ကဗျာတွေဆန်လို့။ ငါတို့နှစ်ကောင်လုံး နားကြပ်ကိုယ်စီတပ်ပြီး **MP4** ကလေးတွေနဲ့ ငြိမ့်ကြတာပေါ့။

ထောင့်စွန်က ဝိုင်းကလေးမှာ နင်နဲ့ငါ အသံတွေတိတ်ပြီး လေးဖြူရဲ့ "အလင်းရောင်"နဲ့ ဖယောင်းတိုင်မီးကလေး လှုပ်ခတ် နေတာကို ရင်တွေ ခုန်နေခဲ့ကြတာ။ အဲဒီတုန်းက နင်ရော ငါရော လေးဖြူသီချင်းကို ခရေဇီ ဖြစ် နေခဲ့ကြတာ။ ငါက နင့်ကို ခိုးခိုးကြည့်တယ်။ နင်ကတော့ မျက်ဝန်းကလေး မှိတ်ပြီး သီချင်းထဲမှာ စီးမျောလို့ပေါ့။ နင့်မျက်ခွံမို့မို့ ကလေးတွေ၊ လက်ချောင်းသွယ်သွယ် ကလေးတွေ။ အရှေ့ကိုကျနေတဲ့ ဆံနွယ်စရှည်ရှည်ကလေးတွေ။

ငါ နင့်ကိုချစ်နေမိပြီနဲ့ တူတယ်။ ငါ့ရင်တွေ အတိုင်းမသိ ခုန်နေခဲ့တယ်။ နင့်နှုတ်ခမ်းကလေးတွေကတော့ ပြုံးနေလိုက်တာ။ နင့်အတွေးလေးတွေထဲကို ငါ ဝင်ကြည့်ချင်လိုက်တာ။ နင်သိလား ငါ နင့်ကို တကယ် ချစ်နေခဲ့ပြီတဲ့။ ၁၈ နှစ်ကောင်ကလေးက တစ်ယောက် ယောက်ကို ရင်ခုန်ခွင့် ရှိခဲ့ပြီ မဟုတ်လား။ ချစ်တာ၊ ကြိုက်တာနဲ့ ရည်းစားထားတာတွေက ဘာဆိုတာ ငါ မသိချင်ဘူး။ နင့်ကို ဖွင့်လည်း မပြောချင်ဘူး။ ငါ နင့်အနားမှာ အချိန်တိုင်း နေချင်တယ်။

ငါ နင်နဲ့အတူနေရတိုင်း ပျော်တယ်။ ငါ နင့်အနားပဲ နေချင်နေခဲ့ပြီ

တစ်နေ့ ငါတို့လမ်းမတွေပေါ် လျှောက်သွားကြတယ်။ အိမ်ထဲက ခိုးထည့်လာခဲ့တဲ့ ဖိနပ်တွေ၊ ဘောင်းဘီတွေဝတ်ပြီး ဂျစ်ပစီတွေ လိုပဲ။ ညှောင်းတယ်လို့ နှစ်ယောက်သား မညည်းညူဘဲ အခွေဆိုင်တွေ ဝင်၊ ကုန်တိုက်တွေ ဝင်တယ်။ ဟိုးကတည်းကရှိတဲ့ ရုပ်ရှင်ရုံဟောင်းကြီးမှာ နိုင်ငံခြားရုပ်ရှင် ကြည့်ကြတယ်။ မှောင်လိုက်လင်းလိုက် ရုပ်ရှင်ရုံထဲမှာ နင့်မျက်နှာကလေးက ကြည့်ကောင်းနေခဲ့တယ်။ ရုပ်ရှင်က **Bride Of Chucky** ဆိုတဲ့ကား။ မျက်နှာမှာ ဓားခုတ်ဒဏ်ရာလိုလို ဘာလိုလိုနဲ့ အရုပ်သရဲကားပေါ့။ အဲနာမည်ကြီးရုပ်ရှင်ကို ငါတို့ဆီမှာ နောက်တစ်ခါ ရုံပြန်တင်နေတဲ့ကာလပေါ့။ ရုပ်ရှင်ထဲမှာ အဲဒီအရုပ်နဲ့ လူကြီးနဲ့ဆုံကြတဲ့ အခန်းမှာ ကြွက်တစ်ကောင် နင့်ခြေထောက်ပေါ်က ဖြတ်ပြေးတာကို နင်ကြောက်ပြီး ငါ့ကို အတင်းဆွဲကပ်တာ မှတ်မိလား။ ငါကတော့ ရယ်နေခဲ့မိတာ။

ရုံထဲကပြန်ထွက်လာတော့ ရုပ်ရှင်အကြောင်း ပြန်ပြောပြီး နင်နဲ့ငါ ရယ်ဖြစ်ကြတယ်။ ငါက နင့်ကို ငါဖတ်ပြီး မှတ်သားဖူးတဲ့ အရုပ်သရဲ တွေနဲ့ ပတ်သက်တဲ့အကြောင်းတွေ ပြောပြတယ်။ အဲထဲကမှ **Amabelle** ဆိုတဲ့ အရုပ်မှာ ပူးကပ်ကြတဲ့ နတ်ဆိုးဝိညာဉ်တစ်ခုအကြောင်း ပြောပြတယ်။ အမှန် ဟုတ်ချင်မှလည်း

ဟုတ်မှာပေါ့။ နင်က စိတ်လိုလက်ရရ နားထောင်ချင်လာတယ်။ ငါက နောက်မှ ပြောပြတော့မယ် ဆိုတော့ နင်က နားရွက်ကို လိမ်ဆွဲတယ်။ မပြောပြရင် မလွှတ်ဘူးဆိုပြီး စဂျစ်တယ်။ ငါကရယ်လေ နင်ကမလွှတ်လေပဲ။ ကဲ ကဲ ပြောပြမယ်ဆိုမှ နင်က လွှတ်ပေးတယ်။ အဲဒီလိုနဲ့ ၁၉၇၀ ကာလဆီကပေါ့နဲ့ ငါ စပြောပြဖြစ်တယ်။

နင်မှတ်မိသေးလား ၁၉၇၀ ဝန်းကျင်လောက်မှာ **Donna** ဆိုတဲ့ ကောင်မလေးကို သူ့အမေက မွေးနေ့လက်ဆောင်အဖြစ်နဲ့ အရုပ် ကလေး တစ်ရုပ် ဝယ်ပေးခဲ့တာ။ မွေးနေ့အမှတ်တရ ထူးထူးခြားခြား ဖြစ်အောင် ပေးခဲ့တာတဲ့။ အဲဒီကာလတွေတုန်းက အရုပ်လက်ဆောင် ရတာက တကယ့် ပျော်စရာပဲလေ။ **Domna** ဟာ ပျော်နေခဲ့တယ်ဆိုပါတော့။ ဝယ်ပေးတဲ့ အရုပ်ကလေးက **Raggedy Amn** အရုပ်လေး။

Donna လေးက နာ့ပ်စ် ကျောင်းသူလေးတစ်ယောက်ပေါ့ သူက **Angie** ဆိုတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ အဆောင်တစ်ခုမှာ အတူနေပြီး ကျောင်းတက်တာ။ သူတို့နှစ်ယောက်လုံးက နာ့ပ်စ် ကျောင်းသူလေးတွေ။ အဲဒီလိုနဲ့ **Dona** က မွေးနေ့အပြီးမှာ သူ့အမေ ဝယ်ပေးတဲ့ **Raggedy Amn** အရုပ်ကို အဆောင်ကိုယူလာခဲ့မိတယ်။

စပြီးခေါ်လာတုန်းက အရုပ်က ဘာမှမဖြစ်ဘူး။ **Amnabelle** အရုပ်က ကြောက်စရာရုပ်ဆိုးလေး မဟုတ်ဘူး။ ချစ်စရာလေးတဲ့။ နည်းနည်း ကြာလာတော့ အရုပ်က သူတို့ကျောင်းသွားတဲ့အချိန်ထားခဲ့တာက တစ်နေရာ၊ ပြန်လာရင်တစ်နေရာ ရောက်နေတတ်တယ်။ အစ ကတော့ သူတို့နှစ်ယောက်လုံး သတိမထားမိဘူး။ အရုပ်က နေရာရွှေ့နေ ခဲ့တာကိုပေါ့။ သူတို့အလုပ် သူတို့ လုပ်နေခဲ့ကြတယ်။ ကျောင်းနဲ့ အဆောင်ကို ကူးခပ်နေခဲ့တာပေါ့။ နောက်တော့ **Donna** သူငယ်ချင်းက သတိထားမိလာတယ်။

မနက်ကျောင်းသွားတော့ ခုံပေါ်တင်ထားခဲ့တဲ့ အရုပ်က သူတို့ ပြန်လာချိန်မှာ ခုတင်အောက်ကို ရောက်နေခဲ့ပြီ။ **Donna** သူငယ်ချင်းနဲ့ **Donna** က စကားအချေအတင်တောင် ဖြစ်ကြသေးတယ်။ မဖြစ်နိုင်ဘူးပေါ့။ နောက်တော့ ပြတင်းတံခါးက လေတိုက်တာကြောင့်လို့ပဲခပ်ကြောင်ကြောင် ဘုံသဘောတူညီချက်ကို ယူလိုက်ကြတယ်။ **Donna** သူငယ်ချင်းက နောက်နေ့တွေမှာ သေချာမှတ်သားပြီး အရုပ်ကို ထားခဲ့တယ်။ အရုပ်က နေရာရွှေ့တာ သိသာလာခဲ့တယ်။ **Donna** ပါ လက်ခံလာခဲ့တယ်။

နောက်ပိုင်းတော့ သိသိသာသာ ပိုဆိုးလာတယ်။ သာမန်ဂွမ်းသားပါတဲ့ အရုပ်တစ်ရုပ်က အခန်းတွေပါ ပြောင်းလာခဲ့တယ်။ ရေချိုးခန်းထဲ၊

မီးဖိုခန်းထဲရောက်နေတာမျိုးတွေပေါ့။ ဒါဟာ သွေးရိုး သားရိုး အခြေအနေ မဟုတ်တော့မှန်း သူတို့သဘောပေါက်လာကြတယ်။ **Donna** နဲ့ သူ့သူငယ်ချင်းက ခေါင်းချင်းဆိုင် အဖြေရှာရတယ်။ နောက်ရက်တွေမှာ အရုပ်က နေရာပြောင်းတာတင်မဟုတ်ဘဲ စာရေးပြပြီး အကူညီပါတောင်းလာခဲ့တယ်။

နောက်တော့ သူတို့နှစ်ယောက်လုံး နောက်ကြောင်းရာဇဝင်တွေ စုံစမ်းရတော့တယ်။ အရုပ်က စာရေးပြတာတွေကတစ်ဆင့်ပေါ့။ နောက် တော့ အဲဒီအရုပ်ထဲကိုရောက်နေတဲ့ ဝိညာဉ်အကြောင်းကို တစ်စတစ်စ သိလာတယ်။ သူတို့ အနောက်တိုင်းလူမျိုးတွေက စိတ်ဝင်စားတဲ့အရာဆို တစိုက်မတ်မတ် စူးစမ်းလေ့လာတတ်ကြတယ်။

အဲဒီလိုနဲ့ အရုပ်ထဲက **Annbele Higgins** ဆိုတဲ့ ကလေးမလေးရဲ့ ဝိညာဉ်အကြောင်း သိလာခဲ့ရတယ်။ အဲဒီကလေးမလေးက အရင်က **Donna** တို့ သူငယ်ချင်းနှစ်ယောက်ရဲ့ အဆောင်တိုက်ခန်းဘေးမှာ နေတာတဲ့။ အဲဒီလိုနဲ့ **Donna** တို့သူငယ်ချင်းနှစ်ယောက်နဲ့ အတူ ဒီအရုပ် ထဲမှာနေဖို့ ခွင့်တောင်းတာကို **Donna** တို့ကလည်း ကလေးလေး ဝိညာဉ်ဆိုတော့ သနားလို့ လက်ခံလိုက်တယ်။ အဲဒီကနေ **Annabele** စလာခဲ့တယ်။ အချိန်ကြာလာတာနဲ့အမျှ **Annabelle** ဝိညာဉ်က ကလေးတစ်ယောက်လိုမဟုတ်ဘဲ နတ်ဆိုးတစ်ကောင် ပူးကပ်နေသလို အင်အားကြီးမားလာခဲ့တယ်။ နောက်ပိုင်းမှာ **Donna** တို့ သူငယ်ချင်း နှစ်ယောက်ကိုပါ ဒုက္ခပေးပြီး အသက်အန္တရာယ် ခြိမ်းခြောက်လာခဲ့တယ်။

နောက်တော့ **Domna** တို့က သူတို့နဲ့ပတ်သက်တဲ့ မိတ်ဆွေ တွေကို တိုင်ပင်ရာကတစ်ဆင့် သဘာဝလွန် ဖြစ်ရပ်ဆန်းတွေကို ကျွမ်းကျင်ပိုင်နိုင်တဲ့ ပညာရှင် **Ed** နဲ့ **Lorraine Warren** တို့ လင်မယားဆီ ရောက်သွားပြီး စစ်ဆေးကြည့်ကြတယ်။ အရုပ်မှာ ဘာမှမရှိဘဲ နတ်ဆိုးကသာ အရုပ်ကို အသုံးချပြီး **Domna** တို့ကိုသတိထားပြီး သိအောင်လုပ်လာခဲ့တာတဲ့။ နောက်ဆို လူတွေကို သတ်ဖြတ်တဲ့အထိ နတ်ဆိုးက အဆင့်ဆင့် ဒုက္ခပေးတော့မှာလို့ **Ed**နဲ့ **Lorraine Warren** တို့လင်မယားက ဆိုခဲ့ကြတယ်။ **Donna** တို့ အတွက် သေချာ ပြင်ဆင်စီမံခဲ့ပြီး **Ed** နဲ့ **Lorraine Warren** တို့ လင်မယားက **Annabele**အရုပ်ကိုယူသွားခဲ့ကြတယ်။ သေချာစီမံထားတဲ့ မှန်ခန်းထဲမှာ **Amnabelle**နတ်ဆိုးဝိညာဉ် ပူးကပ်နေတဲ့အရုပ်ကို သော့ခတ် သိမ်းထားခဲ့တာ ခုချိန်ထိတိုင်ပဲတဲ့။

အဲဒီနေ့က **Anabele** အရုပ်နတ်ဆိုးဝိညာဉ်အကြောင်း ငါပြောပြခဲ့တာကို နင်က စိတ်လိုလက်ရ နားထောင်ရင်းကနေ အဖြစ်မှန်လားဆိုပြီး လေးလေးပင်ပင် မေးတယ်။ ငါက ငါဖတ်ဖူးထားတာ ဟုတ်နိုင်မယ်ဆိုပြီး နင့်ကို နောက်ချင်လို့ ရယ်ရင်းပြောတော့ နင်က မျက်စောင်းခဲပြန်တယ်။ တကယ်တော့ **Annabele**

အကြောင်းကလည်း ဇာတ်စုံပြောကြတာပဲ။ ဘယ်ဟာ အမှန် မှန်းမသိဘူး။

နောက်တော့ ငါတို့ လမ်းကြိုလမ်းကြား၊ တိုက်ကြိုတိုက်ကြားက ဆိုင်ကလေးတွေဆီ လျှောက်လိမ့်နေခဲ့တယ်။ ဂျစ်ပစီကလေးတွေပါပဲ။

libraryထဲကစာအုပ်တွေဖတ်ပြီး နှစ်ယောက်သား ဂျစ်ပစီတွေ ဆန်နေခဲ့ကြတယ်။ အပေအတေ အလေလွင့်ကလေးတွေပေါ့။

အဲဒီနှစ်ပိုင်းမှာ နှင့်မွေးနေ့မှာ ငါအရုပ်လက်ဆောင်ပေးတော့ နှင် လက်မခံခဲ့ဘူး။ လုံးဝကို ငြင်းဆန်ခဲ့တာ။ **Child's Play** တို့၊ **Bridge Of Chucky** တို့ကြည့်ပြီး ငါပြောပြတဲ့ **Amnabele** အရုပ်ဝိညာဉ် အကြောင်း ကြားပြီးချိန်မှာ အဲ့လောက်ထိ နှင်အလာ့ဂျစ် ဖြစ်သွားခဲ့တာ။ ငါက နှင့်ကို အဲ့ကိစ္စနဲ့ ခဏခဏ စနောက်ဖြစ်ခဲ့တယ်။ ရယ်ဖြစ်ခဲ့တယ်။ အဲဒီတုန်းက ငါ့အတွေးတွေက သိပ်ကျဉ်းမြောင်းခဲ့ပါတယ်။ အမြော်အမြင် သိပ်မရှိခဲ့ဘူး။ နှင့်အနားကို ငါအမြဲနေရမှာပဲ ဆိုပြီးတော့ပေါ့။

(၇)

ငါ့အသက် ၁၉ နှစ်။

နှင့်အချိုးတွေ ပြောင်းလာတယ်။ နှင်ပေါင်းနေကျ မဟုတ်တဲ့ ကောင်တွေနဲ့ အုပ်စုဖွဲ့တတ်လာတယ်။ ငါရှိနေတဲ့အချိန်တောင် အဲ့ဒီအဖွဲ့ထဲကကောင်က အတင့်ရဲ ရဲလာတယ်။ ဘော်ဒါတုန်းက ရပီတာ ကောင်ပေါ့။ ငါတို့နဲ့ မေဂျာ မတူ၊ ကျောင်းလည်းမတူဘဲ ရောက်ရောက် လာတာမျိုးပေါ့။ တစ်ခါတစ်ခါ နှင့်ဘေးမှာထိုင်ပြီး ကျောင်းချိန်ကုန်တဲ့ အထိ နေတယ်။ နှင့်မျက်နှာက မှိုရသလို ပြုံးပျော်လို့။ ငါ့ဒေါသတွေ ကလည်း ပေါက်ကွဲလုမတတ် မီးတောင်လိုပဲ။ မနည်းထိန်းချုပ်ထားရ တယ်။ နှင်က ငါ့ကိုမစောင့်ဘဲ ကျောင်းပြန်တတ်လာတယ်။ ကျောင်း လာတတ်လာတယ်။

မှတ်မှတ်ရရ နှင် **Toilet** ဝင်နေတယ်ထင်ပြီး ကျောင်းရှေ့ အုတ်ခုံမှာ ငါထိုင်စောင့်နေခဲ့မိတာ။ အဲဒီနေ့က ကျောင်းကားတွေအားလုံးကုန်သွားတဲ့အထိ နှင်ပေါ်မလာခဲ့ဘူး။ ငါ့အတွက်တော့ နေမထိထိုင်မသာ နေ့ရက်များပါပဲ။ နှင့်အတွက် ရွှေအတိပြီးသော နတ်ဘုံနတ်နန်း နေ့ရက်များပေါ့။ ဒါပေမဲ့ နှင် ငါ့ရှေ့ရောက်လာတိုင်း ငါပြောဖို့တေးထား သမျှအကုန် သဲထဲရေသွန်ပါပဲ။ မှတ်ဉာဏ်တွေ ချွတ်ယွင်းသွားသလား ထင်ရတယ်။ နှင့်မျက်နှာကလေးဟာ အပျော်တွေအတိ ပြည့်နေတဲ့အခါ ငါဖျက်ဆီးရက်မတဲ့လား။ နှင် ငါ့ရှေ့ ရောက်ရောက်လာတတ်တာကိုပ ငါကပျော်နေခဲ့ရတာပါပဲ။

တစ်ညနေတော့ နင်နဲ့ငါ ကွင်းပြင် စိမ်းကြီးဆီ စက်ဘီး စီးကြတယ်။ နင်က ဂစ်တာကြီးကိုကိုင်ပြီး နောက်က ကားယားခွထိုင် လိုက်လို့ပေါ့။ နောက်တော့ နင်နဲ့ငါ စကားတွေ အများကြီးပြောဖြစ် ကြတယ်။ ဂစ်တာကလေးကတော့ မြက်ခင်းစိမ်းပေါ် အိပ်ပျော်လို့။ နင်က နင် အထက်တန်းဘော်ဒါ နေတုန်းက စိတ်ဝင်စားရတဲ့သူ အကြောင်း ပြောတယ်။ ခုတော့ သူ့ကို နင် ချစ်ခွင့်ရတော့မယ် ဆိုတဲ့ အကြောင်းပေါ့။ သူ့ကိုရှဲပြီး ရည်းစားထားမိခဲ့တဲ့ အကြောင်းတွေရော ပါပဲ။ နင့်အသံတွေဟာ ကြည်နူးဆွတ်ပျံ့လို့ပါပဲ။ လိုချင်တာ တစ်ခုခုရ တော့မယ့် ကလေးတစ်ယောက်လိုပေါ့။ အဲဒီညနေကတော့ ငါ့ကမ္ဘာ လေးက ဘယ်တုန်းကမှ မထွန်းလင်းခဲ့ဖူးသလို နေဝင်သွားခဲ့တာပါပဲ။ ဟိုတုန်းက ငါ့မျှော်လင့်ချက်တွေထဲမှာ နင်ရှဲပြီး ရည်းစားထားဖြစ်ခဲ့တာ ငါ့ကြောင့်လို့ ရှူးကြောင်ကြောင်နဲ့ ငါလက်ခံထားခဲ့မိတာပါပဲ။ ငါ တော်တော် ရှူးသွပ်ခဲ့ပါတယ်။ ငါ နင့်ကိုဖွင့်ပြောဖို့လည်း မစွမ်းသာခဲ့ပါဘူး။ ကိုယ် ပျော်စေချင်နေမိတဲ့ လူတစ်ယောက်ကို ကိုယ်ကိုယ်တိုင် မပျော်အောင် လုပ်ရတာ ပျော်စရာမှ မဟုတ်တာ။ နင့်ကို ပျော်စေချင်တယ်။ နင်ပျော်နေတာကို မြင်ရတာကို ငါကပျော်တယ်။

နောက်ပိုင်းတော့ လမ်းထဲက နင်စိတ်ဝင်စားခဲ့ရတဲ့ ဘော်ဒါ တုန်းက ရပီတာ ဟိုကောင်နဲ့ နင်ကြိုက်သွားခဲ့ကြတာပါပဲ။ လူတွေကတော့ တဖျစ်တောက်တောက်ပေါ့။ ငါ့ကို သနားစရာကောင်းလေးတဲ့။ ငါက နင်ခေါက်ထားခဲ့တဲ့ စွန့်ပစ်ခံကောင်ကလေးပေါ့။ ဘယ်တုန်း ကများ ငါဟာ အသုံးရော ဝင်ခဲ့ဖူးလို့လဲလေ။ ငါတစ်ယောက်တည်း အသံထွက်ရယ်မိတဲ့ နေ့တွေ ရှိလာခဲ့တယ်။

နင်ကလည်း ပြောတယ်။ ငါတို့က ရည်းစားလည်း မဟုတ်ပါဘဲ လူတွေက တော်တော် ရှုံစရာကောင်းတယ်တဲ့။ တကယ်လည်း ဟုတ်ပါတယ်လေ။ ငါတို့က အချစ် ဆုံးသူငယ်ချင်းတွေပါပဲ။ ငါလည်း နင့်ကို ချစ်တယ် ပြောဖို့ တွေးတောင်မကြည့်ခဲ့ဖူးပါဘူး။ နင်ကတော့ ကျောင်းကို မေ့တစ်ခါ လျှော့တစ်လှည့်နဲ့ ရောက်ချင်မှရောက်လာတော့ တယ်။ ငါကတော့ ရည်မှန်းချက်တွေ တစ်လှေကြီးနဲ့ လူသားလေးပဲ ပေါ့။ နင်ပြောသလို ငါက နလုံးသား မပါတဲ့လူသားလေ။ ငါ့ကမ္ဘာ အတွက်ပဲ ငါရုန်းကန်စေခဲ့တာပေါ့။ နင်ထင်သလို ဆိုရင်တော့ ငါ့ကမ္ဘာလေးက ပျော်ရွှင်ဖွယ်အတိပါပဲ။ နင်ထင်သလို မဖြစ်ခဲ့တာတော့ ငါကလွဲပြီး ဘယ်သူမှ သိမှာ မဟုတ်ပါဘူး။

ကျောင်းကားကြီးရယ် ငါရယ်။ ငါရယ် ကျောင်းကားကြီးရယ်။

အဲဒီနေ့ရက်တွေက ပျင်းရိလေးတွဲ့ပြီး အသက်မဲ့လို့ပါပဲ။

နင်ပါလာတဲ့နေ့တွေတော့ ကျောင်းကားဟာ ဘုံဗိမာန်ကလေး ပါပဲ။ ငါကလေ အရာရာထက်မြက်သလောက် နင်နဲ့ပတ်သက်ရင် မျှောညံ့ခဲ့ပါတယ်။ နင့်ကို

ပိုင်ဆိုင်ရဖို့ဆိုတာမျိုး ငါမတွေးဖူးဘူး။ နင်နဲ့ အတူ ရှိနေရခြင်းကို ငါမက်မောခဲ့တာပါ။

သူ့ပါးပြင်လေးကို နမ်းရှိုက်လိုက်ရမှ

ချစ်တာ မဟုတ်ပါဘူး

ရယ်လိုက်တိုင်း တွန့်ကွေးသွားတဲ့

သူ့နှုတ်ခမ်းလေးတွေကို ငေးမောနေရရင်လည်း

ချစ်တာပါပဲ

သူ့ခန္ဓာကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်ရမှ

ချစ်တာ မဟုတ်ပါဘူး

သူနဲ့အကြည့်ချင်းဆုံတိုင်း

ဝိုင်းစက်နေတတ်တဲ့ သူ့မျက်ဝန်းလေးတွေကို

ငေးမောနေရရင်လည်း ချစ်တာပါပဲ

သူ့လက်ကလေးတွေကို

ဆုပ်ကိုင်ပြီး တွဲသွားရမှ

ချစ်တာ မဟုတ်ပါဘူး

သူ့ဘေးမှာ အရိပ်ကလေးလို ထက်ကြပ်မကွာလိုက်ရင်း

သူ့ရယ်သံလွင်လွင်လေးတွေကို

ကြားနေရရင်လည်း

ချစ်တာပါပဲ

ဒီလိုပါပဲ

တချို့ အချစ်တွေက ပိုင်ဆိုင်ရဖို့ထက် သူစိတ်ချမ်းမြွေနေတာကိုကြည့်ပြီး ပျော်ရွှင်ငေးမောခွင့်ရနေတာကိုက အချစ်ပါပဲ

(၈)

ငါ့အသက် ၂၀။

ဘွဲ့ယူတဲ့နေ့က နင်ရော ငါရော အဖြူဆင်တူနဲ့။ နင်က အဖြူ ချိတ်ဝမ်းဆက်။ ငါက အဖြူနဲ့ အနက်နဲ့ ရောထားတဲ့ အနောက်တိုင်း ဝတ်စုံနဲ့။ ဘွဲ့နှင်းသဘင်ခန်းမကြီးက အိုဟောင်းနေပေမယ့် ခမ်းနား ထည်ဝါနေလိုက်လို့။ အဓိပတိလမ်းကြီးရယ်၊ အမှတ်ရစရာတွေရယ်။ အမေနှစ်ယောက်နဲ့ တို့နှစ်ယောက်ရယ်။ ဓာတ်ပုံကားချပ်ကလေးထဲမှာ ငါတို့လေးယောက်စလုံးက သွားကလေးတွေ ဖြီးလို့။ အဲဒီနေ့က နေသာတယ်။ နင်ကတော့ လည်ပင်း တရှည်ရှည်နဲ့ တစ်ယောက်ယောက်ကို မျှော်လို့ပါပဲ။ ဘွဲ့ဓာတ်ပုံတွေမှာတော့ နင်ရော ငါရော သွားဖြီးဖြီးကလေးတွေ။ အဲဒီနေ့က နင့်ဆီကို ဘယ်သူမှ ရောက်မလာခဲ့ဘူး။

နောက်တော့ ငါတို့လုပ်ငန်းခွင်တွေ ဝင်ခဲ့ကြတယ်။ ငါက လူတွေရဲ့ ခံစားချက်ကို နားထောင်ရတာ နှစ်သက်လို့ **Customer** တွေနဲ့ ထိတွေ့ရတဲ့ ကုမ္ပဏီတစ်ခုကို ရွေးခဲ့တယ်။ နင်ကတော့ သင်တန်းတွေ၊ ကျောင်းတွေ ဆက်တက်ခဲ့တယ်။ ဟိုကောင်နဲ့အတူပေါ့ နင့်အမေနဲ့ နင်လည်း စစ်တွေခင်းကြတယ်။ တခြားရက်တွေမှာ ရောက် ရောက်မလာတတ်ပေမယ့် နင် စိတ်ညစ်တဲ့ရက်တွေကတော့ ငါတို့အိမ်ကလေးဆီမှာပဲပေါ့။

ငါတို့အိမ်ကလေးဟာ နင့်အတွက်တော့ တံခါးမရှိ ဓားမရှိပါပဲ။ နင်သိလား ငါမျှော်နေခဲ့တဲ့ နေ့ရက်တွေကိုပေါ့။ နင်မရှိဘဲ ငါ ရှင်သန် ရတဲ့နေ့တွေကို ငါမုန်းတယ်။ ငါကလေးလေးတစ်ယောက် ပြန်ဖြစ် ချင်တယ်။ ငါ ကျောင်းတွေ ပြန်တက်ချင်တယ်။ နင်ရှိခဲ့တဲ့ နေ့ရက်တွေဆီကိုပါပဲ။ နင် ငါ့အနားမှာရှိခဲ့တဲ့ နေ့ရက်တွေဆီကိုပါပဲ။

နင် ရောက်လာတဲ့ အခါတိုင်း ငါဂစ်တာတီးပြရတယ်။ ခုနောက်ပိုင်းတော့ ငါတီးဖြစ်သမျှ သီချင်းတွေက အဆွေးသီချင်းတွေပဲ ဖြစ်နေခဲ့တယ်။ ဇော်ပိုင်ရဲ့ မဆုံသောလမ်းတို့၊ စွန့်သွားတော့နေခြည်တို့ ပေါ့။ နင်ကလည်း ငြိမ်နေအောင် နားထောင်တယ်။ ဟိုတုန်းကလို ဟာမုနီတွေ မလိုက်တော့ဘူး။ ဗာဒံပင်ကလေးရယ်၊ ခုံတန်းကလေးရယ်၊ အေးနေတဲ့ ကော်ဖီနှစ်ခွက်၊ ဆွေးမြည့်နေတဲ့ လူနှစ်ယောက်ရယ်ပေါ့

ငါကတော့ အချစ်နဲ့မထိတွေ့ခဲ့ရပါရက်နဲ့ အသည်းမြည့်နေသူပါပဲ။

(၉)

ငါ့အသက် ၂၁ နှစ်။

အဲဒီနေ့တုန်းက ငါတို့လမ်းကလေးထဲမှာ ဆူညံပွက်လောရိုက်လို့ပဲ။ ကလေးတွေ ဆူညံနေခဲ့တာလား၊ လူကြီးတွေဆူညံနေခဲ့တာလား ငါ ခွဲမပြောတတ်တော့ဘူး။ နှစ်စုလုံးဆူညံနေတာမျိုးလည်း ဖြစ်ချင် ဖြစ်မယ်။ နင် အဲဒီရက်ပိုင်းမှာ ငါတို့မြို့မှာ မရှိဘူး။ နင့်အဘွားတွေဆီ ရောက်နေခဲ့တာ။ နယ်မြို့ သေးသေးကလေးကိုပေါ့။ နင်နေချင်တဲ့ မြို့ကလေးဆီမှာပေါ့။ ငါက နင် ပြန်လာခဲ့နော်လို့ အထပ်ထပ်မှာတော့ “ငါသေသွားတာမဟုတ်ဘူး ပြန်လာမှာ” ဆိုတော့ ငါ့မှာ ရယ်မိတယ်။ နင်ပြန်မလာရင် ငါတစ်ယောက်တည်း ပျင်းနေမှာလို့ ငါပြောမိတယ် ထင်တယ်။ တကယ်လည်း နင်မရှိတဲ့ရက်ပိုင်းတွေမှာ အလုပ်တက်၊ အလုပ်ဆင်းနဲ့ ငြီးငွေ့နေခဲ့မိတယ်။

အဲဒီနေ့ကတော့ ငါပြောခဲ့သလို ငါတို့လမ်းကလေးထဲမှာ ဆူညံ ပွက်လောတွေ ရိုက်နေခဲ့တာပေါ့။ ငါ့အမေကတော့ ထိတ်ထိတ်ပျာပျာနဲ့ အိမ်ပြန်လာတယ်။ ရေကို နှစ်ခွက်၊ သုံးခွက် ဆင့်သောက်တယ်။ ရှူဆေးဘူးကို တုန်တုန်ချည့်ချည့်နဲ့ ရှူတယ်။ ငါ့မေးခွန်းကို ပြန်ဖြေဖို့ သူမနည်းအားယူနေရတယ်။ အတော်နဲ့ အမေ့ဆီက အဖြေ ပြန်ထွက် မလာခဲ့ဘူး။

တစ်အောင့်ကြာတော့ အမေ့ဆီကစကားတွေကို အံ့အံ့ဩဩနဲ့

ငါ နားထောင်ရတယ်။ ခေါင်းပြားသွားတဲ့ ကောင်မလေးရယ်၊ မျက်နှာတွေ ရစရာ မရှိအောင် စုတ်ပြတ်သွားတဲ့ ကောင်လေးရယ်။ သွေးအလိမ်းလိမ်း ခန္ဓာကိုယ်နဲ့ လူနှစ်ယောက်ပေါ့။ ကုန်ကားတစ်စီးက ဘရိတ်ပေါက်ပြီး လမ်းဘေးမှာ သွားနေတဲ့ စုံတွဲလေးနှစ်ယောက်ကို ဖြတ်ကြိတ်သွားခဲ့တာတဲ့။

ကံကြမ္မာက သိပ်ထူးဆန်းပါတယ်။ မမြင်နိုင်ခြင်းတွေနဲ့ပေါ့

မနက်ဖြန်တိုင်းက မျှော်လင့်ချက်တွေ ရှိသေးတယ်လို့ ငါထင်ခဲ့ဖူးတယ်။ လက်ရှိအချိန်ထက် ကောင်းတယ် ဆိုတာမျိုးရောပေါ့။ နင်ပြန်လာစေချင်ပြီး။ နင့်ကို မျက်စိအောက်က အပျောက်ခံနေရတာကို ငါ ကြောက်နေမိပြန်ပြီ။ ငါ ဘာဖြစ်နေခဲ့တာလဲလို့ အကြိမ်ကြိမ် ပြန်တွေးတိုင် ငါနာကျင်ရတယ်။ ငါ နင့်ကို ချစ်နေခဲ့တာတဲ့။

မမျှော်လင့်ဘဲ ငါသေသွားရတာမျိုးဆိုရင် နင့်ကို ငါချစ်တာ နင်သိနိုင်တော့မှာ မဟုတ်ဘူးနော်။ သိဖို့လည်း မကြိုးစားဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ငါ ပိုကြောက်လာတယ်။ ငါက ပန်းတစ်ပွင့်ဆိုရင် ငါမကြွေခင်တော့ နင့်ကို မွှေးရနံ့တွေ ပေးခဲ့ချင်မိတယ်။

အဲဒီနေ့က ကားကြိတ်ခံရတဲ့ စုံတွဲကို ငါသွားကြည့်ဖြစ်အောင်ကြည့်ခဲ့တယ်။ သူတို့နှစ်ယောက်လုံးကိုကြည့်ပြီး ငါ့ရင်ထဲမှာ နာကျင်လာမိတယ်။ ငိုချင်သလိုမျိုးပါပဲ။ ကောင်လေးလက်ကလေးတွေက ကောင်မလေးအင်္ကျီစတွေကို ကျစ်ကျစ်ပါအောင်

ဆုပ်ကိုင်ထားတာ။ ဘေးကို တွန်းထုတ်ဖို့ အားထည့်လိုက်ပုံမျိုး ဆိုရမယ်။ ဒါပေမဲ့ မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ ကောင်မလေးကိုတော့ သူ မနာကျင်စေချင်ခဲ့ဘူး ထင်ပါရဲ့။ လောကမှာ ရှင်သန်နေခဲ့စေချင်တာနေမှာ။ နာကျင်စရာ ကောင်းလိုက်တာလို့ ငါ့ရင်ထဲမှာ မြည်တမ်းမိတယ်။ နောက်တော့ သူတို့ခန္ဓာကိုယ်တွေကို လမ်းထဲကနေ လူနာတင်ကားတွေနဲ့ သယ်ထုတ်သွားခဲ့ကြတယ်။

အဲဒီနှစ်ထဲမှာ ငါ နင့်ကို ပိုဂရုစိုက်ဖြစ်ခဲ့တယ်။

တစ်ယောက်ယောက်ကို ချစ်တယ်လို့ ဖွင့်ပြောပြီးမှ စောင့်ရှောက်ပေးနေရတာထက် ရင်ထဲက မြတ်နိုးခြင်းနဲ့ စောင့်ရှောက်ရတာက ပိုပြီး ကျေနပ်ရပါတယ်။ ငါ မွေးရန့်တွေ ပေးခဲ့ချင်မိတယ်။ ဆရာ မောင်စိန်ဝင်းရဲ့ တိတ်တခိုးကဗျာထဲကလို ရွက်ချပ်စို ကြိုအကြားကနေ ဘယ်သူမှ မသိသိပေါ့။

ဒါက တကယ်ချစ်ရတဲ့ သူတစ်ယောက်ရဲ့ သူချစ်ရတဲ့သူအပေါ် ထားတဲ့ အတ္တမပါတဲ့ ချစ်ခြင်းပါပဲ။

(၁၀)

ငါ့အသက် ၂၂ နှစ်

ငါတို့တွေ မငယ်တော့ဘူးနော်ဆိုတိုင်း နင်ကတော့ မျက်စောင်းလှလှကလေးထိုးတုန်းပဲ။ ရန်ကုန်တက္ကသိုလ်မှာ စိတ်ပညာဘွဲ့လွန် တက်နေတဲ့ နင့်ပုံစံကလေးက ကျပ်မပြည့်တဲ့ကလေးလေးလိုနေတုန်း။ ငါ့အသံထွက်ရယ်တိုင်း စိတ်တွေလိုက်လိုက်ဖတ်တဲ့ နင်က ငါ့စိတ်တွေ အကုန်လုံးကိုတော့ မှန်အောင် မဖတ်နိုင်ခဲ့ပါဘူး။

အဲဒီနှစ်အစောပိုင်းမှာ ငါတို့တက္ကသိုလ်တုန်းက သူငယ်ချင်းတွေ စုပြီး ပုဂံခရီးစဉ်ထွက်ဖြစ်ခဲ့ကြတယ်။ ဆောင်းအကုန် နွေရာသီအစ ပိုင်းမို့ ရာသီဥတုက ကြည်လင်တောက်ပနေခဲ့တယ်။ ဂျုံးဂျုံးဂျက်ဂျက် ရထားကလေးကို စီးပြီး ကိုယ်ချစ်ရတဲ့သူတွေနဲ့ ခရီးထွက်ရတဲ့ အရသာက ဘာနဲ့မှ နှိုင်းမရခဲ့ဘူး။ တရိပ်ရိပ်နဲ့ ဖြတ်ကျော်သွားခဲ့တဲ မြို့ကလေးတွေ၊ ရွာကလေးတွေ။ ရထားပေါ်မှာ နင်က ငါ့ကို ဂရုတစိုက်ပါပဲ။ စားစရာဝယ်တိုင်း ငါ့ကို အရင်ကျွေးတယ်။ နင်အိပ်ချင်လာတဲ့အခါ ငါ့ပေါင်ပေါ်ကို တဘက်ကလေး ခင်းပြီး စိတ်လိုလက်ရ အိပ်တယ်။ ခုန်နေတဲ့ရထားကလေးပေါ်မှာ နင်နိုးသွားမှာကို ငါက စိုးထိတ်လို့။ နင်ကတော့ မျက်တောင်ကလေးတွေစင်းပြီး အိပ်မော ကျနေလိုက်တာ။ နှုတ်ခမ်းကလေးတွေက ရဲလို့။ ကိုယ့်ညီမလေး တစ်ယောက် အိပ်ပျော်နေသလို အနားကနေ စောင့်ရှောက်ပေးမိတယ်။ ယင်တွေ လာနားရင်လည်း မောင်းထုတ်ရတယ်။

နောက်တော့ ပုဂံရောက်ပြီး ငါတို့ဟိုတယ်တစ်ခုမှာ တည်းကြတယ်။ ထမင်းစားတိုင်း ဟင်းတွေခပ်ပေး၊ အင်္ကျီတွေဝယ်တိုင်း ငါ့အတွက် သေချာတွေ ရွေးဝယ်ပေးနဲ့ နင့်ဂရုစိုက်မှုတွေအတွက် ကြည်နူးခဲ့ရတယ်။ မြင်းလှည်းကလေးကိုစီးပြီး ရှေးဟောင်းပုဂံဘုရား တွေကြားမှာ ငါတို့တွေ ပျော်ခဲ့ကြတယ်။ ပြာသာဒ်ကြီးဘုရားရောက်တော့ ဓာတ်ပုံတွေရိုက်ကြတယ်။ မြန်မာဝတ်စုံကလေးနဲ့ နင်က ရှေးဟောင်း ဘုရားတွေကြားမှာ နန်းဆန်နေခဲ့ပါတယ်။ အာနန္ဒာဘုရားရောက်တော့ သနပ်ခါးတွေ သွေးကြတယ်။ နင်က ငါ့ကို သနပ်ခါးတွေသွေးပြီး လူးပေးတယ်။ နင့်လက်ချောင်းနုနုကလေးတွေနဲ့ ငါ့ပါးပြင်နွေးနွေး ကလေးကို ထိတွေ့နေတာ။ ငါရှုံးမတတ်ပါပဲ။ ငါ့ကို နင်က ပြောသေးတယ်။ ရုံးပြန်ရင် ဘားတွေ သိပ်မသွားနဲ့ စိတ်ပူလို့တဲ့။ အင်းလို့ ပြောမိလား၊ ခေါင်းညိတ်မိလား ငါမမှတ်မိတော့ဘူး။

နောက်ပိုင်း ငါ ဘားတွေ သိပ်မလိုက်ဖြစ်တော့ဘူး။ နောက် တော့ ငါတို့ဗုံးဘုရားလှေဆိပ်ကနေ တူရွင်းတောင်ရှိတဲ့ တစ်ဖက်ကမ်းကို ကူးကြတယ်။ အဲဒီမှာလည်း နင့်ကို ငါက ဂရုစိုက်တွဲခေါ်ရတယ်။ နင်က အစားစားတာကအစ ဖိနပ်တွေသယ်တာအဆုံး ငါ့အတွက် ဂရုတစိုက် လိုက်လုပ်ပေးတယ်။ ပျော်ရွှင်ခဲ့သော နေ့ရက်များပါပဲ။ အဲဒီနှစ်အစပိုင်းက ပုဂံခရီးစဉ်က ငါတို့နှစ်ယောက်ရဲ့ ခရီးသွားအမှတ်တရတစ်ခုပါပဲ။

အဲဒီနှစ်ပိုင်းမှာပဲ ပုဂံကပြန်လာပြီး အတော်ကြာတော့ တတွဲတွဲ သွားနေကြတဲ့ နင်နဲ့ ဟိုကောင် မူမမှန်ဖြစ်လာခဲ့တယ်။ နင့်ဆီက ပေါက်ကွဲသံစဉ်တွေ ခဏ ခဏ ကြားရတယ်။ ဟိုကောင့်ကို နင် သိပ်ချစ်တဲ့ အကြောင်း။ သူ မူမမှန်တော့တဲ့အကြောင်း။

နေ့ရက်တွေဟာ မွန်းကျပ်စရာ ကောင်းပါတယ်။ ကိုယ် ချစ်တဲ့သူ တစ်ယောက်ဆီက သူချစ်တဲ့လူတစ်ယောက်အကြောင်းကို စိတ်လိုလက်ရ နားထောင်ပေးရတဲ့ အချိန်မျိုးတွေပေါ့။

ရက်တွေခပ်စိပ်စိပ် ငါတို့အိမ်ဘက်ကို နင်ပြန်ရောက်လာတယ်။ ဂစ်တာတွေ အတူတီးကြတယ်။ နင်ပြောနေကျ ချစ်စမ်းမောင် ငိုမယ့် အကွက်တွေနဲ့ ငါတို့ဖြတ်သန်းကြတယ်။ သစ်ခွပင်ကလေးတွေကလည်း လှလှပပ ဖူးပွင့်ကြတယ်။ ဗာဒံပင်ကလေးကတော့ ငါတို့နှစ်ယောက်ကို အုပ်မိုးလို့ပေါ့။

အဲဒီရက်ပိုင်းမှာ စာအုပ်တွေလည်း ဖတ်ဖြစ်ကြတယ်။ မြို့ထဲက စာအုပ်ဆိုင်ကလေးတွေက ငါနဲ့ မိတ်ဆွေဖြစ်နေခဲ့တော့ စာအုပ်တွေ ခဏ ခဏ အိမ်သယ်သယ် ဖြစ်လာတယ်။ အသစ်ထွက်တိုင်းပေါ့။ အဲဒီကာလတွေထဲမှာ ငါဖတ်ပြီး စွဲနေခဲ့တဲ့ စာအုပ်တစ်အုပ်လည်း ရှိခဲ့တယ်။ ဆရာချစ်ဦးညိုရဲ့ လက်ဘ္ဘာဒီပချစ်သူ။

ဟုတ်တယ် ဘယ်သူ ရှိရမလဲ ရာဝဏလို့ခေါ်တဲ့ ဒသဂီရိကို စိတ်ထဲမှာ စွဲငြိနေခဲ့တာပေါ့။

အဲဒီကာလတွေမှာ ကွင်းပြင်စိမ်းကြီးဆီသွားဖို့ ငါတို့ မေ့မေ့ ပျောက်ပျောက် ဖြစ်နေခဲ့ကြတယ်။ နင်ကြိုက်တဲ့ ဟို့ကောင့်ကို ကားပေါ်မှာ ကောင်မလေးတစ်ယောက်နဲ့ နင်တွဲတွေ့လိုက်ပြီးတဲ့ နောက်ပိုင်းပေ့ါ။

နင်ငိုတဲ့နေ့ရက်တွေမှာ ငါက အဖော်အဖြစ် လိုက်ပါလို့ပေ့ါ။ ငါ တောင်းပန်ပါတယ်။

နင်မငိုအောင် လုပ်ပေးနိုင်တဲ့သူက ငါမဖြစ်နိုင်ခဲ့ခြင်းကိုပေ့ါ

(၁၁)

ငါ့အသက် ၂၃ နှစ်။

အဲဒီနှစ်ပိုင်းကတော့ ငါ့စိတ်တွေကို ရိုက်ချိုးခံလိုက်ရသော နှစ်ပိုင်းပေ့ါ။ ငါ့ရဲ့ တက်ကြွခြင်းတွေက အဲဒီနှစ်ပိုင်းမှာ သေတယ်။ ငါ့ရဲ့ စိတ်လိုလက်ရ ဖြစ်တည်ခြင်းတွေက အဲဒီနှစ်ပိုင်းမှာ ရပ်တန့်တယ်။ ငါတစ်ယောက်တည်း ရှင်သန်ရခြင်းတွေကို အဲဒီနှစ်ပိုင်းမှာ ပိုမုန်းတယ်။ အမေနဲ့အဖေဟာ တစ်ယောက်တည်းမွေးပြီး ငါ့ကိုပဲ ပုံအောချစ်ခဲ့ကြပေမယ့် ငါကတော့ တစ်ယောက်ယောက်ဆီကိုပဲ အကြွင်းမဲ့ကပ်ငြိတွယ်ခဲ့တယ်။ ပိုင်ဆိုင်ဖို့ တွယ်ငြိခဲ့တာ မဟုတ်ဘူး။ အတူရှိနေခဲ့ခြင်းကိုပဲ ခုံမင်ခဲ့တာ။ ဒါက စိတ်ရောဂါ တစ်မျိုးလားလို့ ငါ နင့်ကို မေးကြည့်ချင်လိုက်တာ။ တစ်ယောက်ယောက်ဆီမှာ တစ်ယောက်ယောက်စိတ်တွေ ပုံအောနေတာမျိုးကရော ရောဂါပဲလား။ အဲဒါရောဂါ ဆိုရင်တောင် ငါ့ရောဂါက တော်တော်ကျွမ်းနေခဲ့ပါပြီ။

နင်ထွက်သွားတဲ့နေ့က မိုးတွေအုံ့သေးလား၊ နေသာသေးလား ငါမသိခဲ့ဘူး။ ငါလိုက်ရှာခဲ့တဲ့ ညတွေကတော့ ငါ့ရင်ထဲမှာ အုံ့မှိုင်း ညို့ဆိုင်းလို့ပါပဲ။ နင်မရှိဘဲနဲ့ ငါရပ်တည်ရတော့မယ်တဲ့။ ငါ့ကမ္ဘာဟာ မှောင်မည်းတိတ်ဆိတ်။ ဘယ်သူ့မှ မပြောပြဖြစ်ခဲ့တဲ့ ငါ့ရင်ထဲက အကြောင်းတရားကို မသိတဲ့လူတွေကတော့ ငါ့ကို ရူးနေတယ် ပြောကြ မှာပဲ။ တစ်ယောက်တည်းကိုပဲ နှစ်ပေါင်းနှစ်ဆယ်ကျော်ထိ မျက်စိ အောက်က အပျောက်မခံအောင် ဖြစ်ခဲ့ဖူးလား။ တစ်ယောက်တည်းကိုပဲ ခုံခုံမင်မင်နဲ့ တွယ်ငြိခဲ့ဖူးသလား။ ငါတော့ အလူးအလဲပါပဲ။ ကွင်းစိမ်းကြီးကို ဖြတ်ရတဲ့အခါမျိုး။ ဂစ်တာတစ်လက်နဲ့ တဒေါင်ဒေါင် ခေါက်နေ တတ်တဲ့ အခါမျိုးတွေပေ့ါ။ တဖြည်းဖြည်းနဲ့ ဆွေးမြည့်လာတဲ့ နှစ်ပိုင်းပါပဲ။ ငါ့တစ်ကိုယ်စာပေ့ါ။

ဒီနှစ်ပိုင်းထဲ ငါတို့မြို့ကလေးမှာ ရှိုးပွဲတွေ စိပ်လာတယ်။

ဆောင်းညတွေကလည်း သိသိသာသာ အအေးလျော့လာတယ်။ ကွင်းပြင်စိမ်းကြီးမှာ မီးရောင်ကလေးတွေက ပိုလင်းလာတယ်။ ရထား ဥသြသံ တွေကတော့ အရင်အတိုင်းပါပဲ။ ဆွေးဆွေးမြည့်မြည့် အသံကြီးပါပဲ။ ဆိုက်ရောက်လာတာမျိုး ဆိုပေမယ့် ထွက်ခွာဖို့ မိနစ်ပိုင်းအလို ဆိုတာ မျိုးကြီးပါပဲ။ ငါတစ်ယောက်တည်း ရှိုးပွဲတွေလည်း မရောက်ဖြစ်ခဲ့ပါဘူး။အမေထည့်ပေးတဲ့ ထမင်းဘူးကလေး ဆွဲပြီး ဘတ်စ်ကားပေါ်မှာ နားကြပ်တစ်စုံနဲ့ ဆွေးဆွေးမြည့်မြည့် ဖြတ်သန်းလို့ပါပဲ။

နင် ဘယ်တော့များ ပြန်လာဦးမှာလဲ မသိဘူးနော်.....။

««« »»»

"ငါ့ရဲ့ စိတ်လိုလက်ရ ဖြစ်တည်မှုအတိုင်းပဲ

ငါနေမိလိုက်တော့တယ်။

တစ်ယောက်ယောက်ကို စိတ်လိုလက်ရ

မဟုတ်ဘဲ တုံ့ပြန်မှုပေးခြင်းက အဲဒီလူရဲ့ စိတ်ကို

ပိုဒုက္ခရောက်စေတယ် မဟုတ်လား။

မသိခြင်းတွေက တစ်ခါတစ်ခါတော့ စိတ်ကို

သက်သာမှု ရစေတယ် မဟုတ်လား"

နင်သိလား (၂)

မိုးပေါက်ကလေးတွေထဲမှာ

လေပြည်အေးအေးထဲမှာ

နင်ရှိနေတယ်လို့ တွေးမိတဲ့အခါ

အရာခပ်သိမ်း အေးချမ်းတယ်

တိုက်ရောင်စုံကလေးတွေဆီမှာ

ပျံသန်းနေတဲ့ငှက်ကလေးတွေကြားမှာ

နင်ရှိနေတယ်လို့ တွေးမိတဲ့အခါ

အရာခပ်သိမ်း လှပတယ်

ကြယ်ရောင်စုံ ဘူးကလေးထဲမှာ

နံရံကပ်ပန်းချီကလေးတွေဆီမှာ

နင်ရှိနေတယ်လို့ တွေးမိတဲ့အခါ

အခန်းကလေးက ပြည့်စုံတယ်

လရောင်မိုက်မိုက်တစ်နေရာမှာ

မီးရောင်စုံတောက်ပနေတဲ့ မြို့ကလေးဆီမှာ နင်ရှိနေတယ်လို့ တွေးမိတဲ့အခါ

ညတွေက အိပ်စက်လို့ပျော်တယ်

ကိုယ်ချစ်ရတဲ့ တစ်စုံတစ်ယောက်

ကိုယ်မြတ်နိုးရတဲ့ တစ်စုံတစ်ယောက် ကိုယ့်ဘဝထဲမှာ ရှိနေသေးတယ်လို့

တွေးမိတဲ့အခါ

ကိုယ်အားငယ်တဲ့အခါ ကိုယ်ပြိုလဲချင်တဲ့အခါ

ကိုယ့်အပါးမှာ လူတစ်ယောက်ရှိသေးတယ်လို့ တွေးမိတဲ့အခါ

ကျေးဇူးတင်ပါတယ် နှင်ရှိနေတယ်လို့ တွေးမိတာတောင် ငါပျော်ရွှင်ကျေနပ်ခဲ့ရပါတယ်။

(၁)

ပန်းကလေးတွေဟာ ကြွေတတ်မှန်းသိပြီးတဲ့နောက် နှင့်ကို တွေ့ချင်မိခဲ့တဲ့ ငါက နောက်တော့ စိတ်လျှော့လိုက်ရတော့တာပါပဲ။ နှင်က ဘယ်တော့မှ ငါ့အနားကို ရောက်လာတော့မှာမှ မဟုတ်တာ။ ဒါပေမဲ့ ငါပျော်နေခဲ့ပါတယ်။ နှင်ရှိခဲ့ဖူးတဲ့အချိန်တွေနဲ့ နှင်ငါ့အနားမှာ ရှိနေတယ်ဆိုတဲ့ စိတ်ကို ထည့်လိုက်တဲ့အခါပေါ့။ ဟုတ်တယ် နေရာ တိုင်းမှာ နှင်ရှိပါတယ်။ နှင် ပြန်မလာခဲ့တာ ရက်တွေ၊ လတွေ များခဲ့ပါပြီ။ ငါကတော့ တစ်စထက် တစ်စ ယိုယွင်းလို့ပေါ့။ ငါ့ရဲ့ပင်ကို ကံဇာတာကိုက ညှိုးတယ် ထင်ပါရဲ့။ တစ်ခုခုဝင်ရောက်လာတော့မှာကို မတားဆီးနိုင်၊ မပိတ်ပင်နိုင်ပေါ့။ အဖေက ကောင်းကင်ဘုံကနေ ငါ့ကို မျှော်နေရှာခဲ့ပြီလား မသိပါဘူး။ ငယ်ငယ်ကတည်းက ချူချာတဲ့ငါက ဘာတွေ ဖြစ်လာတယ် မသိပြန်ဘူး။ ညညဆို ငါ့လက်တွေက ထုံကျဉ်ကိုက်ခဲလို့။ ငါ့ခန္ဓာ ကိုယ်ကြီးက တစ်စစ ယိုယွင်းလို့ပါပဲ။ ငါ့နှာခေါင်းပေါက် သေးသေး ကလေးက အသက်ရှူလို့မဝ ဖြစ်ဖြစ်လာတယ်။ ခပ်သန်သန် ငါ့လက် တွေက တစ်ခုခုဆို မမြဲချင်တော့ဘူး။ ခဏ ခဏ လွတ်ကျတယ်။ အမေကတော့ ဆူပူကြိမ်းမောင်းလို့ပါပဲ။ သူ့ဗီဇကလေး အတိုင်းပေါ့

ထမင်းကို ဖြစ်ဖြစ်မြောက်မြောက် မစားနိုင်တဲ့ ငါ့ကိုလည်း ပေါက်ပေါက်ဖောက်လို့။ ငါကပဲ သရုပ်ဆောင်တော်ခဲ့တာလား။ နှင်တို့ အားလုံးကပဲ ညှိုးနေခဲ့ကြတာလား ငါ မသိချင်တော့ပါဘူး။ နှင်ကလည်း ငါ့ချစ်ခြင်းကို မသိနိုင်ခဲ့သလို အမေကလည်း ငါတို့နှစ်ယောက်ရဲ့ ပတ်သက်မှုအတွက် စိုးစဉ်းမျှ မမေးခဲ့ဖူးတာပါပဲ။ အမေ မသိနိုင်ခဲ့ပါဘူး။ ငါ နှင့်ကိုလွမ်းတဲ့အကြောင်းပေါ့။ ငါ နှင့်ကိုတွေ့ချင်တဲ့ အကြောင်းပေါ့။

ငါ ဂစ်တာပြန်တီးဖြစ်လာတယ်။ မိန်းကလေးသီချင်းတွေ သိပ် မတီးဖြစ်တဲ့ငါ ခုတစ်လောခေတ်စားတဲ့ ပိုပိုရဲ့ အရင်လိုပါပဲကို အကြိမ်ကြိမ်တွေ တီးနေခဲ့မိတယ်။ ညက တဖြည်းဖြည်း နက်သထက် နက်လာ တယ်။ ကြယ်တွေက ကောင်းကင်ယံမှာ များသထက် များလာတယ်။ လေနုအေးလေးတွေက တိုက်ခတ်လိုက်လို့။ အရင်လိုပါပဲ။ နှင်ရှိနေတယ် ဆိုတဲ့စိတ်နဲ့ ငါပျော်ရွှင်နေမိခဲ့တယ်။

နင်တို့အိမ်ဘက်မှာတော့ မီးရောင်ကလေးကထိန်လို့။ အရင် လိုတော့ မဟုတ်တော့ပါဘူး။ နင်တို့အိမ်ကလေးမှ မဟုတ်တော့တာ။

(၂)

တစ်နေရာရာကို ခရီးထွက်ပါတဲ့။ အထူးသဖြင့် ကမ်းခြေလို နေရာမျိုးတဲ့လေ။ ရက်တွေဆက်ကာ အိပ်ရေးပျက်ပြီးတဲ့ နောက်ပိုင်း တော့ အဲဒီညက လောကကြီးက မှောင်မည်းတိတ်ဆိတ်သွားတာပါပဲ။ ကြယ်တွေဆီကို ငါရောက်တယ်။ နင့်သတင်းသွားမေးတာ ဆိုပါတော့။ ဘောင်းဘီပွပွ၊ အင်္ကျီပွပွ ဝတ်တတ်တဲ့ ကောင်မလေးကိုပေါ့။ နင်များ မျက်စိလည်လမ်းမှားပြီး ကြယ်ကလေးတွေဆီမှာ အိမ်လည်နေသလားပေါ့။ ကြယ်တွေက စကားပြောတတ်တယ်တဲ့။ လူတွေရဲ့ လမ်းပြ ကြယ်ကလေးတွေဟာ ဘယ်လောက် ချစ်စရာ ကောင်းသလဲ။ နင့် အကြောင်းတွေကို စီကာပက်ကုံး ပြောပြတယ်။ နင် နေကောင်းတဲ့ အကြောင်း။ နင် ပျော်နေတယ်ဆိုတဲ့အကြောင်း။ အချိန်တန်တဲ့ အခါ နင်ပြန်လာမယ့် အကြောင်းတွေရောပေါ့။ ကြယ်ကလေးတွေက အရောင် အသွေးအစုံပါပဲ။ အရွယ်အစားလည်း အစုံပါပဲ။ ငါ့ပုလင်းထဲက ကြယ် ကလေးတွေလိုပါပဲ။ သိပ်လှတဲ့ ကြယ်ကလေးတွေစကားထဲမှာ ငါက နစ်မြောလို့ပါပဲ။ နင်ရှိနေတယ်ဆိုတဲ့စိတ်နဲ့ အေးမြငြိမ်းချမ်းလို့ပေါ့။

ငါ ကြယ်လေးတွေကြားထဲက လန့်နိုးတော့ ကောင်းကင် တစ်ခုလုံးမှာ မြူကလေးတွေ ရစ်သိုင်းလို့။ နေရောင်ကလည်း မဖြာနိုင်သေးဘူး။ ငါ တစ်နေရာရာကို ရောက်နေခဲ့တာပါ။ အေးစိမ့်စိမ့်ပါပဲ။ အအေးကြိုက်တဲ့ ငါ့အတွက်တော့ အံကိုက်ပါပဲ။ နှာခေါင်းထဲကို ခပ်ပြင်းပြင်းအနံ့တွက တစ်ချက် တစ်ချက် စူးစူးဝင်လာတယ်။ ငါဘယ်ကို ရောက်နေခဲ့တာမှန်း မသိပေမယ့် ငါရောက်နေတဲ့နေရာက ကောင်းသောရောက်နေချင်မျိုးနဲ့ ရောက်လာတာတော့ မဟုတ်ဘူးဆိုတာ ငါသိပါတယ်။ ငါ့မျက်လုံးတွေကို ဖြည်းဖြည်းညင်းညင်း ပြန်ပိတ်မိတယ်။ အေးစိမ့်စိမ့်လေကလေးက တိုးတိုးသာသာလေး လာထိခတ်လို့။

ရုံးခန်းကလေးထဲမှာ ငါရယ်၊ ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးရယ်။ ငါ့ပုံစံက ယိုင်တီယိုင်တိုင်ပါပဲ။ ဆွဲအားမဲ့နေတဲ့ ပစ္စည်း တစ်ခုလိုပဲ။ **BOD** က ငါ့ကို တစ်ခုခု လက်ခံလိုက်ဖို့ တိုက်တွန်းတယ်။ ငါက လက်ကာပြတယ်။ ငါတို့နှစ်ယောက်လုံးက အပြိုင်အဆိုင် ငြင်းဆန်နေသလိုမျိုးပဲ။ ဘယ်သူမှ အလျှော့မပေးချင်ကြသလို။ ဘာတွေ ပြောနေမှန်းမသိတဲ့ ငါတို့နှစ်ယောက်က ဝေးသထက်ဝေးသွားကြတယ်။ နောက်တော့ အမေ့ကို တွေ့ရတယ်။ အမေကလည်း ငါ့ကို တစ်ခုခုလုပ်ဖို့ ဖျောင်းဖျနေသလိုမျိုး။ ဘာကိုဆိုလိုချင်နေမှန်း ငါနားမလည်ဘူး။ ငါက ဂစ်တာကြီးကို ဆွဲထွက်သွားတယ်။ အမေက ငိုလိုက်လာတယ်။ ပြီးတော့

အနီရောင်တောက်နေတဲ့ ညနေခင်းကို တွေ့ရတယ်။ ငါငိုနေခဲ့တာတဲ့။ ငါ့မျက်လုံးတွေ ပြန်လေးလာတယ်။ နင်က ငါ့မလှမ်းမကမ်းကို ရောက် လာတယ်။ ငါ့နဖူးကလေးကို စမ်းတယ်။ ငါ့လက်ကလေးကို ဆုပ်နယ် ပေးတယ်။ ငါ့စိတ်တွေက အိကျလာတယ်။ တစ်ခုခုအပေါ်ကို သက်ဆင်း သွားသလို ငါ အိပြီးနစ်ဝင်သွားတယ်။လောကကြီးနဲ့ အဆက်အသွယ် ပြတ်တောက်သွားတယ်။

ငါ့မျက်လုံးတွေက ခပ်လေးလေးပဲ။ ပြန်ဖွင့်ဖို့ အတော်အားယူရ တယ်။ ငါပထမဆုံး မြင်ရတာ လိမ္မော်ရောင်တောက်တောက် မျက်နှာကြက်တစ်ခု။ လေလေးက ဖြူးဖြူးလေး။ ပန်းနံ့တစ်ခုကိုပါ ခပ်ဖျော့ဖျော့ရတယ်။ ဘာပန်းလဲ သိပ်တော့ ဝေခွဲမရဘူး။ အနီရောင်ဝတ်သူနာပြုတစ်ယောက် ရောက်လာတယ်။ ငါ့ခေါင်းရင်းမှာ တကုပ်ကုပ်နဲ့ အလုပ်ရှုပ်နေခဲ့တယ်။ အဲဒီတော့မှ ငါ ဆေးရုံတစ်ခုခုကို ရောက်နေပြီ ဆိုတာ ငါသိလိုက်တယ်။ ငါ ဘာဖြစ်သွားခဲ့တာလဲ ပြန်စဉ်းစားတယ်။ ခေါင်းက ရီဝေဝေပဲ။ နောက်တော့ အမေ့အသံ ကြားရတယ်။ ငါ့ လက်ကလေးကို ဆုပ်နယ်တယ်။

လောကမှာ သူ့အတွက် ငါသာရှိတဲ့အကြောင်းတွေ။ ငါက ကျန်းမာနေပေးရမယ်ဆိုတဲ့အကြောင်းတွေ။ ငါတို့သားမိနှစ်ယောက်က ငှက်ကလေးတွေတဲ့။ အမေဟာ တစ်ယောက်တည်း မပျံသန်းပါရစေ နဲ့တဲ့။ ရှိုက်သံသဲ့သဲ့ ကြားရတယ်။ ငါ့လက်ကလေးတွေ ပူလာတယ်။ အမေ့လက်ကလေးတွေရောပဲ။ အမေ ငိုနေခဲ့တာတဲ့။ နောက်တော့ ငါရေးရေးကလေး သတိဝင်လာတယ်။ အမေနဲ့ငါဟာ အပြိုင်ဂျစ်နေကြတာ။ ငါ့ကို မက်ဒီကယ်ချက်အပ် လုပ်ဖို့ ဆေးပြဖို့ ဆေးထိုးဖို့ ပြောနေခဲ့တာ။ ငါက ဘာဖြစ်နေလို့ စစ်ရမှာလည်း ပြန်ဂျစ်တယ်။ ငါ့ခန္ဓာကိုယ်က တကယ်တော့ ဖျော့တော့ချည့်နဲ့နေခဲ့ပြီ

ငါ့ဘေးကိုကြည့်တော့ အမေ့မျက်ဝန်းကလေးတွေဟာ အစ်မို့လို့။ ငါ့လက် ခပ်ယဲ့ယဲ့ကို အားယူမတယ်။ အမေ့လက်ကလေးတွေကို ပြန်ဆုပ်ကိုင်တယ်။ အမေ့နှုတ်က လူဆိုးကလေးလို့ တဖွဖွ ပြောတယ်။ အမေ တစ်ညလုံး၊ တစ်နေ့လုံးများ ငိုနေခဲ့တာလား။ တကယ်တော့ ငါက သိပ်ဆိုးပါတယ်။ နင့်အပေါ်ကလွဲလို့ပေါ့။

(၃)

ညလေပြည်အေးအေးအောက်မှာ အမေရယ်၊ ငါရယ်၊ အခန်း ကလေးရယ်။ သနပ်ခါးပန်းနံ့ကလေးတွေက ဆေးရုံရဲ့အခန်းတွေဆီ ပျံ့နှံ့ကြိုင်လှိုင်လို့။ ညတောင် အတော်နက်နေခဲ့ပြီ။ ငါ ရောက်နေတဲ့ အရေးပေါ်ခန်းကလေးက ဆေးရုံမကြီးရဲ့ အက်ဖ်ပုံသဏ္ဌာန် အဆောက်အဦ အဆုံးမှာမို့ နည်းနည်းတိတ်တယ်။ အရေးပေါ်အခန်းဆိုတော့ ပိုတိတ်တာ နေမယ်။

အမေက ငါ့လက်ကလေးကို ဆုပ်ကိုင်လို့။ ငါ အားတွေ နည်းနေခဲ့တာတဲ့။ ငါ့မျက်ခွံကလေးတွေ သွေးလက်ညှိုးကလေးနဲ့ ဖွဖွ ကလေးထိတယ်။ ငါ့မျက်ဝန်းကလေးတွေ ညှိုနေခဲ့တာတဲ့။ အမေ့အသံ လေးတွေက ရှတတနဲ့ တိုးလျှနေခဲ့တယ်။ လူဆိုးကလေး လိမ်လိမ်မာမာနေပါဆိုပြီး ထပ်ခါထပ်ခါ တိုးလျှလျှရွတ်တယ်။ ငယ်ငယ်ကလိုပဲ ငါက ရောဂါထူတုန်းပဲလို့ပြောတယ်။ ငါက တက်ကြွသလောက် စိတ်လည်း ကျလွယ်တယ်တဲ့။ ဆံပင်ကလေးတွေကို ပွတ်သပ်ရင်း အားတင်းထားပါ သားကလေးရယ်တဲ့။ အမေ့အသံတွေ တော်တော် အက်ရှနေခဲ့တာပါ။ ငါ့ရင်ထဲမှာ လေးပင်လာလိုက်တာ။

ခုချိန်မှာ နင်သာရှိရင် ဆေးရုံကို လိုက်လာမှာပဲနော်။

ငါ ခုတစ်လော အားတွေ ပိုပိုနည်းလာတယ် ထင်ပါရဲ့။ အရေးပေါ်ခန်းထိ ရောက်တယ်တဲ့လေ။

နင် မှတ်မိသေးလား။ အဲဒီတုန်းက ငါတို့တွေ အတန်းငယ် ဦးမယ် ထင်တယ်။ ဖျားနေရက်ကြီးနဲ့ ငါ ကျောင်းတက်ခဲ့တာလေ။ နင်က ပြန်ဖို့ ပြောတယ်။ နင်လိုက်ပို့မယ်တဲ့။ ငါက အတန်းပျက်မှာ ကြောက်တယ်။ ငါက အဲဒီထဲက ပေပေတေတေကလေး။ နောက်သုံးရက် လောက်ကြာတော့ ငါ အပြင်းဖျားတော့တယ်။ ဆေးရုံတွေတက်ရတဲ့ထိ ဖြစ်တယ်။ ဆေးထိုးရတာ ငါကြောက်တယ်။ ဆေးတွေသောက်ရတာကို ငါမုန်းတယ်။ ငါက တကယ်တမ်းကျ အားပြင်းသလိုနဲ့ ထိရှလွယ်ကလေးပါပဲ။ ခုလည်း ငါက ထိရှလွယ်ကလေး ဖြစ်လာတယ် ဆိုပါတော့။

သိပ်ကောင်းပါတယ်။ နင်ကတော့ ဘာကိုမှသတိရမနေခဲ့ဘူး။ ငါ့ကို သတိမရရင်တောင် အချိန်တွေအကြာကြီးနေခဲ့တဲ့ နင်နေခဲ့တဲ ဒီမြို့ကလေးကိုတော့ နင်သတိရသင့်တယ် မဟုတ်လား။ နင်ပြန်လာသင့်တယ် မဟုတ်လား။ နင်က ငယ်ငယ်ကအတိုင်းပါပဲ။ တကယ်တမ်းလည်း ဘာကိုမှ မက်မက်မောမော မတွယ်တာတတ်ခဲ့ပါဘူး။

(၄)

ငါဆေးရုံမှာ ရက်ပိုင်းလောက်နေပြီး ဆေးရုံပြန်ဆင်းရတယ်။ ဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ ခရီးတစ်ခုထွက်ဖို့ ပြင်ရတယ်။ တစ်ယောက်ယောက်ကို ခေါ်သွားဖို့ အမေကတော့ အကြံပေးတယ်။ ငါက ငြင်းပယ်တယ်။ တကယ့် တကယ်တမ်းကျ ငါက တစ်ယောက်တည်း နေရတာကို ပိုနှစ်သက်လာတယ်။ နင်နဲ့အတူ နေရတာက လွဲလို့ပေါ့။ ဘယ်သူမှ မပါဘဲ ခရီးထွက်ရတာကို ပိုသဘောကျလာတယ်။ တစ်ယောက်တည်း စားချင်တာ စားမယ်။ သွားချင်တဲ့နေရာတွေကို သွားမယ်။

တစ်နေရာရာကို နှစ်သက်မိတဲ့အခါ တစ်နေကုန် နေမိရင် နေမိမယ်။ ဘယ်သူ့ကိုမှ အားနာစရာ မလိုသလို ဘယ်သူ့အတွက်မှ ငဲ့ကွက်စရာမလိုဘူး မဟုတ်လား။ တွေးလိုရာတွေ တွေးမယ်။ ငါကတော့ တစ်ယောက်တည်းပဲ ပိုနေချင်လာတယ် ဆိုပါတော့။

ခရီးကို ငါ့ဆန္ဒအရပဲ ငါတစ်ယောက်တည်းပဲ ထွက်ခဲ့တယ်။ အမေ့ရဲ့ အမှာတော်သံတွေအစောက်က ရှုန်းထွက်ပြီးတဲ့နောက် ငါ သွားချင်တဲ့နေရာဆီ သွားခဲ့တယ်။ ပင်လယ်ပြင်ကြီးကတော့ ငါ့ကိုဆီးကြိုနေခဲ့မလား ငါမသိပါဘူး။ ကျောင်းတုန်းက နင်နဲ့ငါ တိုင်ပင် ဖြစ်ခဲ့တဲ့ ခရီးထဲက တစ်ခု ဆိုပါတော့။ ပင်လယ်ပြင်တွေဆီ၊ မြင့်မား မတ်စောက်တဲ့ တောင်တန်းတွေဆီ။ ခုတော့ ငါတစ်ယောက်တည်း ခရီးတွေဆီ လွင့်မျောလို့ပါပဲ။ မြင့်မားမတ်စောက်တဲ့ တောင်တန်းတွေဆီ အရင်ရောက်တယ်။ ငါတစ်ယောက်တည်းပါပဲ။

တိမ်တွေကို အပေါ်က အုပ်မိုးကြည့်ချင်ခဲ့တဲ့ နင်ကတော့ ဘယ်ဆီ ဘယ်ဝယ် မသိပေ့ါ။ စိမ်းစိုနေတဲ့တောင်တန်းတွေနဲ့ ရေတံခွန် တွေကတော့ ငါတို့စိတ်ကူးထဲကလို လှပလို့ပါပဲ။ မြို့ကမ်းပါးယံ လေးတွေကနေ စီးကျနေတဲ့ ရေတံခွန်လေးတွေ၊ သစ်တောအုပ်ဆိုင် ဆိုင်းတွေကြားက ရေတံခွန်ကြီးတွေ။ နင်သိလား ကမ္ဘာမြေက တကယ် လှပါတယ်။ နင်နဲ့ငါ အတူတူရှိနေခွင့် မရှိတာကလွဲလို့ပေါ့။

ပင်လယ်ကြီးဆီကို ရောက်တဲ့နေ့ကတော့ မနက်စောစော အချိန်။ လူတွေ သိပ်မရှုပ်ထွေးသေးတဲ့ ကမ်းခြေမှာ ငါတစ်ယောက်တည်း လမ်းလျှောက်နေခဲ့တယ်။ ငါခရီးထွက်လာတဲ့ လေးရက်မြောက်နေ့ပေ့ါ။ ပင်လယ်လေက ငါ့နှာခေါင်းဝလေးကို လေတွေအများကြီး ရှူနိုင်အောင် အထောက်အပံ့ ပေးခဲ့တယ်။ ပင်လယ်လေက လွတ်လပ်တယ်။ အေးမြ တယ်။ ရေအရောင်က စိမ်းပြာရောင်လွှမ်းနေခဲ့တယ်။ ကူးခပ်သူမဲ့လို ပကတိရိုးရှင်းနေခဲ့တယ်။ သဲဖြူဖြူကလေးတွေက သဘာဝအတိုင်း ရိုးရှင်းလို့ ငါ့လက်ထဲမှာ စာအုပ်တစ်အုပ်လည်း ပါတယ်။ ဘာစာအုပ်လို ထင်လဲ။ အားနက်ဟဲမင်းဝေးရဲ့ စာအုပ်တစ်အုပ်ပေ့ါ။ သူ့စာအုပ်တွေ ထဲက အနှစ်သက်ဆုံး **The Old Men And The Sea** စာအုပ်ကလေး ပဲပေ့ါ။ လှိုင်းဖြူဖြူကလေးတွေ တက်လာတဲ့ အစပ်နားရောက်ဖို့ တစ်တောင်လောက်အလိုမှာ သဲဖြူဖြူတွေကြားထဲ ပစ်ထိုင်တယ်။

သူတို့က ညစ်ပေစေတယ်လို့ ငါထင်မိပေမယ့် တကယ့် တကယ်တမ်းကျ သူတို့က စိတ်လိုလက်ရ ဖက်တွယ်တတ်ကြတယ်။ အေးမြခြင်း၊ နူးညံ့ခြင်းကို ပကတိအတိုင်း ပေးတယ်။ ဘာမျှော်လင့်ချက် တွေနဲ့မှ ဟန်ဆောင် မနူးညံ့စေခဲ့ဘူး။ တလိပ်လိပ်တက်လာတဲ့ လှိုင်းဖြူဖြူတွေရဲ့ အသံကို နားဆင်ရင်း ပင်လယ်ပြာကြီးဆီ တမေ့တမော ငေးမိတယ်။ ဟဲမင်းဝေးရဲ့ အဘိုးအိုဟာ ဒီပင်လယ်ပြာကြီးထဲမှာ ရစ်ဝဲ မျောနေခဲ့တာ ဒုက္ခတွေ အဖြာဖြာနဲ့ပေ့ါ။ ငါကျတော့ နင်ဆိုတဲ့ ပင်လယ် ပြင်ထဲမှာ

စိတ်လိုလက်ရနဲ့ ရစ်ဝဲနေခဲ့တာပါပဲ။

အချိန်အတော်ကြာတဲ့အထိ ကမ်းခြေမှာ ငါစာထိုင်ဖတ်နေခဲ့ တယ်။ ဟဲမင်းဝေးရဲ့ အဘိုးအို ပင်လယ်ပြင်ထဲမှာ ရစ်ဝဲနေခဲ့တဲ့ ကာလတွေကို ပြန်ဖတ်နေခဲ့မိတယ် ပြောရမယ်။ ပင်လယ်ပြင်ထဲကန နေမင်း တိုးထွက်လာခဲ့တာကိုတောင် ငါမေ့လျော့နေခဲ့တယ်။ တဟူးဟူးတိုက် နေတဲ့ ပင်လယ်လေက ငါ့ရဲ့နှလုံးအိမ်ကို ငြိမ်လာစေတယ်။ စာအုပ်ရဲ့ စီးမျောခြင်းက ငါ့နှာခေါင်းထဲကို ခပ်သင်းသင်း ရေမွှေးနံ့ တိုးဝင် လာတာကိုတောင် မသိစိတ်ကနေ ပယ်ဖျောက်ထားနိုင်ခဲ့တယ် ဆိုရမယ်

လေနည်းနည်းထန်လာပြီး ထိုင်တဲ့အစပ်ထိ လှိုင်းဖြူတွေ တက်လာမှ ငါ့ဘေးမှာ လူတစ်ယောက်ယောက် ရောက်နေခဲ့မှန်း ငါသတိထား မိခဲ့တယ်။ ကောင်မလေးတစ်ယောက်ပေါ့။ မဖြူမညို အသားရောင်နဲ့ မျက်တောင်မွေးကော့ကော့ကလေးတွေ။ ရွှန်းစိုစို မျက်ဝန်းတောက် တောက်တွေ။ ဆံပင်ကို အကုန်သိမ်းပြီး မြှောက်စည်းထားတဲ့ ခပ်မြင့်မြင့် ဆံပင်ရယ်။ ရဲရင့်ရင့်ဟန်ရယ်။ သူလည်း ငါ့ဘေးမှာ ပင်လယ်ကို ငေးမောနေခဲ့တာပါပဲ။

ငါ သူ့ကို သတိထားမိချိန်မှာ သူနှုတ်ကနေ ခပ်အေးအေး စကားဆိုတယ်။ “ကိုဂျူနို နေကောင်းသွားပြီလား” တဲ့။ ငါနှုတ်ဖျား တွေဟာ တိတ်ဆိတ်ဆွံ့အနေခဲ့မိတယ်။ ငါ့ဘဝမှာ ဂျူနိုဆိုတဲ့နာမည်ကို သုံးနှုန်းကြတာ အဖေနဲ့ နင်ကလွဲလို့ ဘယ်သူမှ မရှိခဲ့ဘူးလေ။ အမေ ကတော့ အနောက်တိုင်းနာမည်တွေကို သဘောမကျသူမို့ ဘယ်တုန်းကမှ ငါ့နာမည်ကို ဂျူနိုလို့ မသုံးခဲ့ဖူးဘူး။ အဲဒီကောင်မလေးကတော့ တတိယ ပါပဲ။ ဂျူနိုဆိုတဲ့ ငါ့နာမည်ကို စိတ်လိုလက်ရ ခေါ်ခဲ့သူထဲမှာပေါ့။ စကားတွေအကြာကြီး ထိုင်ပြောဖြစ်ပြီးတဲ့ နောက်တော့ သူနဲ့ငါ ကမ်းစပ် တစ်လျှောက်မှာ လမ်းအတူလျှောက်ဖြစ်ကြတယ်။ ငါ့ရဲ့ တစ်ယောက် တည်းခရီးမှာ စကားပြောဖော်တစ်ယောက်ယောက် လာခဲ့တာ ဆိုပါ တော့။ ဂျူနိုလို့ စိတ်လိုလက်ရ ခေါ်တတ်တဲ့ ကောင်မလေးပေါ့။)

အဲဒီလိုနဲ့ သူနဲ့ ငါ တစ်နေကုန်ကမ်းခြေက ဆိုင်ကလေးထဲမှာ စကား လက်ဆုံကျရင်း ဖြတ်သန်းခဲ့ကြတယ်။ ကမ်းခြေရဲ့နေဝင်ချိန် တွေကိုပါ အတူ စောင့်ကြည့်ဖြစ်ခဲ့ကြတယ်။ စာအုပ်တွေအကြောင်း ကဗျာတွေအကြောင်း ပြောဖြစ်ကြတယ်။ အကြိုက်ဆုံးစာရေးသူတွေကို ပြောကြတော့ သူနဲ့ငါ အကြိုက်တူပြန်တယ်။ ငါက ဟဲမင်းဝေးနဲ့ တော်စတွိုင်းကြိုက်တယ်ဆိုတော့ သူက **Oh My God** လို့ ရွတ်တယ်။ အဲဒါ သူ့ခရေဇီတွေတဲ့။ နောက်တော့ သူအကြိုက်ဆုံးက မြန်မာ စာရေးသူက ဆရာမ ဂျူးလို့ ပြန်ဖြေချိန်မှာ ငါ့ နှုတ်က **Oh My God** လို့ ပြန်ရွတ်မိသွားတယ်။

သူကတော့ ဂျူးရဲ့ ဇာတ်ကောင်မိန်းမတွေ ထက်မြက်မှုကို ကြိုက်တာတဲ့။ အဲ့ဒီတော့ ငါ နင့်ကို သတိရလာမိပြန်တယ်။ နင်ကကျ တစ်မျိုးလေ။ ဂျူးရဲ့ စာအုပ်တွေထဲက အမျိုးသမီးတွေရဲ့ ခန့်မှန်းရခက်တဲ့ စိတ်ကို ကြိုက်တာလို့ ပြောဖူးတယ်။ လူတွေက ရှုမြင်ပုံခြင်း ခံစားပုံခြင်းတွေ မတူတဲ့အကြောင်းကို ငါပိုနားလည်လာခဲ့ရတယ်။

ငါ့ခံစားချက်တွေကို နင် နားမလည်ခဲ့ခြင်းကို ငါလက်ခံ တတ်လာသလို နင့်ခံစားချက်တွေကို ငါ မြင်မရခဲ့ခြင်းကိုလည်း ငါသိနိုင် လာခဲ့တယ်။ ကဗျာတွေအကြောင်း ဆက်ပြောကြပြီး အဲဒီကောင်မလေး က အဲဒီညနေပိုင်းမှာ ကင်မရာတစ်လုံးနဲ့ ပင်လယ်ကမ်းစပ်က အဖြစ် အပျက်တွေကို တဖျပ်ဖျပ် မှတ်တမ်းတင်တယ်။ လူတွေ၊ လှိုင်းတွေနဲ သဘာဝတွေကိုပေါ့။ ငါကတော့ အဲဒီကောင်မလေးရဲ့ လှုပ်ရှားမှုတွေ ငေးမောရင်း နင့်ကို လွမ်းနေခဲ့ပါတယ်။

အဲဒီညနေက ကောင်မလေးက ငါ့ဆီက အီးမေးလ်လိပ်စာ တောင်းတယ်။ အကြောင်းပြချက်ကတော့ ငါ့ဆီကို ပုံတွေပို့ပေးဖို့ပါပဲ။ အဲ့ဒီညပိုင်းမှာတော့ ကောင်မလေးဆီက အီးမေးလ်တစ်စောင် ရောက်လာခဲ့တယ်, **attach file**ရဲ့အပေါ်မှာ "ဖြာကျသွားသော အလင်းတန်း "ဆိုတဲ့ စာလေး။ **attach** ဖိုင်ထဲမှာက ပုံတွေတော့ မပာတ်ခဲ့ပါဘူး။ မနက်ဖြန် ပင်လယ်ထဲက ကျွန်းတွေဆီကို အလည် သွားဖို့ ဆိုတဲ့ စာသားကလေးပါပဲ။ ကမ်းလှမ်းစာဆို ပိုမှန်မယ်ထင်တယ်။ ငါ့ကိုပါ အပါလိုက်ခဲ့ဖို့ ခေါ်တဲ့စာပါပဲ။ စစချင်းတော့ လူတွေအများကြီးနဲ့ ရောမနေချင်တဲ့ ငါ့စိတ်ကြောင့် ငြင်းပယ်ကြည့်ပါသေးတယ်။ နောက် တော့ အသစ်အဆန်းတစ်ခုခုက အနာဟောင်းတွေကို ကုသပေးနိုင်တယ်ဆိုတဲ့ သူ့စကားတစ်ခွန်းကြောင့် ငါလိုက်ဖို့ ဆုံးဖြတ်ဖြစ်ခဲ့တယ်။

နောက်နေ့ မနက်ပိုင်းမှာတော့ ငါတို့ စပိဘုတ်တစ်စင်းနဲ မြန်မာ့ပင်လယ်ပိုင်နက်ထဲက ကျွန်းတွေဆီ သွားခဲ့ကြတယ်။ အဲဒီနေ့က ကောင်မလေးက အရင်ကထက် ပိုလှနေခဲ့တယ်။ တက်ကြွနေခဲ့တယ်။

တစ်ခုခုကို စိတ်လိုလက်ရ ဖြစ်တည်နေရသလို အဓိပ္ပာယ်ပေါ်လွင် နေတယ်။ ငါကတော့ အရင်ထက် ဖြစ်တည်မှုကလေး အဓိပ္ပာယ် ရှိနေခဲ့ပါတယ်။ တကယ်လို့သာ နင်ပါခဲ့ရင် သိပ်ကောင်းမှာပါပဲ။ တရိပ်ရိပ်နဲ့ လှုပ်ခတ်ပြီး လန်းဆန်းတဲ့ ရေတွေကြားထဲမှာ နင်မူးများ နေမလား မသိဘူး။ ငါကတော့ အနိမ့်အမြင့်တွေကြား ပြုံးနေခဲ့မိတယ်။

ငါတို့ကျွန်းနှစ်ခုစီ ဦးတည်သွားခဲ့ကြတယ်။ တစ်ခုက နင်နဲ့ငါ ပုံတွေ ကြည့်ပြီး သိပ်သွားချင်ခဲ့တဲ့ **Bird Island** ပါပဲ။ မြင့်မား မတ်စောက်တဲ့ လှေကားကလေးနဲ့ ကျောက်ဆောင်တက်လမ်းတွေ။ ခြေချောင်းဖြူဖြူကလေးတွေ ပြန်မြင်နိုင်တဲ့

ကြည်မြနေတဲ့ ပင်လယ် ကမ်းစပ်တွေ။ ကျောက်တုံးလှလှကလေးတွေ။ ကောင်မလေးနဲ့ ငါက ကြည်မြနေတဲ့ ရေပြင်ထဲက ခြေထောက်ကလေးတွေနဲ့ ကျောက်တုံး ကလေးတွေကို ကင်မရာနဲ့ မှတ်တမ်းတင်ကြတယ်။ ကျွန်းကလေးရဲ့ အမြင့်ဆုံးတောင်ထိပ်ကို တက်ကြတယ်။ သစ်ပင်စိမ်းစိမ်း ကလေးတွေ ရှိတဲ့ ကျွန်းထိပ်ကနေ အဆုံးအစမဲ့တဲ့ ပင်လယ်ပြာကြီးကို ငေးမောကြတယ်။

ဟိုးပင်လယ်ပြင်ထဲက သွားနေသလား၊ ရပ်နေသလား ဝေခွဲ မရတဲ့ သင်္ဘောဖြူဖြူကလေးကို သစ်ရွက်တွေကြားထဲကနေ လှလှ ကလေး မှတ်တမ်းပုံ ရိုက်ယူမိတယ်။ တချို့အရာတွေက ဝေးကွာလွန်း ပေမယ့် လှပခြင်းကို ခံစားခွင့် ရှိနေသေးတာပါပဲ။ ပိုင်ဆိုင်လိုစိတ် အလျှင်းမရှိပါပဲပဲ့။ အဲဒီကနေ ငါတို့ ကျွန်းလျှားရှည်ကို ဆက်သွား ခဲ့ကြတယ်။

- ဟိုရောက်တော့ ရေပြင်ပြာပြာအောက်က သန္တာကျောက်တန် တွေရဲ့ အလှကို ခံစားဖို့ ပင်လယ်ထဲကို ဆင်းကြတယ်။ **Snorkeling**လုပ်ကြတယ်။ ရေကူးတတ်ပေမယ့် အလေ့အထ ပျက်နေခဲ့တယ်။ ငါ ပင်လယ်ထဲမှာ မွန်းကျပ်နေခဲ့တယ်။ စပိဘုတ်ဆီကိုအားယူပြီး ပြန်သွားဖို့ လုပ်တယ်။ ငါ့လက်တွေ ခြေထောက်တွေကို ပင်လယ်လေနဲ့ လှိုင်းတွေက တွန်းထုတ်တယ်။ စပိဘုတ်နဲ့ ငါက ဝေးသထက် ဝေးလာခဲ့တယ်။ ငါ အသက်ရှူတွေပါ မဝ ဖြစ်လာခဲ့တယ်။ အဲဒီနောက်တော့ ငါ့လက်တွေကို တစ်ခုခုက ဆုပ်ကိုင်လိုက်တာ ငါသိလိုက်တယ်။

ကောင်မလေးပဲပေါ့။ ငါ့ကို လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး စပိဘုတ်ဆီကို သူကူးခပ်တယ်။ လေထန်နေတဲ့ လှိုင်းလုံးတွေကြားထဲမှာ ကောင်မလေးနဲ့ ငါ လူးလွန့်နေခဲ့တယ်။ စပိဘုတ်ပေါ်ရောက်တော့ ကောင်မလေးက ရယ်မော ပျော်ရွှင်နေခဲ့တယ်။ ရေသန့်ဘူးကိုဖောက်ပြီး ငါ့ကိုတိုက်တယ်။ လန့်နေသေးသလားတဲ့။ ငါပြုံးပြတော့ သူထပ် ရယ်တယ်။ ငါ့စိတ်တွေထဲမှာတော့ သူ့နေရာမှာ နင်ဆိုရင်ရောဆိုတဲ့ အသိနဲ့ ပင်လယ်ပြင်ကို ငေးမော အဖြေရှာနေခဲ့မိတယ်။

အဲဒီညက ငါ့ဆီကို အီးမေးလ်တစ်စောင် ထပ်ရောက်တယ်။ **attach file** အပေါ်မှာရေးတာက တစ်မျိုးလေး။ “အပြာရောင်ခြယ်သော ပန်ချီကား” တဲ့။ **attach fle** အထဲက စာသားက “ဂွတ်နိုက်ဒ်၊ ဆေးသောက်ဖို့ မေ့နေမယ်နော်” တဲ့။ ငါမျှော်လင့်သလို နင့်ဆီကစာ မဟုတ်ခဲ့ပါဘူး။ကောင်မလေးဆီကပါပဲ။

(၅)

ပင်လယ်ပြင်ဆီက ပြန်လာပြီးနောက်ပိုင်းတော့ ငါနေလို့ထိုင်လို ပြန်အဆင်ပြေစပြုလာတယ်။ တံခါးခေါက်ပြီးမှ ဝင်ခွင့်တောင်းတတ်တဲ့ အမေက

ငါ့အခန်းကို သရဲကားတွေထဲကလို တစ်ခုခုရှိမလား သံသယမျိုးနဲ့ လာလာ ခိုးဖွင့်တယ်။ ငါ့မျက်ဝန်းတွေနဲ့ တည့်တည့်တိုးရင် ပြုံးဖြီးဖြီးအမေက တံခါးကို ပြန်ပြန်ပိတ်သွားတယ်။ အမေတစ်ယောက်က သားသမီးတစ်ယောက်ကို ချစ်မြတ်နိုးခြင်းပါပဲ။ ငါ ကောင်းကောင်း ရှင်သန်ဖို့ လိုအပ်ခြင်းလို့ ယူဆရမယ့် အရာပဲပေါ့။

နင်သိလား ညဘက်ကိုရောက်တဲ့အခါတိုင်း ငါ့အီးမေးလ်ကို စာတစ်စောင် ရောက်ရောက်လာတတ်နေပြီ။

"စံပယ်ပွင့်များနဲ့ အိပ်မက်အိမ်"

"ရဲရင့်ခြင်းနဲ့ စက်ဘီးကလေး"

"ဂစ်တာသံ တိမ်တိုက်များ"

အဲဒီလို ခေါင်းစဉ်လို့ ခေါ်ရမယ့်စာသားပါတဲ့ ထူးထူးခြားခြား စာကလေးတွေပေါ့။ အထဲက စာကလေးတွေကတော့ တစ်ယောက် ယောက်ကို တစ်ယောက်ယောက်က ဂရုစိုက်တဲ့ မေတ္တာစာကလေးတွေပါပဲ။

စာငါးစောင်လောက် ရောက်လာပြီးတဲ့ အချိန်တုန်းက ငါ တစ်ခုခုလုပ်ဖို့ဆုံးဖြတ်ဖြစ်ခဲ့သေးတယ်။ စာပြန်လိုက်ဖို့ပါပဲ။ နောက်တော့ ငါ့ရဲ့စိတ်လို လက်ရဖြစ်တည်မှုအတိုင်းပဲ ငါ နေမိလိုက်တော့တယ်။ တစ်ယောက်ယောက်ကို စိတ်လိုလက်ရ မဟုတ်ဘဲ တုံ့ပြန်မှုပေးခြင်းက အဲဒီလူရဲ့စိတ်ကို ပိုဒုက္ခရောက်စေတယ်လို့ ငါတွေးမိလို့ပါပဲ။ မသိခြင်းတွေက တစ်ခါတစ်ခါတော့ စိတ်ကို သက်သာမှု ရစေတယ်မဟုတ်လား။ သူ စိတ်သက်သာပါစေပေါ့။

လွန်ခဲ့တဲ့ညတုန်းက အင်တာနက်ကနေ ဗီဒီယိုဖိုင်တစ်ဖိုင် ကြည့်ဖြစ်တယ်။ လူတော်တော်များများ ကြည့်ဖြစ်တဲ့ ကာတွန်း အယ်နီ မေးရှင်းလေး တစ်ခုပါပဲ။ ဝရန်တာက ဗိုးချဲလ်နဲ့လူက ကားမှတ်တိုင်နားကလူကို ငေးမော အားကျလို့။ ကားမှတ်တိုင်နားကလူက စက်ဘီး နင်းသွားသူကို ငေးမော အားကျလိုက်လို့။ စက်ဘီးသမားက ကားထဲက လူကို ငေးမောအားကျနေလိုက်လို့၊ ဗီဒီယိုကတော့ မက်ဆေ့ချ်သပ်သပ်တစ်ခုကို ပြချင်တာပါ။

ငါကတော့ တစ်ခုခုကို တွေးမိတယ်။ တချို့အရာတွေရဲ့ ဖြစ်တည်နေခြင်းကိုပေါ့။ တစ်ယောက်ယောက်က ငါ့အနားရှိချင်တယ် ငါကတော့ နင့်ကို တမ်းတတယ်။ နင်ကတော့ တခြားသူကို တမ်းတ တယ်။ အဲဒီလို ဖြစ်တည်ခြင်းမျိုးပါပဲ။ ငါတို့က တစ်ဖက်ဖက်ကိုပဲ စုံရပ်ပြီး ရှင်သန်လိုက်ကြတာပါပဲ။ တစ်ဖက်ဖက်မှာ ကိုယ့်အတွက် စိတ်လို လက်ရ ကမ်းနေတဲ့လက်တွေကို

မမြင်နိုင်လို့ပေါ့။ ဒါဟာ လူသားတွေရဲ့ ဖြစ်တည်ရှင်သန်လိုမှု ပုံစံတွေထဲက တစ်ခုလို့တောင် ဆိုရမှာပါပဲ။ ငါ့မှာတော့ အတွေးညတွေ များလို့ပါပဲ။

(၆)

ညနေခင်းတစ်ခုမှာ ငါ့ဆီကို ထင်မှတ်မထားတဲ့ ပစ္စည်းတစ်ခု ရောက်လာခဲ့တယ်။ အမေကတစ်ဆင့် ငါ့ဆီကို ရောက်လာခဲ့တယ် ဆိုပါတော့။ စာပို့သမားတစ်ယောက် လာပို့သွားတာတဲ့။ အမေက ဘယ်တုန်းကမှ သူ့ပစ္စည်းမဟုတ်ရင် လှည့်တောင်မကြည့်တဲ့ စည်းရှိသူမို့ ငါ့ပါဆယ်ကလေးက ဧည့်ခန်းကလေးထဲမှာ ပုံစံတကျရှိနေခဲ့တယ်။ ငါလည်း စိတ်လိုလက်ရမရှိလို့ ဒီတိုင်းအခန်းထောင့်မှာ ပစ်ထားခဲ့မိတယ်။

အဲ့ဒီညက ငါ့ဆီကိုရောက်လာတဲ့ အီးမေးလ်ရဲ့ ခေါင်းစဉ်က “မျောလွင့်ခြင်းရဲ့ အနားသတ်မျဉ်းကလေး” တဲ့။ အထဲက စာသားလေး ကတော့ “သူ ပို့စ်စတင် ကျသွားပြီ” တဲ့။

အဲဒီလိုနဲ့ ကောင်မလေး ပို့စ်စတင် ဝင်သွားခဲ့တယ် ဆိုပါတော့။ ရှမ်းပြည်မြောက်ပိုင်းက မြို့ကလေးတစ်မြို့ဆီကိုပါ။

နင် သိလား၊ ကောင်မလေးက တခြားသူ မဟုတ်ပါဘူး။ လမ်းထဲက ဆရာဝန်မကလေးပါပဲ။ ဟိုကောင့် ညီမဝမ်းကွဲကလေးပေါ့။

တိမ်တိုက်ကလေးတွေကို ချစ်မိသလိုပေါ့

မနီးနိုင်မှန်းသိသိနဲ ချစ်နေမိခဲ့ပါတယ်

ပိုပိုဝေးသွားမှာမှန်းသိသိနဲ့ပေါ့

လိပ်ပြာကလေးတွေကို ချစ်မိသလိုပေါ့

အကြာကြီးမနားနိုင်မှန်းသိသိနဲ့

ချစ်နေမိခဲ့ပါတယ်

ပျံထွက်သွားမှာမှန်းသိသိနဲ့ပေါ့

သက်တံကလေးတွေကို ချစ်မိသလိုပေါ့

ခဏတာဖြစ်တည်လာတာမှန်းသိသိနဲ့

ချစ်နေမိခဲ့ပါတယ်

ပျောက်ကွယ်သွားမှာမှန်းသိသိနဲ့ပေါ့

ဒီလိုပါပဲ

တချို့အချစ်တွေက

ကိုယ့်အတွက်မဖြစ်နိုင်မှန်းသိသိနဲ့

ချစ်နေမိခဲ့ကြတာပါပဲ

တခြားသူအတွက် ဖြစ်တည်နေမှန်းသိသိနဲ့ပေါ့

ဒါပေမဲ့

ပျော်နေခဲ့ကြပါတယ်

ပိုင်ဆိုင်ဖို့အတွက်

ချစ်နေမိခဲ့တာ

မဟုတ်ခဲ့ကြတဲ့အတွက်ပေါ့။

««« »»»

တကယ်ချစ်ခြင်းမေတ္တာရှိတဲ့ သက်မဲ့ပစ္စည်းဟာ

သူ့သခင်ကို နောက်ဆုံး အသုံးဝင်နိုင်သေးတဲ့အထိ

အကျိုးပြုပြီး အနားမှာ နေပေးတဲ့အကြောင်း

နင့်ကို သိစေချင်ခဲ့မိတယ်။

အဲဒါကြောင့် ငါ စိတ်လိုလက်ရ ရှင်းပြဖြစ်ခဲ့တယ်။

သူတို့က သက်ရှိတွေလိုပါပဲ။ ငါ ချစ်နေမိတဲ့ နင့်အနားမှာ

တစ်သက်လုံးငါ ကပ်ငြိတွယ်နေချင်မိသလိုပေါ့။

ဘာမျှော်လင့်ချက်မပါဘဲ ဖြည့်ဆည်းပေးချင်သလိုပေါ့။

အပြာရောင် ရက်စွဲများ

(၁)

မွေးရန့်တစ်ခုခုကို ရှူရှိုက်မိတဲ့အခါမျိုးပေါ့ ဟိုးတုန်းက အတိတ်တစ်ခုခုကို သတိရတယ် ပြီးတော့ မင်းကို သတိရတယ်

အဲဒီနေ့က တိမ်တိုက်ကလေးတွေက ပိုလှနေခဲ့တယ်။ အပြာပေါ်မှာ ဖြူလွလွကလေးတွေက အထင်းသား ရွေ့လျားကြလို့။ ငှက်ကလေးတွေကလည်း တကျီကျီနဲ့ အသံသာနေခဲ့ကြတယ်။ ပန်း ကလေးတွေကတော့ အရောင်အသွေးအစုံနဲ့ ကမ္ဘာမြေမှာ တင့်တယ်လို့ပေါ့။

ကွင်းပြင်စိမ်းကြီးကို ငါစီးလာတဲ့ ဘတ်စ်ကားဖြတ်သွားချိန်က ညနေခင်းပေါ့။ ငါနားထောင်နေတဲ့ သီချင်းက **West Life** ရဲ့သီချင်း။ အေးအေးကလေးနဲ့ ဆွေးဆွေးကလေးပါပဲ။ ငါ့ရဲ့ ဖြစ်တည်မှုအတိုင်းပါပဲ။ မရောက်တာ ကြာပြီဖြစ်တဲ့ ကွင်းပြင်စိမ်းကိုလည်း ပစ်ထားလိုက်တော့တယ်။ ကိုယ့်ဖြစ်တည်မှုအတိုင်း ကိုယ်နေကျပေါ့။ သူလည်း သူ့ဘာသာ ရှင်သန် လို့ပါပဲ။ ကားပေါ်ကဆင်းပြီး ငါအိမ်ကို လမ်းလျှောက်ပြန်လာတော့ နေလုံးက ပုန်းကွယ်သွားပြီ။ နည်းနည်း အေးစိမ့်စိမ့်အရသာကိုလည်း ရစပြုပြီ။ ခုရက်ထဲ နေလို့ထိုင်လို့လည်း ပြန်အဆင်ပြေလာတယ်။ နင့်ကို သတိရမိတာက လွဲလို့ပေါ့။

လမ်းတစ်လျှောက် ဘယ်သူ့ကိုမှ နှုတ်ဆက်စရာမလိုဘဲ အိမ်ကို ရောက်၊ ဧည့်ခန်းထဲကိုရောက်လာတော့ ခြေပစ်လက်ပစ် ထိုင်ချမိတယ်။ နုံးစစ ဖြစ်နေတဲ့ ခန္ဓာကိုယ်ကို အနားပေးလိုက်ဖို့ပေါ့။ အဲဒီအချိန် ငါ့ရင်ထဲမှာ တစ်ခုခု ခံစားရတယ်။ ပြီးတော့ တစ်ခုခုအနံ့ရတယ်။ ဟုတ်တယ် အဲဒါ နင်သုံးနေကျ ရေမွှေးနဲ့ နင့်ကိုယ်သင်းနံ့။ ငါ့ရင်ထဲမှာ စွဲငြိဆဲရနံ့၊ မှီထိုင်နေရာကနေ ငါ ရုတ်တရုတ်ထတယ်။ ပြတင်းပေါက် ရှိရာဆီ ပြေးသွားမိတယ်။ အိမ်ရှေ့က ဗာဒံပင်နားကထိုင်ခုံကို ကြည့်တယ်။ နင်ရောက်မနေခဲ့ဘူး။ စံပယ်နဲ့ နှင်းဆီပင်တွေရှိရာဆီ ကြည့်မိ ပြန်တယ်။ မရှိဘူး။ နင်ရှိနေတယ်လို့ ငါ့စိတ်က ခံစားလာရတယ်။ နင့်အငွေ့အသက်တွေ၊ နင့်ကိုယ်သင်းနံ့တွေ။ နင် ဘယ်မှာလဲ။ နင် ငါ့ဆီကို ရောက်လာခဲ့တယ်လို့ ငါ့ စိတ်တွေက တဖြည်းဖြည်း ပိုထင် လာခဲ့တယ်။ ပိုခံစားလာရတယ်။

အမေလို့ ငါ့အသံကို အမြင့်ဆုံးကိုတင်ပြီးခေါ်တယ်။ ဘာ တုံ့ပြန်သံမှ

ထွက်မလာခဲ့ဘူး။ အမေ့ကို ရှာရပြန်တယ်။ မီးဖိုခန်းတွေ၊ အိမ်အနောက်ဘက်တွေ။ အမေလည်း ပျောက်ခြင်းမလှ ပျောက်နေခဲ့ တယ်။ ငါ့ရင်ထဲမှာ ငိုချင်သလိုဖြစ်လာတယ်။ နင်ရှိနေတယ်ဆိုတာကို အလိုလို ခံစားလာရတယ်။ မနက်တုန်းက အခန်းထောင့်မှာ ထောင်ထားခဲ့တဲ့ ငါ့ဂစ်တာ။ ဟုတ်တယ် ဂစ်တာ မရှိတော့ဘူး။ သေချာတယ်။ ဂစ်တာ မရှိတော့ဘူး။

ခေါင်းရင်းမှာ ပစ်လဲနေခဲ့တဲ့ စက်ဘီးကလေးကိုထုတ်တယ်။ တစ်နေ့ကုန် ဝတ်ထားပြီး ချွေးနံ့သင်းနေခဲ့တဲ့ဝတ်စုံနဲ့ စက်ဘီးကို အားကုန် နင်းထွက်မိခဲ့တယ်။ ရပ်ကွက်ထဲက လမ်းကလေးရယ်၊ သစ်ပင် ကလေးတွေရယ်က ဟိုတုန်းကလို လတ်ဆတ်သစ်လွင်လို့။ ငါလည်း ဆယ်ကျော်သက်ကလေး ဖြစ်သွားတယ်။ စက်ဘီးကလေးက တရိပ်ရိပ် ပြေးလိုက်တာ။ အဖေဝယ်ပေးစက အသစ်ကလေးအတိုင်းပဲ။ လမ်းလေး တွေကို ဖြတ်တယ်။ လေပြည် အေးမြမြကို ခွင်းတယ်။ ရထားလမ်း၊ကားလမ်း အပြိုင်ရှိတဲ့ ကွင်းပြင်စိမ်းကြီးကလည်း ဟိုးလွန်ခဲ့နှစ်များကလို ငါ့ကို ကြိုဆိုကြတယ်။ သူတို့အားလုံးက သက်ရှိကလေးတွေအလား ငါနဲ့အတူ ပျော်မြူးနေခဲ့ကြတယ်။

စက်ဘီးကို မြက်ခင်းပြင်ပေါ် လှဲချမိလိုက်တယ်။ ပြီးတော့တဖြူးဖြူး တိုက်လာတဲ့လေကို အားရပါးရ ရှူမိတယ်။ အဲဒါ နင်တဲ့လား။ လေအတိုက်မှာ လွင့်မျောနေတဲ့ ခါးလယ်လောက်ရှိတဲ့ ဆံပင်တွေရယ်။ တစ်ခုခုကို စိတ်လိုလက်ရ ငေးမောနေတဲ့ မျက်ဝန်းတွေရယ်။ လက်ချောင်းဖြူဖြူတွေနဲ့ ထွေးပိုက်ထားတဲ့ ဂစ်တာတစ်လက်ရယ်။ ရိုးရာ ဇာတ်ကားတွေထဲကလို အားရပါးရ ပြေးဖက်ပြီး တရှိုက်ရှိုက်နဲ့ ငိုပစ်လိုက်ချင်မိတယ်။ နင် ငါ့ကို ထားသွားရက်တဲ့ အကြောင်းတွေ ရက်ရက်စက်စက် ပြောပစ်ချင်တယ်။ နင့်ကို စိတ်နာကြောင်းရောပေါ့။

ပြီးတော့ နင့်လက်ကလေးတွေ၊ နင့်မျက်ဝန်းတွေ သေချာ ကြည့်မယ်။ နင်ဘာတွေပြောင်းလဲသွားခဲ့လဲ ဆန်းစစ်မယ်။ ငါ့အပေါ်မှာ တစ်စက်ကလေးတောင် သတိရစိတ်၊ လွမ်းစိတ်မဖြစ်ဘူးလား မေးကြည့်ချင်တယ်။ နင့်မျက်ဝန်းတွေမှာ လိမ်ညာနေလား၊ အပြစ်မဲ့နေလား အဖြေရှာမယ်။ နင့်အကြောင်းတွေ အကုန်မေးမယ်။ အများကြီးပါပဲ ငါနင့်ကို ပြောပြချင်မိ၊ မေးထုတ်ချင်မိတာတွေက။

ဒါပေမဲ့ တစ်ခုမှ ငါမလုပ်နိုင်ခဲ့ပါဘူး။ နင်နဲ့ ခပ်လှမ်းလှမ်း ကနေ ဘာသံမှ မပေးဘဲ ငါထိုင်ငေးမောနေခဲ့မိတယ်။ နှစ်တွေအကြာကြီး ငါ့မျက်ဝန်းရှေ့က ပြေးထွက်သွားခဲ့တဲ့ နင့်ကိုငါ အကြာကြီး ငေးမော ကြည့်မိတယ်။ နင်ပြန်ရောက်လာခဲ့တာကို အိပ်မက်တစ်ခုလို ငါထိုင်ပြီ ငေးမောကြည့်ချင်တယ်။ နင်ပြန်ထွက်မသွားခင် ကာလလေးအတွင်း ပေါ့။ အိပ်မက်လားလို့ ငါ့ကိုယ်ငါ ဆန်းစစ်ရတယ်။ တကယ့်အဖြစ် အပျက်ပါပဲ။ နင် ငါ့ရှေ့ကို မမျှော်လင့်ဘဲ ပြန်ရောက်လာခဲ့တာ။ ငါအကြာကြီး ထိုင်ငေးမောနေခဲ့မိတယ်။ ဒီတိုင်းပဲ

ကြည့်နေပါရစေတော့ ငါချစ်ရတဲ့ မိန်းကလေးရယ်။

ငါ့ဘဝထဲကနေ နင်ထွက်မသွားပါနဲ့တော့လား။

(၂)

နင် ပြန်ရောက်လာတဲ့ နေ့ကစလို့ ငါ့ဘဝက ပြန်စိုပြေလာ ခဲ့တယ်။ နင်သိလား နင်နဲ့ အကြာကြီးဝေးရတဲ့ ရက်တွေအကြောင်းလေ။ နင်မသိချင်ပါနဲ့။ အဲဒါက အတော်ပျင်းရိစရာကောင်းတယ်။ ဂစ်တာ ကတောင် ငါ့ကို မုန်းနေခဲ့တာ။ သူနဲ့ဝေးနေခဲ့တဲ့အတွက်ပေါ့။

နင်ပြန်လာပြီးတဲ့နောက်ရက်မှာ ငါတို့ကွင်းပြင်စိမ်းကြီးဆီ ပုံမှန်စက်ဘီးပြန်စီးကြတယ်။ နင့်ခန္ဓာကိုယ်ကလေးက ပိုတစ်လာတယ်။ နင် အရင်ကထက် ပိုတိတ်ဆိတ်လာတယ်။ အရင်ကလို တတွတ်တွတ် မပြောတော့ဘူး။ သာလိကာလေး မဟုတ်တော့ဘူး။ တစ်ခုက နင်ရင့်ကျက်လာတယ်။ ပြီးတော့ ဂစ်တာခေါက်တတ်လာတယ်။ ဆွေးလာတဲ့အခါ၊ အဖော်မဲ့ လာတဲ့အခါ ဂစ်တာက နင့်အဖော်တဲ့။ ငါ့မျက်လုံးတွေ ပြူးကျယ်မိတယ်။

နင်ရော အဲဒီနှစ်ပိုင်းတွေမှာ အဖော်မဲ့နေခဲ့သလား ငါ မေးချင် ပေမယ့် နှုတ်ဆိတ်နေခဲ့မိတယ်။ နင့်နှုတ်ခမ်းကလေးတွေက အရင်ကလိုပဲ ပန်းရောင်သန်းနေခဲ့တယ်။ ငါတို့အိမ်ရှေ့က ဗာဒံပင်အောက်မှာ ကော်ဖီနှစ်ခွက်နဲ့ စကားတွေ ပျိုးကြတယ်။ တစ်ယောက်အကြောင်း တစ်ယောက်မေးဖို့ အားယူကြတယ် ဆိုပါတော့။ ငါ နင့်အကြောင်းတွေ သိပ်သိချင်ခဲ့မိတယ် ဆိုပါတော့။ မမေးနိုင်ခဲ့တာက လွဲလို့ပေါ့။

ငါနဲ့ မြို့ကလေးဆီ အလွမ်းပြေပြန်လာခဲ့တာဆိုတဲ့ စကားကို ကြားပြီးတဲ့ နောက်နေ့မှာ ငါ နင့်ဆီက ဘာမှ ထပ်မမေးဖို့ ဆုံးဖြတ်ချက် ချခဲ့တယ်။

ငါတို့နှစ်ယောက် ဟိုတုန်းက အမှတ်တရတွေကို ညဘက် ကြယ်တွေကြည့်ရင်း ပြောကြတယ်။ မိုးသည်းတဲ့နေ့တွေအကြောင်း။ ကော်ဖီဆိုင်လေးတွေ အကြောင်း။ တက္ကသိုလ်ကြီးကို လွမ်းတဲ့ အကြောင်း။ စက်ဘီးကလေးတွေ၊ ရှိုးပွဲတွေအကြောင်းကနေ အိမ် အကြောင်းရောက်တော့ နင် ရပ်သွားခဲ့တယ်။ ပြီးတော့ လွမ်းလွမ်းဆွေးဆွေးနဲ့ ရှိုးပွဲ ထွက်ကြတဲ့အကြောင်းနဲ့ စကားလမ်းလွှဲခဲ့ရတယ်။ အဲ့ဒီညက နင့်ရှိုက်သံကို ငါကြားရတယ်။ အမှောင်ယံ ကြီးစိုးထားတဲ အိမ်အပေါ်ထပ် ပြတင်းပေါက်နားကနေ နင်တစ်ခုခုကို ငေးမောပြီး ငိုနေခဲ့တာ။ နင်သိလား နှစ်တွေ အကြာကြီး ငါ အဲဒီလို ညတွေကို ဖြတ်ကျော်ခဲ့ရဖူးတယ် ဆိုတာကိုပေါ့။ နင်တို့အိမ်ဘက်ကိုငေးပြီး ငါ ညတိုင်း

မျက်ရည်ကျခဲ့ရဖူးတာပေါ့။

ငါတို့အိမ်ကလေးမှာ ဆည်းလည်းကလေး တပ်ထားလိုက် သလိုပဲ။ အသံတွေ ပြန်မြည်လာခဲ့တယ်။ မီးဖိုခန်းကလေးထဲမှာ အမေနဲ့ နင့်ရယ်သံလွင်လွင်ကလေးတွေ ပံ့လို့။ ငါကလည်း ထမင်းစားစားပွဲမှာ ထိုင်ပြီး ပေါင်မုန့်တွေကင်တယ်။ နင်နဲ့စကားနိုင်လုရင်း တစ်ခါ တစ်ခါ တူးသွားတာမျိုး ရှိတယ်။ အဲဒီအခါ မီးဖိုခန်းကလေးထဲမှာ တူးနံ့တွေ သင်းနေတာပဲ။ အမေကတော့ ရယ်မောနေခဲ့တယ်။

ဟိုးလွန်ခဲ့တဲ့ နှစ်တွေက ကလေးလေးတွေကို ပြန်တွေ့ရသလို အမေ့အပြုံးအရယ်တွေက လတ်ဆတ်နေခဲ့တယ်။ နင်က ငါတို့ကို ငါးထမင်းနယ်လုပ်ကျွေးဖို့ အလုပ်တွေ ထပ်ရှုပ်နေခဲ့တယ်။ မနက်စောစော ပိုင်းမှာလည်း နင်နဲ့ငါစောစောထပြီး မြို့ကလေးရဲ့ဈေးထဲကို စက်ဘီး နင်းသွားခဲ့ကြတယ်။ ကာလအကြာကြီးမသွားဖြစ်ခဲ့တဲ့ ဈေးကလေးမှာ ဆန်လျော်မုန့်ဟင်းခါးတွေ စားကြတယ်။ နင်က အရင်လို ချစ်စရာကောင်းတုန်းပဲ။ ငါ့မုန့်ဟင်းခါးပန်းကန်လေးထဲမှာ အနီရောင်တွေ လွှမ်းနေခဲ့ပြီ။ ပြီးတော့ နင်ပဲ မနေနိုင်။ ရေနွေးတွေငှဲ့ပြီး ငါ့အတွက် အပူကို လေနဲ့ မှုတ်ပေးနေခဲ့တယ်။ ဈေးလေးထဲမှာ ငါတို့လိုတာတွေ ဝယ်ပြီး ပြန်လာခဲ့ကြတယ်။ အဲဒီနေ့က မီးဖိုခန်းကလေးထဲမှာ မွှေးပျံ့နေခဲ့တယ်။

ရှမ်းငါးထမင်းနယ်ကလေးကို စားပြီး အမေက ချီးကျူး နေခဲ့တာ။ နင်ကတော့ ငါတို့သားအမိကိုကြည့်ပြီး ပျော်နေခဲ့တယ်။ ငါစားနေတဲ့ဘေးမှာထိုင်ပြီး သားကြီး စားကောင်းလားဆိုပြီး လိုက်စတယ်။ ရေအေးတွေ ငှဲ့ပေးတယ်။ ပျော်စရာနေ့ရက်များပါပဲ။ နောက်နေ မှာတော့ ငါတို့မြို့ကြီးထဲက ဈေးဟောင်းကြီးတစ်ခုကို သွားကြတယ်။ အဲဒီဈေးက အထည်အလိပ်ဆိုင်မှာ ဖြူလွလွဖျင်စတွေ ဖြတ်ကြတယ်။

လက်ချုပ်စက် သေးသေးလေးတစ်လုံး ဝယ်တယ်။ ကတ်ကြေး အကောင်းစားတစ်လက် ဝယ်တယ်။ အဲဒီနေ့က ငါတို့ အိမ်ပြန်ရောက် တော့ နေဝင်စပြုနေခဲ့ပြီ။ ရေမိုးချိုး ထမင်းစားပြီးချိန် နင်က အလုပ်တွေ ရှုပ်နေခဲ့ပြီ။ ဧည့်ခန်းထဲမှာလည်း မွစာကျဲနေခဲ့ပြီ

ငါက နင့်အနားကနေ လိုရာကူညီရတယ်။ ကတ်ကြေးနဲ့ ထိုးခွဲသံတွေ။ ဂျောက်ဂျောက် ဂျောက်ဂျောက်နဲ့ မြည်သံတွေ။ အဲဒီ အချိန်မှာ နိုင်ငံခြားဖြစ် ဝိုင်နှစ်ခွက်က စားပွဲပေါ်မှာ အသင့်အနေအထား ပဲ။ နာရီသံတချက်ချက်က ပိုကျယ်လောင်လာခဲ့ပြီ။ ညက ပိုတိတ်ဆိတ် လာခဲ့တယ်။ ပြတင်းတံခါးက လေအေးနေနလေးတွေက အေးမြလို့ပဲ။ ကြယ်တွေလည်း စုံလင်နေခဲ့ပြီ။ ဧည့်ခန်းထဲက ဂျောက်ဂျောက် ဂျောက် ဂျောက် အသံတွေက ညတာကိုကျော်လွန်ခဲ့တယ်။

The end လို့ နှင့်နှုတ်က ထွက်လာချိန်မှာ ဧည့်ခန်းထဲကို ပြတင်းတံခါးကနေ နေရောင်တွေဖြာကျနေခဲ့ပြီ။ ငါ့မျက်လုံးတွေလည်း ကြောင်စီစီဖြစ်နေခဲ့ပြီ။ နှင်ကတော့ တက်တက်ကြွကြွပဲ။ ငါတို့ ပေါင်မုန့်တွေ မီးကင်၊ ကော်ဖီကို စက်နဲ့ဖျော်ပြီး မနက်စာကို အမြန် စားရတယ်။ ပြီးတော့ ပြတင်းတံခါးမှန်တွေနဲ့ အခန်းတွေကို ရှင်းကြ ရတယ်။ အကုန်လုံးပြီးသွားချိန်မှာ အိမ်တစ်အိမ်လုံးကို အဖြူလွလွ ကလေးတွေ လွှမ်းသွားခဲ့ပြီ

နှင်က အိမ်ထဲကနေ အိမ်အပြင်ကို ပြေးထွက်တယ်။ ငါ့ကို အိမ်ပြင်ကနေ အော်ခေါ်တယ်။ ငါပြေးထွက်ပြီး နှင့်အနားရောက်တော့ ငါ့ကိုလက်ညှိုးညွှန်ပြတယ်။ ငါတို့အိမ်ကလေးဟာ အဖြူလွလွ အစကလေးတွေ လွင့်ပြီး လှနေခဲ့တယ်။ လိုက်ကာတွေ၊ ခန်းစည်းတွေက အဖြူတွေချည်း ဖြစ်သွားခဲ့ပြီ။ နှင့်နှုတ်ကနေ **“So Beautiful”** လို့ရွတ်တော့ ငါက “ဂေါက်သီး” လို့ ပြန်တုံ့ပြန်ဖြစ်တယ်။ နှင်က မျက်စောင်းလေးခဲပြီး “သောက်ရူး ဂျူနို” လို့ပြောတော့ ငါက “ဂေါက်သီးကလေး နှမ်” လို့ ပြန်ရယ်ပြောမိတယ်။

နောက်တော့ ငါက ပြေးတယ်၊ နှင်က လိုက်ရိုက်တယ် “ဂေါက်သီးကလေးနှမ် ဂေါက်သီးကလေးနှမ်” နဲ့ အော်ပြေးနေခဲ့တယ်။ အိမ်ကလေးကတော့ အဖြူရောင်လိုက်ကာ တလွင့်လွင့်နဲ့ လှနေခဲ့တယ်။ နေ့တိုင်းရေလောင်းနေကျ နှင်းဆီတွေကလည်း လှပစွာ ပွင့်နေခဲ့ကြ တယ်။

နောက်ရက်မှာတော့ ငါတို့မြို့ကလေးရဲ့ အနောက်ဘက်က မြစ်ကမ်းပါးဆီ စက်ဘီးစီးထွက်ကြတယ်။ အဲဒီနေ့က နှင်က ထူးထူးခြားခြား စကားတစ်ခွန်းဆိုတယ်။ “နှင့် စက်ဘီးကလေးက နှစ်တွေ အကြာကြီးဖြစ်တာတောင် နှင့်ဒဏ်ကိုခံနိုင်တုန်းပဲနော်” တဲ့။ ဟုတ်တယ် နှစ်တွေအကြာကြီး ငါ့အပါးမှာ ငါ့အတွက်ရှင်သန်ပေးခဲ့တာ။ ဘာ မျှော်လင့်ချက်မှ မပါပါဘဲပေါ့။ သက်မဲ့ပစ္စည်းတစ်ခုရဲ့ ချစ်ခြင်းမေတ္တာ ပေါ့ ဆိုတော့ နှင်က ရယ်တယ်။ အဲဒါ အမှန်တရားဆိုတော့ နှင်က ထပ်ရယ်တယ်။ တကယ်တော့ သက်မဲ့ပစ္စည်းမှာလည်း ချစ်ခြင်းမေတ္တာ ရှိတဲ့အကြောင်း ငါ နှင့်ကိုရှင်းပြဖြစ်တယ်။

ဟုတ်တယ်။ တကယ်ချစ်ခြင်းမေတ္တာရှိတဲ့ သက်မဲ့ပစ္စည်းဟာ သူ့သခင်ကို နောက်ဆုံး အသုံးဝင်နိုင်သေးတဲ့အထိ အကျိုးပြုပြီး အနား မှာနေပေးတဲ့အကြောင်း နှင့်ကို သိစေချင်မိခဲ့တယ်။ အဲဒါကြောင့် ငါ စိတ်လိုလက်ရ ရှင်းပြဖြစ်ခဲ့တယ်။ သူတို့က သက်ရှိတွေလိုပါပဲ။ ငါ ချစ်နေမိတဲ့ နှင့်အနားမှာ တစ်သက်လုံး ငါ ကပ်ငြိတွယ်နေချင်မိသလိုပေါ့။ ဘာမျှော်လင့်ချက်မှမပါဘဲ ဖြည့်ဆည်းပေးချင်သလိုပေါ့။

ကျောင်းကြီးကို ပြန်သွားတဲ့နေ့က ကံ့ကော်တွေ ပွင့်နေခဲ့ပြီ အပြာရောင်

ဘတ်စ်ကားစုတ်ကြီးနေရာမှာ အဝါရောင်ဘတ်စ်ကား သစ်ကြီးတွေ အစားထိုးသွားခဲ့ပြီ။ အဲကွန်းလေအေးအေးနဲ့ ဘတ်စ်ကားက ဖြတ်ကျော်သွားတဲ့ အရာတွေကို အေးအေးလူလူ ငေးမောခွင့်ရသွားခဲ့ပြီ အဲ့နေ့ကတော့ မနေနိုင်လို့ နင့်ကို စကားတစ်ခွန်း မေးဖြစ်တယ်။ ခုချိန်ထိ မပြောင်းခဲ့တဲ့ ငါ့ဖုန်းနံပါတ်နဲ့ အီးမေးလ်လိပ်စာဆီ နင် ဘာလို့ မဆက်သွယ်ခဲ့လဲ ဆိုတဲ့အကြောင်းပေါ့ ။

နင်က မိန်းကျောင်းဆောင်ကြီးကို ရီဝေဝေငေးတယ်။ ပြီးတော့ ဆိုင်းဘုတ်ပြာတွေ၊ ခိုတွေကိုရောပဲ။ အချိန်အတော်ကြာတဲ့အခါ ငါ မမေးဖြစ်ခဲ့တဲ့ မေးခွန်းတွေအတွက်ပါ နင် စိတ်လိုလက်ရ ပြောပြခဲ့ တယ်။

တစ်ခါတစ်ခါတော့ လူတွေဟာ ကိုယ်လိုရာလမ်းကို လျှောက်ရတာကို မလွယ်မှန်းသိရက်နဲ့ လွယ်တယ်ထင်ခဲ့ကြတယ်ဆိုတာက အစချီခဲ့တယ်။ တောင်တန်းတွေဆီမှာ ခေါင်းချချင်တယ်ဆိုတဲ့ နင့်စိတ်ကူး တွေက တက်တက်စင်လွဲခဲ့တဲ့အကြောင်း။ တကယ့် တကယ်တမ်း နင်ပျော်မယ်လို့ ထင်တဲ့အရပ်က အချိန်ကာလအကြာကြီး နေပျော်ဖို့ ခွန်အားမပေးနိုင်တဲ့အကြောင်းပေါ့။ တချို့အရာတွေက ခဏတာတွယ်ငြိရုံပါပဲ။ ကာလအကြာကြီးတွယ်ငြိဖို့က အမှတ်တရတွေ တသီတတန်း ငြိကပ်နေဖို့လိုတယ်တဲ့။ နောက်တော့လည်း နေသားကျသွားခဲ့ပြန်တာပဲတဲ့။ နင်ပြောတာတွေကို ငါက ခေါင်းရှုပ်တဲ့ဟန် လုပ်ပြတော့ နင်က ပြုံးတယ်။ တချို့အရာတွေက ကိုယ်တိုင် မခံစားရဘဲနဲ့ နားလည်ဖို လုံးဝခဲယဉ်းတယ်တဲ့။ ဟုတ်မှာပါ။ ဒါက အနီးစပ်ဆုံး အမှန်တရားလို့ ငါယုံကြည်ပါတယ်။ငါတို့မြို့ကလေးနဲ့ မြို့ကြီးကို နင်က လွမ်းသတဲ့လေ။ ဝက်သား တုတ်ထိုးဆိုင်ကလေးတွေ၊ ကုန်တိုက်ကြီးတွေ၊ လိုက်ဘရီတွေ၊ ငါတို့ မြို့မှာ ကျင်းပတတ်တဲ့ ဆောင်းရာသီရှိုးပွဲတွေရောတဲ့။ နင် ဘာလို ငါ့ကို မဆက်သွယ်တာလဲဆိုပြီး ငါကြားဖြတ်မေးချင်တဲ့ စိတ်တွေကို တားဆီးထားနိုင်ခဲ့တယ်

နင့်အသံတွေ နင့်မျက်ဝန်းတွေက တစ်ခုခုကို တကယ်သတိရနေခဲ့တာပါပဲ။ အချိန်အကြာကြီး အတူတကွ ဖြတ်သန်းခဲ့ကြခြင်းတွေကိုပေါ့။ ငါတော့ မဟုတ်နိုင်ပါဘူး။ အမ်ပလပ်တီးလုံးဖွင့်တဲ့ ကော်ဖီ ဆိုင်ကလေးတွေရောတဲ့။ နောက်တော့ မိုးသည်းတဲ့နေ့တွေ။ ငါလို့ ခေါင်းစဉ်မတပ်တဲ့ သတိရခြင်းတွေထဲမှာ ငါက အနီးဆုံးရှိနေခဲ့တာပါပဲ။ ငါပျော်နေမိပါတယ်။

လားရှိုးမြို့ကို တကယ်ပြောင်းကြသေးသတဲ့။ ခဏပါပဲ တောင်ပေါ် ကလောမြို့ကလေးဆီ ပြန်လာဖြစ်ကြသတဲ့။ နင့်အမေကို တစ်ယောက်တည်း ထားခဲ့ပြီး မြို့ကြီးဆီပြန်နေမယ့် နင့်ဆုံးဖြတ်ချက်ကို နင်လွန်မဆွဲနိုင်ခဲ့ဘူးတဲ့။ ဘယ်လိုများ ပြတ်သားနိုင်ခဲ့ပါမလဲလို့ ငါ ပြန်တွေးမိတယ်။

ငါလာခဲ့တဲ့ နေ့ရက်တွေမှာ နင် ကလောမှာ ရှိမနေခဲ့ခြင်းတွေကို

ငါပြောမပြဖြစ်ခဲ့ဘူး။ နင်သိဖို့ လိုမယ်လည်း ငါမထင်ပါဘူး။ ငါ့ဘာသာ လုပ်ခဲ့တဲ့လုပ်ရပ်တွေက နင့်ကြောင့်ဆိုပြီး ငါခေါင်းစဉ်မတပ်ရက်ပါဘူး။ ငါ့ဘာသာ ကပ်ငြိခဲ့ခြင်းတွေကို နင့်ကြောင့်လို့ သတ်မှတ် ရအောင် ငါဟာ အပေါစားယောက်ျား မဆန်သင့်ဘူး မဟုတ်လား။ နင်လည်း အဲဒီရက်ပိုင်းတွေမှာ ဘယ်လောက်တောင် မွန်းကျပ်နေခဲ့ပါ့မလဲ။

တစ်ညတော့ ငါခေါင်းတွေ သိပ်ကိုက်လာခဲ့တယ်။ အိပ်မရ လောက်အောင် အထိပေါ့။ ပြီးတော့ နင်အိပ်နေတဲ့အခန်းကို တံခါး ခေါက်ပြီး ငါခေါင်းတွေကိုက်ကြောင်း ပြောဖြစ်တယ် (ထင်တယ်)။ ပြီးတော့ နင်နဲ့ငါ အဝတ်အစားတွေလဲပြီး အိပ်နေတဲ့အမေ မသိအောင် အိမ်ထဲကခိုးထွက်ခဲ့ကြတယ်။ ခြံအဝင်တံခါးကျမှ ကိုင်တက်တော့တယ်။ ခြံတံခါးသော့က အမေ့ဆီမှာ။ အဲဒီတော့ နင်နဲ့ငါ သံပန်းတံခါးကို ကျော်တက်ကြတယ်။ သံပန်းနဲ့ ငြိပြီး နင့်အင်္ကျီပြဲသွားတော့ နင်ဘာလုပ် တယ်မှတ်လဲ။ ကျောပိုးအိတ်ထဲက ခြုံပဝါတစ်ခုထုတ်ပြီး အင်တာနက် ထဲက ဗီဒီယိုဖိုင်တစ်ခုလို အင်္ကျီလုပ်ဝတ်လိုက်တာ။ ပြီးမှ နင်ရော ငါရော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ကြတယ်။

အွန်လိုင်း **app** တစ်ခုကနေ ကားငှားလိုက်ပြီး မြို့ကြီးထဲကို ထွက်ခဲ့ကြတယ်။ အစီအရီထိုးထွက်နေကြတဲ့ တိုက်တွေက မီးရောင်တွေ ဖြာထွက်နေခဲ့ပြီ။ အချိန်က ဆယ်နာရီကျော်နေပြီ။ ကားက အဲကွန်း လွှတ်ပေးထားတော့ အေးစိမ့်နေတာပဲ။ ပြီးတော့ သီချင်းဖွင့်ပေးထား တယ်။ **Maggie Lindemam** ရဲ့ **Prety Girl** သီချင်း။ နင်က တက်တက်ကြွကြွ ဖြစ်နေခဲ့တယ်

I'm more than just a picture

I'm a daughter and a sister

Sometimes it's hard for me to show

That I'm more than just a rumor

Or a song on your computer

There's more to me than people know

Some days I'm broke

Some days I'm rich

Some days I'm nice,

Some days I can be a bitch

Some days I'm strong,

Some days I quit

I don't let it show,

but I've been through some shit

သီချင်းကို တောက်လျှောက် လိုက်ဆိုတယ်။ မုဒ်ကလည်း အပြည့်ပဲ။ **Chorus** ပိုဒ်ကျတော့ အကျယ်ကြီး လိုက်အော်တယ်။

Maggie Lindemamn နဲ့ နင်နဲ့ ကားထဲမှာ နှစ်ယောက် ထဲလား မှတ်ရတယ်။ ငါကရယ်ရင်း ကားအပြင်ကိုမှန်ချပြီး လိုက်ကြည့် နေမိတယ်။ အဲကွန်းလည်း ပိတ်ထားလိုက်ပြီ။ မီးရောင်တွေ ထိန်ထိန် သာသာပြီးလှနေတဲ့ တိုက်မြင့်တွေကို တရိပ်ရိပ်ဖြတ်ကျော်နေတယ်။ နင်ကတော့ **Pretty Girl** ကို **repeat** လုပ်ပြီး လိုက်ဆိုနေခဲ့တာ။

တကယ်တမ်းကျ နင်က **Pretry Girl**သီချင်းထဲကမိန်းကလေးလိုပဲ သာမန်မိန်းကလေးတစ်ယောက် မဟုတ်ဘူး။ စိတ်ဓာတ်မာကျောရင် မာကျောတယ်။ ပျော့ရင်လည်း ပျော့လွယ်ပြန်တယ်။ နင့်ကို တစ်ခုခုနဲ့ တိုင်းတာဆုံးဖြတ်တာကို မကြိုက်တတ်ဘူး။ **Chorus** ပိုဒ်ထဲကအတိုင်းပဲ ချိုသာချင်တဲ့နေ့ ချိုသာတယ်။ ရန်ဖြစ်ချင်တဲ့နေ့ ဖြစ်ချင် ဖြစ်တယ်။ သန်မာလိုက် အားနည်းလိုက်နဲ့ ဘဝကို သောက်ကြောတင်းတင်း ဖြတ်သန်းလိုက်တာပဲ။ တကယ့် **Pretty Girl** ပါပဲ

ငါတို့သွားမယ့် ဘားကိုရောက်တော့ ညတောင် နက်ပြီ တော်သေးတယ် ဘားက ညလုံးပေါက်ဖွင့်တာမို့။ ဘရန်ဒီတွေမှာတယ်။ တစ်ခွက်ပြီး တစ်ခွက် သောက်ကြတယ်။ စိတ်လိုလက်ရ နင်ရော ငါရော ပြောချင်တာတွေ ပြောကြတယ်။ ဘာတွေလည်း မမှတ်မိတော့ဘူး။ ရှီးရှားတွေပါ သောက်တယ်။ ရယ်စရာ မဟုတ်လည်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့် ရယ်တယ်။

အချိန်အတော်ကြာ စကားတွေ ဖောင်းပွနေခဲ့တယ်။ ဘားကောင်တာက ကောင်လေးကို နင်က ရစ်သေးတာ။ နောက်တော့ ဟိုကောင်လေးလည်း ပျောက်သွားတယ်။ ငါတို့ ရယ်ဖြစ်ကြပြန်တယ်။ ဘားကနေပြန်ထွက်တော့ မနက်ခင်း သုံးနာရီရှိပြီ။ နီယွန်မီးတွေ ထိန်နေတဲ့လမ်းတွေထဲ လျှောက်ကြတယ်။ နှစ်ယောက်သား ခြေဦး တည့်ရာပဲ။ အမှောင်ကျတဲ့နေရာတွေမှာ

ခပ်ငယ်ငယ်ကောင်လေးတချို့ တွေ့ရတယ်။ အဲဒီနားကကျော်ရင် နင်က **Pretty Girl** ထဲက သီချင်း စာသားတွေ ထအော်တယ်။

I can swear

I can joke

I say what's on my mind If I drink, if I smoke

I keep up with the guys

And you see me holding up my middle finger to the world

Fuck your ribbons and your pearls

Cause I'm not just a pretty girl

ဘယ်သူ့ကိုမှ သောက်ဂရုမစိုက်ဘူး ဆိုတဲ့အထာပေါ့။ လက်ခလယ်တောင် ထောင်ပြမလို့ဆိုပဲ။ ငါက အော်ရယ်တယ်။ တော်သေး တယ် အဲညက အသတ်မခံရတာ။ အိမ်ပြန်ရောက်တော့ မိုးတောင်လင်းနေပြီ။ အမှတ်တရတွေကြားထဲ ပြန်ငြိတွယ်ရင်း ဖြတ်သန်းကြတဲ့ ရက်တွေဟာ တိုတောင်းလွန်းမှန်း မေ့ခဲ့ကြတယ်။ နင်ပြန်မယ့်ရက်ကို မရှိသလို မသိသလို နေရင်းပေါ့။ နင်ဒီမှာပဲ အလုပ်တစ်ခု ဝင်လိုက်ပါလားလို့ ငါမပြောနိုင်ပြန်ဘူး။ အားစေးပါတယ်။ နင့်အမေရှိတဲ့ မြို့ကလေး။ နင်နေသားကျနေတဲ့ တောင်ပေါ်မြို့သေးကလေးဆီကို နင်ပြန်ရမှာပါပဲ။

ဒီရက်ထဲ နှင်းဆီတွေ၊ စံပယ်တွေ ပွင့်တယ်။ အရင်ကထက် ပိုမွှေးနေခဲ့ပါတယ်။ သနပ်ခါးကြိုက်တဲ့ ကောင်မလေးကလည်း သနပ်ခါးတွေနဲ့ ဂစ်တာတီးတယ်။ မိန်းကလေးတစ်ယောက်နဲ့ ဂစ်တာဟာ ပိုလှတယ်ဆိုတာကို ငါလက်ခံချင်လာတယ်။ ငါတို့အိမ်ကလေးရှိတဲ လမ်းကလေးဟာ ဟိုးနှစ်ပိုင်းများဆီကလိုပါပဲ။ လှတယ်။ကလေးငယ်တွေ၊ စက်ဘီးကလေးတွေနဲ့ လွန်ခဲ့တဲ့ကာလတွေများအတိုင်းပါပဲ။

အဲဒီညနေကတော့ ငါက တီဗွီချန်နယ်တစ်ခုကို ကြည့်နေခဲ့တာ။ ငါတို့ကလေးဘဝက ပါးစပ်ထဲစွဲနေခဲ့တဲ့ အမျိုးသမီးတေးသံရှင်တစ်ဦးရဲ့ရှိုးပွဲကို လိုက်ဖ်လွှင့်တာကို အရသာခံနေခဲ့တာ။ အဲဒီအမျိုးသမီးကြီးဟာ လှတုန်း၊ အသံပါဝါဟာ ရင်ထဲ ငြိခါတုန်း။ အန်တီ အရွယ်တစ်ယောက်လို့ မထင်အောင် ပရိသတ်ကို အနုပညာတွေ မညာ တမ်းချပြနေခဲ့တာ။ အဲဒီအချိန် နင်ကတော့ အမေနဲ့

စကားတွေ တတွတ်တွတ်ပြောပြီး တောင်ပေါ်မြို့ကလေးရဲ့ ဈေးလေးအကြောင်း ပြောပြနေတာ။

နောက်တော့ အသံတစ်ခု ကြားတယ်။ နင်က ငါ့ကို တစ်ခုခု အော်မေးနေခဲ့တာ။ ငါက ရှိုးပွဲထဲမှာ စီးမျောလို့။ သီချင်းတွေ လိုက် ဆိုလို့။ မျက်စိရှေ့ကို နင်ပန်းချီကားတစ်ချပ် ထိုးပြမှ ငါမှင်တက်သွားမိတယ်။

"မျောလွင့်ခြင်းရဲ့ အနားသတ်မျဉ်းကလေး

"ငါ့ပုံတူကောင်ကလေးက ကမ်းခြေမှာထိုင်ပြီး ပင်လယ်ပြင်ကို ငေးမောနေခဲ့တာ။ လက်ထဲကစာအုပ်ကလေး အားနက်ဟဲမင်းဝေးရဲ့ စာအုပ်ကလေး။ **The Old Men And The Sea**။ ပန်းချီက တော်တော် အသက်ဝင်နေခဲ့တာ။ တစ်ယောက်ယောက်ရဲ့ ရင်ထဲကခံစားချက်တွေကို ချပြထားသလိုမျိုးပဲ။ အောက်ဆုံးထောင့်စွန်းမှာ လက်မှတ်အပိုင်းအစ လေးတစ်ခု ထိုးထားတယ်။ **M** တဲ့။

ဘယ်သူပေးတာလဲလို့ နင်မေးတာကို ငါအဖြေမပေးနိုင်ခဲ့ဘူး။ ဒီရက်ပိုင်းထဲ ရောက်မလာတော့တဲ့ အီးမေးလ်လေးတွေကို ခုမှသတိ ရမိတယ်။ လက်တော့ပ်ကို ပြန်ဖွင့် စစ်ရတယ်။ ရောက်မလာတာ နှစ်လနီးပါးရှိပြီး။ အဲဒါနဲ့ ဆက်စပ်ပြီး ငါပြန်တွေးကြည့်ရတယ်။ ခုရက်ပိုင်းထဲမှာ အဲဒီမြို့အနီးနားမှာ စစ်နံ့တွေ သင်းနေခဲ့တယ်။ ငါ မေ့နေခဲ့တဲ့လက်တွေနဲ့ ငါလိုက်လှမ်းဆုပ်နေခဲ့တဲ့လက်တွေ။ ငါ့ခေါင်းတွေကိုက်လာပြန်ပြီ

အဲဒီညက သိသိသာသာ ကောင်းကင်က ကြယ်တွေ တအား ကြွေနေခဲ့တယ်။ နင်က ဆုတွေတောင်းနေခဲ့တယ်။ ငါကတော့ ရင်ထဲ မွန်းကျပ်နေခဲ့တာ။ ကြယ်တွေကြွေတာကို ပျော်မနေတတ်ခဲ့တာ ကြာခဲ့ပါပြီ။

(၃)

ခွဲခွာရမည့်အချိန်များအား

ချိုမြိန်ပါစေလေ သေဆုံးခြင်းမည်သဲ့

ပြီးပြည့်စုံခြင်းသာ အမည်ခံပါစေ

ချစ်ခြင်းမေတ္တာသည် မှတ်ဉာဏ်ထဲ၌

ပျော်ဝင်ကာ

နာကျင်မှုများသည်လည်း

ဝေးသွားများသာ ဖြစ်ပါစေတော့..

ရာဘင်ဒြာနတ်တဂိုး

တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ဆီက ထွက်ခွာသွားဖို့ ဘာအကြောင်းပြချက်မှမလိုဘူး မဟုတ်လား။ သေချာတာပေါ့ ဘာအကြောင်းပြချက်မှ မလိုပါဘူး။ ဘာဖြေရှင်းချက်မှလည်း မလိုပါဘူး။ ဒီလိုပါပဲ တိတ်တဆိတ် ထွက်ခွာသွားကြတယ်။ တိတ်တဆိတ် ရောက် လာခဲ့ကြတယ်။ တိတ်တဆိတ် ပြန်ထွက်သွားကြတယ်။ ညခင်းတွေလိုပေါ့ အချိန်ကန့်သတ်ချက်မှ မရှိတာ။ စောမှောင်ချင် မှောင်မယ်။ စောပြီး လင်းချင်လင်းမယ်။ လူတွေရဲ့ ပညတ်ချက်တွေကို အတတ်နိုင်ဆုံး ဖီဆန်မယ်။

သေချာပါတယ် နင်ဟာ ဘာကိုမှ တွယ်ငြိကပ်တွယ်တတ်တဲ့ သဘောမရှိပါဘူး။

အဲဒီမနက်ခင်းက နင်ပြန်ထွက်ခွာသွားခဲ့တယ်။ နင့်အတွက် တော့ ဒီလောက်ပါပဲ။ ငါ့အတွက်တော့ အမှောင်ဟာ လင်းလိုက် မှိန်လိုက်။ ရှုထဲက ရုပ်ရှင်ကားတစ်ကားပါပဲ။ ကိုယ်လိုချင်တာတွေကျော်ကြည့်ဖို့ မစွမ်းသာခဲ့ပါဘူး။ ပြန်လာမယ်လည်း မပြောဖြစ်ခဲ့တဲ့ လူတစ်ယောက် ပြန်ထွက်သွားပြန်တာပါပဲ။

လမ်းခရီးဟာ ဖြောင့်ဖြူးပါစေပေါ့ ။ ဒီမျှသာ ပြောခွင့်ရှိပါတယ်။ ငါ့ရဲ့မှာတမ်းအတွက် ငါပြန်ကြားဖို့တောင် ဒီလောက်ပါပဲ။

««« »»»

“တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ဆီက

ထွက်ခွာသွားဖို့ ဘာအကြောင်းပြချက်မှ မလိုဘူး မဟုတ်လား။

သေချာတာပေါ့။ ဘာအကြောင်းပြချက်မှ မလိုပါဘူး။

ဘာဖြေရှင်းချက်မှ မလိုပါဘူး။

ဒီလိုပါပဲ။ တိတ်တဆိတ် ရောက်လာကြတယ်။

တိတ်တဆိတ် ထွက်ခွာသွားကြတယ်”

နင်သိလား (၃)

(၁)

နင်ပြန်သွားပြီး လပိုင်းအတော်ကြာတဲ့ နောက်ပိုင်းမှာ ငါတစ်ခုခု မှားယွင်းစပြုလာခဲ့ပြီ

ပန်းကန်တွေ လွတ်ကျတယ်။

တီဗွီရမုဒ်တွေ လွတ်ကျတယ်။

ကဗျာတွေရွတ်ရင် ခေါင်းမူးတယ်။

နင့်ကို သတိရရင် ခေါင်းတွေကိုက်တယ်။

ဆေးကဒ်တွေနဲ့ ပါရာစီတမောကဒ်တွေက မွေ့ရာရဲ့အောက် ထဲမှာ နွေးထွေးစွာ အိပ်စက်လို့။ ခြေထောက်တွေ လေးလာသလိုပါပဲ။ နင်ကလေ ငါ့ကို မေ့လျော့သွားခဲ့ပြန်ပြီနော်။ ငါတော့ တစ်ယောက်တည်း အိပ်ရာထဲ လဲလျောင်းပြီး ဘာတွေကို သတိရမှန်းမသိဘူး။ ကစဥ့်ကလျားပဲ။ နင်ကနေ ဘယ်တွေကို ရောက်မှန်းမသိဘူး။ မိုးတွေရွာတဲ့ နေ့ရောက်လိုက်။

ဆောင်းညအေးအေးနဲ့ အမ်ပလပ်သံတွေနဲ့ရှိုးပွဲရောက်လိုက်ပဲ။ ဘားတွေ ရောက်လိုက်ပဲ။ ဒါပေမဲ့ နင်ပါမြဲပါပဲ။

ရှူးကြောင်ကြောင်တွေ တွေးမိတယ်။ ပြီးတော့ ရယ်မိတယ်။ နင်နဲ့သားကလေး မွေးချင်သတဲ့။ အသံထွက်ရယ်ရင်း ပြတင်းပေါက် အပြင်ကို ကြည့်မိတယ်။ သားကလေးက ငါ့လို သောက်ရူးကလေး ဖြစ်နေရင် ဒုက္ခပဲ။ နင့်လို သောက်ကြောတင်း အရူးကလေး ဖြစ်နေရင်လည်း ဒုက္ခ။ ငါ ရယ်မိပြန်တယ်။ ငယ်ငယ်ထဲက ဂစ်တာတွေ သင်ပေးမယ်။ အဖေတူ အရူးကလေးပေါ့။ တက်တူးကလေး ထိုးပေးရင် မြောက်ရှူးတူးတူးကလေး ပိုဖြစ်နေမှာ။ ငါ့လက်ဖျံက တက်တူးကလေး ကြည့်မိတော့ ဂစ်တာပုံကလေးက ကြွေချင်စရာလေး။

သားကျ ဘာတွေ လုပ်ပေးရမလဲ။ သားလေးဖြစ်ချင်တာတွေ လွှတ်ပေးထားရမလား။ သားကလေးက ဘယ်သူနဲ့မှ တူနေဖို့ မလိုဘဲ သူ့ဘာသာ ဖြစ်တည်နေရမယ်။ ဟုတ်တယ်။ ငါ့ဘာသာ အသံထွက် ရယ်မိပြန်တယ်။

လေရှူးတွေကလည်း တသုန်သုန်ပဲ။ မြို့ထဲဘက်ကို ကြည့်မိတော့ တိုက်စွယ်တွေက မှားသထက်မှားနေခဲ့ပါပြီ။

(၂)

ဆေးရုံရဲ့ပြတင်းပေါက်ကနေ ငေးကြည့်ရင် ပျော်နေတဲ့သူတွေကို တွေ့ရမယ်။ ထင်လား ပျော်နေမိမယ်လို့။ မထင်မိပါဘူး။ ကိုယ့် ဘာသာမေးပြီး ကိုယ့်ဘာသာ ဖြေနေခဲ့တယ်။ တော်ကြာနေရင် ငါ ဆေးတွေ သွင်းရဦးမယ်။ တော်သေးတယ် ငါရှိနေတဲ့ နေရာက လမ်းမကြီးဘက်မှာရှိလို့။ မဟုတ်ရင် ငါက တိုက်တွေကိုကြည့်ပြီးမွန်းကျပ်နေရဦးမှာ။ နင်ရှိနေတဲ့ရက်တွေမှာသာ ငါကဆေးရုံမှာ ရှိနေခဲ့ရင် ကောင်းသား။ ငါအနားမှာ နင်က ရှိနေပြီး လမ်းမကြီးကို အတူ ငေးဖြစ်ကြမှာ။ ငါမဖြေနိုင်တဲ့ လူတွေနဲ့ ပတ်သက်တဲ့မေးခွန်းကို နင်က စိတ်ပညာနဲ့ ဖြေပေးပေါ့။ နောက်တော့ ဖုန်းထဲကနေ အမ်ပလပ်သီချင်း တွေချည်း ရွေးဖွင့်ပြီး ငြိမ်နေကြမယ်။ နင်ရှိတယ်ဆိုတဲ့အရာကလည်း အတွေးတင်ကြည်နူးစရာပါပဲ။

ဆေးရုံရဲ့ အဓောင့်သက်သက် ပြင်းရှရှဆေးနံ့ကြီးတွေ ရှူရင်းခုတင်ပေါ် ပြန်လှဲမိတယ်။ မျက်နှာကြက်က ဖြူလွလို့ပါပဲ။ ဘာမှ မရှိတော့ဘဲ အဖြူထည်ပြင်ကြီး။ တစ်ယောက်ယောက်ကို အော်ခေါ် လိုက်ရင် ကောင်းမလား။ မဖြစ်သေးဘူးဆိုတဲ့စိတ်နဲ့ ငါငြိမ်ရပြန်တယ်။ တစ်ယောက်ယောက်နဲ့ စကားတွေပြောရရင် ကောင်းမလား။ နင့်ကို ငါ့ ရင်ထဲရှိတဲ့အကြောင်းတွေ မပြောနိုင်ဘူး။ အဲဒီတော့ သူစိမ်းတစ်ယောက်ယောက်ကို ရုပ်ရှင်လိုလို၊ ပုံပြင်လိုလို စိတ်လိုလက်ရ ပြောပြ ရရင်ရော။ သူစိမ်းက ဘယ်ကရှာရမလဲ။ ငါ့ခေါင်းတွေကိုက်လာပြန်ပြီ

(၃)

ဆေးရုံပေါ်မှာ ရောက်နေခဲ့တာ ဒီနေ့ ငါးရက်မြောက်နေ့။ ဆေးရုံအကျိုးကြီးနဲ့ မိတ်ဆွေတွေ ဖြစ်လို့။ အဲဒီနေ့တုန်းက အမေနဲ့ လမ်းထဲကလူတွေက ငါအိပ်ပျော်တာကို နှိုးမရတော့လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ငါ့ကို ဆေးရုံပို့လိုက်ကြတယ်။ ကောင်းရောပါပဲ။ ငါ ဆေးရုံ ရောက်သွားတယ် ဆိုပါတော့။

ဆေးရုံကလည်း ငါ့ကို ဘာအကြောင်းပြချက်နဲ့ ဆွဲထား လိုက်တယ် မသိဘူး။ ငါးရက်ရှိလာခဲ့ပြီ။ နင်သိလား မနက်ဖြန် ငါ ဆေးရုံကြီးတစ်ရုံကို သွားရမယ်တဲ့။ အမေကတော့ ဒီနေ့ ဝတ်ပြုဆုတောင်းဖို့ဆိုပြီး ထွက်သွားလေရဲ့။ မြို့လယ်ကောင်က အထိမ်းအမှတ် ဘုရားတစ်ဆူဆီကိုပါ။ ငါတော့ အေးဆေးပါပဲ။ ပြတင်းပေါက် ကနေ လမ်းမကြီးကလူတွေကို ငေးတယ်။ ရီဝေဝေ ဖြစ်လာရင် အိပ်ရာထဲ ပြန်လှဲတယ်။ ပြီးတော့ ငါ အတွေးတွေ လျှောက်ပွားတယ်။ ချက်ကော့ရဲ့ **Ward Six** ဝတ္ထုထဲကလို

လူမသိတဲ့ လူနာဆောင်တွေရှိမလား ငါ လျှောက်တွေးတယ်။ အဲအခန်းထဲကလူတွေနဲ့ တွေ့ချင်လာတယ်။ ပြီးတော့ အတူနေကြည့်ချင်တယ်။ လူတွေရဲ့ စိတ်တွေ အတွေးတွေဟာ ကြောက်ဖို့ ကောင်းကြောင်း **Ward Six** ထဲက ဇာတ်ကောင်ဆရာဝန်လို သိသွားချင်မိတယ်။ ငါ့အတွေးတွေက တောင်စဉ်ရေမရပါပဲ။

နောက်နေ့မနက်မှာ မှန်အထပ်မြင့်တွေ အများကြီးရှိတဲ့ ဆေးရုံကြီးတစ်ရုံဆီ ငါတို့သွားရတယ်။ ငါ့လက်ထဲကို ဘာမှထည့်မပေးဘူး။ ဥပမာ ငါတစ်ခုခု သယ်မယ်ဆိုတဲ့အခါမျိုးကို အမေက ငါ့ကို ပေးမသယ်ခိုင်းဘူး။ ဒီနေ့မနက်မှာတင် ငါလွတ်ကျတဲ့ ပစ္စည်းက သုံးခု ရှိသွားပြီ။ ဖန်ခွက်တစ်ခွက်နဲ့ ပန်းကန်ပြားတစ်ချပ်ရယ်၊ ဖုန်းတစ်လုံးရယ်။ အမေက အဲဒါတွေကိုသိမ်းဆည်းပြီး အပြင်လွှင့်ပစ်ဖို့ ထွက်သွားလိုက်တာ တော်တော်ကြာတယ်။ ပြန်လာတော့ အမေ့မျက်လုံးတွေ နီရဲလို့ပဲ။ ဆေးရုံကြီးကို ရောက်တဲ့အထိ ကားပေါ်မှာ အမေက စာအုပ်တစ်အုပ်နဲ့ တတွတ်တွတ် ရွတ်နေခဲ့တယ်။ ငါ့လက်တွေကို ဆုပ်ကိုင်တယ်။

နောက်တော့ အမေက ဆရာဝန်တစ်ယောက်နဲ့ လက်မှတ်တွေ ထိုးကြတယ်။ စာရွက်တွေ အများကြီးဖတ်တယ်။ နောက်တော့ ငါ့ကို ဆေးတစ်လုံးထိုးပြီး စီတီခန်းထဲ ခေါ်သွားကြတယ်။ နောက်တော့ မီးရောင်အလုံစက်ခန်းထဲမှာ ငါအိပ်ပျော်သွားခဲ့တယ် ဆိုပါတော့။

(၄)

အဲဒီရက်ပိုင်းက မိုးကုန်ခါနီးထင်တယ်။ နင်နဲ့ငါ ကျောင်း မသွားဘဲ လမ်းတွေထဲ လျှောက်သွားကြတာ။ နင်ကလည်း တီရှပ်နဲ့ ဘောင်းဘီရှည်နဲ့။ မှတ်မှတ်ရရ အဲဒီနေ့က နှစ်ယောက်စလုံး အဖြူ တီရှပ်ကလေးတွေ။ တိုက်မဝတ်ပါဘဲ တစ်ခါတစ်ခါ တိုက်ဆိုင်တယ်။ **Titanic** ရုပ်ရှင်ကားကို **Mini Cinema** လေးမှာ နှစ်ယောက်တည်း သွားကြည့်ကြတာ။ ရေတွေ အေးခဲနေတဲ့အထဲမှာ ဂျက်သေသွားတော့ နင်က မျက်ရည်တွေကျပြီး ငိုနေခဲ့တာ။

နင်က ပြောသေးတယ်။ ဂျက်ကို သနားလို့ ဘယ်တော့မှ **Titanic** ကိုပြန်မကြည့်တော့ဘူးတဲ့။ ဒီတစ်ခါနဲ့ဆို နင်ပြောတာ အကြိမ်ရေ ငါမမှတ်မိတော့ဘူး။ အဲဒီလိုနဲ့ အိမ်မှာ အခွေ ထိုးပြန်ကြည့်တာ များခဲ့ ပြီလေ။

Mini Cinemaအမှောင်ခန်းလေးထဲမှာ လီယိုနာဒိုနဲ့ ကိတ်ဝင်းစလက်ဟာ ပြေးလွှားပျော်မြူးနေကြတယ်။ နင်ကတော့ မျက်တောင် မခတ် ငေးမောလိုက်လို့ပေါ့။ နောက်တော့ ဝေဝေဝါးဝါးတွေ ဖြစ် လာတယ်။

ငါမျက်လုံးကိုဖွင့်ကြည့်မိတော့ အမှောင်တောင် ကြီးစိုးနေခဲ့ပြီ။

ငါဘယ်ကိုရောက်နေတာလည်း တွေးမယ်လုပ်တော့ ခေါင်းကိုက်မှာ ကြောက်လို့ ပြန်ငြိမ်နေလိုက်တယ်။ နောက်မှ သေချာပြန်ကြည့် ရတယ်။ ဆေးရုံကြီးပေါ်ကို ပြန်ရောက်နေခဲ့တာ။ ဘယ်ချိန်ပြန်ရောက် လာတာလည်း ငါမသိလိုက်ဘူး။ ဆေးရုံကြီးရဲ့ ညသန်းခေါင်ယံဟာ ချောက်ချားစရာကြီးပါပဲ။ တိတ်ဆိတ်စပြုနေတယ်။ အရေးပေါ်ခန်း မို့ပဲလား မပြောတတ်ဘူး။ တစ်ခုကောင်းတာက ငါရောက်လာတဲ့ ဆေးရုံတိုင်းက ပြတင်းပေါက်ရှိနေခဲ့တယ်။ နင်သိလား စံပယ်ရနံ့တွေ ရပြန်ပြီ။ ဆယ့်နှစ်ရာသီပွင့်နေခဲ့သလား စံပယ်ရယ်လို့ ငါညည်းတွား မိတယ်(ထင်တယ်)။ နောက်တော့ ပြန်စဉ်းစားမိတယ်။

ဟုတ်တယ် စံပယ်တွေဟာ ဆယ့်နှစ်ရာသီ ပွင့်နေခဲ့တယ်။ ကားလမ်းမပေါ်က ကလေးတွေအတွက် ပွင့်ပေးနေတာမျိုးလည်း ဖြစ်ချင် ဖြစ်မယ်။ စံပယ်တွေဟာ အဲဒီလိုကျ ချစ်စရာကောင်းလွန်းနေခဲ့ပြန်တယ်။ ငါ့အတွေးကို ငါပြန်သဘောကျမိသွားတယ်။

ငါ အားရှိသလိုဖြစ်နေတယ်(ထင်တယ်)။ ငါ့ကိုယ်ငါ သတိ ထားမိတော့ ပြတင်းပေါက်နားကို ငါရပ်နေခဲ့ပြီ။ နာရီသံက တချက်ချက် မြည်နေခဲ့တယ်။ ဆေးပိုက်တွေကို ငါဖြုတ်ပစ်ခဲ့မိတယ် (ထင်တယ်)။ ငါ့ရင်ထဲမှာ ဟာတာတာဖြစ်လာတာမို့ တစ်ခုခုသောက်ဖို့ အခန်းအပြင်ကို ငါထွက်ခဲ့မိတယ်။

အခန်းတွေအားလုံးနီးပါးက တိတ်ဆိတ်စပြုနေခဲ့ပြီ။ တချို့ အခန်းတွေဆီက ဟောက်မြည်သံကလွဲလို့ပေါ့။ တစ်အခေါင့်လောက် လျှောက်ပြီးတဲ့ နောက်တော့ ကော်ရစ်တာရဲ့ လက်ရန်းတွေနားဆီက အသံတွေ ကြားရတယ်။ ကျယ်ကျယ်လောင်လောင်တော့ မဟုတ်ဘူး။ ခပ်တိုးတိုးညင်းညင်းပါပဲ။ ခပ်သာသာနဲ့ ပြောနေကြတယ် ဆိုပါတော့။

ငါအနားကို နီးကပ်သွားတော့ အသံကို ခပ်ကွဲကွဲကြားနေရပြီ အမေ့အသံ။ ဟုတ်တယ် အမေ့အသံပေါ့။ လူနှစ်ယောက်နဲ့ အမေ စကား လက်ဆုံကြနေခဲ့ကြတာ။ အမေ ငိုနေခဲ့တယ်တဲ့။ ဆရာဝန်လို့ထင်ရတဲ့ လူရဲ့စကားသံတွေကို ကြားရတယ်။ အမေ့ကို အားပေးနေတဲ့အသံလို့

ငါထင်မိတယ်။ ပြန်ကောင်းမှာပါတဲ့။ ခဏပါပဲတဲ့။ နောက်တော့ ၅၀-၅၀ တဲ့။

ငါ့ခေါင်းတွေရီဝေပြီး ကိုက်လာခဲ့ပြန်တယ်။

««« »»»

“ဘဝမှာ အမြတ်နိုးဆုံး လူတစ်ယောက်ကို

ဘယ်တော့မှ မပြောဖြစ်လိုက်တဲ့ စကားတစ်ခွန်းကို

ပြောပြပါဆိုရင် အဲဒါက “ချစ်တယ်” ပါပဲ

အဲဒီလိုပါပဲ။

ဘဝမှာ အမြတ်နိုးဆုံး လူတစ်ယောက်ဆီကနေ

ဘယ်တော့မှ မကြားနိုင်ခဲ့တဲ့ စကားတစ်ခွန်းကလည်း

“ချစ်တယ်” ပါပဲ”

ရက်စွဲများ (၂)

(၁)

နင်သိလား။ ဘယ်သူ့ကိုမှ ခေါ်မသွားနိုင်တဲ့ ခရီးမျိုးပေါ့။ တစ်ယောက်တည်းပဲ သွားလို့ရမယ်နော်ဆိုတာမျိုးပေါ့။ တစ်ယောက်တည်းပါပဲ။ နောက်ဆုံးတော့ လူတွေဟာ တစ်ယောက်တည်းပဲ လမ်းခွဲ ထွက်ခွာသွားကြရတာပါပဲ။ ငါလည်း ဘာများယူသွားနိုင်ဦးမတဲ့လဲ။ ငါ နင့်ကိုတော့ သတိရမိနေခဲ့ပြန်ပါတယ်။ နင်သာသိရင် သောက်ရူး ထပြန်ပြီ ပြောဦးမယ်ထင်တယ်။ ဟုတ်တယ် ငါသောက်ရူးကလေး ဖြစ်နေတယ် ဆိုပါတော့။ ငါနောက်ကျောခိုင်းမသွားခင် နင့်ကိုချစ်တဲ့ အကြောင်းတွေ ပြောခဲ့ချင်မိနေတယ်တဲ့။ တကယ့် တကယ်တမ်းကျ ရယ်စရာ ပြက်လုံးတစ်ခုမျှသာပါပဲ။ တစ်ယောက်ယောက်ကို နာကျင်မှုတွေပေးပြီး စိတ်လွတ်လက်လွတ်နဲ့ ကျောခိုင်းသွားရတာ အပေါ်စား ဘယ်လောက်ဆန်တယ်ထင်လဲ။ ငါမလုပ်နိုင်ခဲ့ပါဘူး။ နင့်ကို အမြဲ ပျော်နေစေချင်ခဲ့တဲ့ ငါက အဲလောက်ထိ မိုက်ရူးရဲမဆန်နိုင်ခဲ့ပါဘူး။

ဟယ်လို လောကကြီးရေလို့ မနက်မိုးလင်းတိုင်း ငါနှုတ်ဆက် ဖြစ်တယ်။ ရှင်သန်နိုးထနိုင်ခဲ့ခြင်းဟာ ငါ့ရဲ့မထွက်ခွာဖြစ်သေးခြင်း သင်္ကေတပဲပေါ့။ မိုးလင်းတဲ့အခါ ငှက်ကလေးတွေ အစာကျွေးရင်း စကားပြောတယ်။ တစ်ယောက်ယောက်က တစ်ခုခုကို လက်လွှတ်လိုက်ရတော့မယ့်အခါမျိုးတွေမှာ ငိုကြွေးကျရှုံးသွားရုံနဲ့ အပြီးသတ်က လှပသွားတာမှာ မဟုတ်တာ။

အမေကတော့ ပုံမှန်အတိုင်း သွားလာလှုပ်ရှားနဲ့ သူ့အလုပ်သူ ပုံမှန်လုပ်လို့ပါပဲ။ ငါကတော့ ပန်းပင်တွေ၊ ငှက်တွေ၊ တယ်လီဖေးရှင်း ကလေးရယ်နဲ့ အလုပ်တွေရှုပ်လို့ပါပဲ။ အခန်းထဲမှာလည်း ကဗျာတွေနဲ့ နံရံတွေအနှံ့ ထုံမွမ်းနေခဲ့ပြီ။ တချို့ညနေတွေမှာ အမေနဲ့ငါ မြို့ကလေးရဲ့ ပန်းခြံထဲမှာ သွားသွားထိုင်ကြတယ်။ အမေက အသားကင်တွေ၊ ကိုလာဘူးတွေ ယူယူလာတတ်ပြီး သားမိနှစ်ယောက်စားဖြစ်ကြတယ်။ ငိုနေရုံနဲ့ ပြီးမသွားတဲ့ လောကကြီးကို ပျော်ရွှင်ခြင်းနဲ့ပဲ ဖြတ်သန်းကြတာပေါ့။ နောက်လထဲမှာ ဆေးရုံပြန်သွားရမယ့်အကြောင်း အမေက ပြောတယ်။ ဘာလို့လဲလို့ ငါမမေးဖြစ်ခဲ့ပါဘူး။ အမေကတော့ မမေးခြင်းကို ဝမ်းသာနေခဲ့မှာပါပဲ။

ဘာတွေ လုပ်ခဲ့ချင်လဲ။ မသေချာတော့ဘူးနော် ဆိုတဲ့ စကားလုံးကို

ကြားပြီးတဲ့နောက်မှာ ကိုယ့်ဘာသာ ပြန်အမေးဖြစ်ခဲ့ဆုံး မေးခွန်းပါပဲ။ နင့်ကို ပျော်စရာတွေ ဖန်တီးပေးနိုင်တဲ့ လူတစ်ယောက်ဆီမှာ ငါမြင်ချင်ခဲ့ပါတယ်။ ပြီးတော့ နင့်ကို တစ်ယောက်ယောက်ဆီမှာ မြင်ရမှာ ငါအကြောက်ဆုံးအရာ ဖြစ်နေပြန်တယ်။

နောက်တော့ နင့်ကို တစ်ခုခု စိတ်လိုလက်ရ ပြောပြဖြစ်ခဲ့ချင်တယ်။ ကျန်းမာရေးဂရုစိုက်နော်လို့ အစချီပြီး စိတ်လိုလက်ရစကားတွေ ပြောပြဖြစ်ခဲ့ချင်တာမျိုးပေါ့။ သိပ်ခေါင်းမာလွန်းတဲ့ နင့်အတွက်တော့ ငါ့စကားတွေက အရာထင်မှာ မဟုတ်ခဲ့ပါဘူး။

ငါ ခုရက်ထဲ ခေါင်းတွေ ထူမရအောင် ကိုက်နေခဲ့တယ်။ ညတွေဆို အိပ်မရအောင်ပါပဲ။ ဆေးကဒ်တွေ ဆယ်နဲ့ချီပြီး အိပ်ရာ အောက်ကို ရောက်ရောက်လာခဲ့ပြီ။ အမေနဲ့ ရင်ဆိုင်ရတဲ့အခါတွေမှာ တော့ ငါကြိတ်မှိတ်နေရတာပေါ့။ တဖြည်းဖြည်းနဲ့ မိတ်ဆွေဆေးရုံကြီးဆီ ပြန်သွားရဖို့ နီးကပ်လာပြန်တာပါပဲ။

ဆေးထိုး ဆေးသောက်ကြောက်ခဲ့တဲ့ ငါက ခုတော့ အကြော တစ်လျှောက်မှာ အပ်ရာတွေ ပွနေခဲ့ပြီ။ ဆေးတွေကို သကြားလုံးလို ဝါးတတ်ခဲ့ပြီ။

ဒီရက်ပိုင်းထဲမှာ နင့်ဆီက ဘာအဆက်သွယ်မှ ရမလာခဲ့ ပြန်ဘူး။ နင်ဟာ နင်ပါပဲ။ ဘယ်တုန်းကမှ တစ်ခုခုကို ကပ်ငြိတွယ်နေဖို့ မလိုအပ်ဘူး မဟုတ်လား။ အဲဒီအထဲမှာ ငါလည်း အပါပေါ့။ ကောင်းပါတယ်။ နင်ဟာ ငှက်တစ်ကောင်လိုပဲ ပျံသန်းလိုရာကို လွတ်လွတ် လပ်လပ်ပါပဲ။ လေကိုခွင်းတယ်။ လိုရာသွားတယ်။ ဘာကိုမှ လေးလေး လံလံ သယ်ဆောင်မသွားခဲ့ဘူး။ ချစ်ခြင်းမေတ္တာကစလို့ ဂရုစိုက်ခြင်းတွေ အဆုံး နင် ဘာကိုမှ မက်မောမနေခဲ့ဘူး (ငါထင်တာပဲ)။

ငါကတော့ နွယ်လိုပါပဲ။ နင်ဆိုတဲ့သစ်ပင်မှာ စိတ်လိုလက်ရ နွယ်တက်နေမိခဲ့ပါတယ်။ သောက်ဖက်မလုပ်ခံရလည်းပေါ့။

(၂)

ကိုယ်ဖန်ဆင်းသလို မဖြစ်တဲ့အရာကို ကမ္ဘာလို့ ခေါ်ပါတယ်။ ငါတို့က သူဖန်ဆင်းထားတဲ့ကမ္ဘာထဲ ပုံစံတကျ နေရာယူလိုက်ကြရတာပါပဲ။ သူလိုရာပေါ့။ ဂျစ်ကန်ကန် ငါတို့နဲ့ သူကလည်း နောက်တော့ သူ့အလိုကျပါပဲ။

တစ်ခုသော စနေနေ့မှာတော့ ငါတို့လမ်းကလေးထဲကို အမျိုး သမီးတစ်ယောက်ရောက်လာခဲ့တယ်။ အချိန်အတော်ကြာပျောက်နေခဲ့တဲ့ အမျိုးသမီးပေါ့။ လမ်းထဲက အမျိုးသမီးကြီးတွေက သူ့ဆီကို

တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတယ်။ ပြီးတော့ ရင်တနင့်နင့် စုတ်တသပ်သပ်နဲ့ ပြန်ပြန်သွားကြတယ်။ အမျိုးသမီးရဲ့ မျက်နှာက ငိုထားတဲ့ဒဏ်နဲ့ အစ်မို့နေခဲ့ပြီ။ နောက်တော့ အမျိုးသမီးကြီးက လမ်းထဲကနေ ပြန်ပျောက်သွားပြန်ခဲ့တယ်။

အဲဒီအမျိုးသမီးကြီးရောက်လာတဲ့နေ့က ငါမသိခဲ့ပါဘူး။အမေနဲ့ အဲဒီအမျိုးသမီး ရောက်လာခဲ့ကြောင်းကိုလည်း စကားစ မစပ်မိခဲ့ကြဘူး။ အမေက ငါနဲ့စကားလက်ဆုံ ပြောရမှာကို အဲဒီရက်ပိုင်းတွေမှာ ရှောင်နေခဲ့တယ် ပြောရမယ်။

အဲဒီအမျိုးသမီးနဲ့ ငါ ဆုံဖို့ အကြောင်းဖန်လာတာက ညနေခင်း တစ်ခုမှာ။ အဲဒီညနေခင်းက အမေနဲ့ငါ သွားနေကျ ပန်းခြံနားမှာ အဲဒီ အမျိုးသမီးကြီးနဲ့ ဆုံကြတယ်။ ငါ အားရဝမ်းသာနဲ့ လှမ်းနှုတ်ဆက် တော့ အမျိုးသမီးကြီးက ငါ့ကို အားရပါးရဖက်ငိုတယ်။

အမျိုးသမီးကြီးက ငိုရင်း တတွတ်တွတ်ပြောတယ်။ ပထမ စကားကို ကြားပြီးချိန်မှာ ငါဆွံ့အသွားမိတယ်။ နောက်တော့ သူ့စကား သံတွေကို ငါမကြားတစ်ချက် ကြားတစ်ချက်ပဲ။

ငါ့အကြောင်းတွေ တဖွဖွ နင်ကပြောတတ်တဲ့အကြောင်း။ နင်က ငါ့ကိုအနိုင်သိပ်ယူတဲ့ အကြောင်း။ နင်ထွက်မသွားခင် ညက တောင် ငါ့အကြောင်းတွေ စိတ်လိုလက်ရ ပြောပြနေခဲ့သေးတာတဲ့။

အဲဒါတွေလောက်ပဲ ငါ့အာရုံက ဖမ်းမိတယ်။ အမျိုးသမီးကြီးက ဆက်ပြောပြတယ်။ သူ ငါတို့မြို့ကို ပြန်ပြောင်းမလာခင် ရက်ပိုင်းတုန်းက အိမ်ရှင်းရင်း နင့်ပစ္စည်းတွေထဲမှာ ငါ့နာမည်ခေါင်းစဉ်နဲ့ စာအုပ်ကလေး တွေ့တယ်တဲ့။ နင်က စိတ်ပညာ ဘွဲ့လွန်ယူခဲ့သူဆိုတော့ ငါ့အကြောင်းကို ဘာတွေများ နင်ရေးခဲ့ပါလိမ့်မလဲ။ ငါ မေးခွန်းမမေးရသေးခင်မှာပဲ ဘတ်စ်ကားထိုးဆိုက်လာတာနဲ့ အမျိုးသမီးကြီးက ငါတို့ကို နှုတ်ဆက်ပြီး အဝါရောင်ဘတ်စ်ကားကြီးနဲ့ ထွက်သွားခဲ့တယ်။

ငါကြက်သေသေပြီး ရပ်နေခဲ့မိတယ်။ အချိန်တွေ ဘယ် လောက်ကြာတဲ့အထိ ရပ်နေခဲ့မိလဲမသိဘူး။ အဲဒီနေ့က အမေနဲ့ငါ့ကို အငှားယာဉ်တစ်စီးက အိမ်ခေါ်လာတာပဲ မှတ်မိခဲ့တယ်။ အဲဒီညက ကြယ်တွေ ကြွေတာကို ငါထိုင်ရေတွက်တယ်။ ပြတင်းတံခါးမှာ မေးတင်ပြီး ကြယ်တွေကို ငေးနေခဲ့မိတယ်။

နင်နဲ့ငါ ပြန်မဆုံနိုင်ကြတော့ဘူးတဲ့။ ဟုတ်ရဲ့လား။ နင် ကားအက်ဆီးဒင့်နဲ့ ဆုံးတာ နှစ်လရှိပြီတဲ့။ မဟုတ်နိုင်လိုက်တာ။ နင် လောကကြီးမှာ ရှိနေမှာ ငါသိတယ်။ လောကကို သောက်ကြောတင်းတင်းနဲ့ ဖြတ်သန်းတတ်တဲ့နင်က အလွယ်တကူ သေနိုင်မတဲ့လား။ နင်ရှင်သန်နေပါသေးတယ်။

နောက်ရက်မှာ မြစ်ကမ်းပါးဘက်ကို ငါစက်ဘီးစီးသွားဖြစ် တယ်။ သောင်ထွန်းစသဲသောင်ကိုသွားပြီး အားရပါးရငိုတယ်။ နင့် နာမည်ကို အကျယ်ကြီးအော်ခေါ်မိတယ်။ နင့်ကို ပြောချင်ခဲ့တဲ့စကား တွေကိုတော့ ရင်ထဲမှာပဲ သိမ်းထားလိုက်ခဲ့တယ်။ နင်ရောက်နေတဲ့ တစ်နေရာရာမှာ ငါ့အတွက် နောက်ဆံမတင်းနေဖို့ပေါ့။ နင်မကြားစေရပါဘူး။ နင် လောကမှာ ရှင်သန်နေသေးမယ်လို့ ငါယုံကြည်ပါတယ်။ ရောက်နေတဲ့နေရာမှာ နင်ရဲ့စိတ်လိုလက်ရ ဖြစ်တည်မှုအတိုင်း သောက်ကြောတင်းတင်းသာ ဖြတ်သန်းပါ။

(၃)

တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ဆီက ထွက်ခွာသွားဖို့ ဘာအကြောင်းပြချက်မှမလိုဘူး မဟုတ်လား။ သေချာတာပေါ့ ဘာအကြောင်းပြချက်မှ မလိုပါဘူး။ ဘာဖြေရှင်းချက်မှလည်း မလိုပါဘူး။ ဒီလိုပါပဲ တိတ်တဆိတ် ထွက်ခွာသွားကြတာပါပဲ။

> ပန်းကလေးတွေဟာ
>
> ကြွေတတ်မှန်းသိပြီးတဲ့နောက်
>
> ငါမွှေးရနံ့တွေ ပေးခဲ့ချင်မိတာ
>
> နင့်ရင်ခွင်ကလေးပါပဲ

တချို့ပန်းတွေဟာ မခြွေဘဲ ကြွေတတ်တယ်တဲ့။ ကြွေမယ် ထင်ခဲ့တဲ့ ပန်းတွေက ဝေနေခဲ့ပြီး ဝေနေမယ်ထင်ခဲ့တဲ့ ပန်းတွေဟာ တိတ်တဆိတ် ကြွေကျသွားခဲ့တယ်။ မွှေးရနံ့တွေပေးချင်မိတဲ့ ငါကတော့ ပင်ယံမှာ ရှိနေခဲ့ပါသေးတယ်။

ပြန်မလာတော့ဘူးလားလို့ မေးဖို့ ဘယ်တုန်းကမှ အခွင့်မသာခဲ့တဲ့ ငါ ခုတစ်ခေါက်ရော မေးခွင့်ရှိပါ့မတဲ့လား။ “ငါသေသွားတာ မဟုတ်ဘူး ပြန်လာမှာ”ဆိုပြီး ဂျစ်တောတတ်တဲ့ နင့်အသံတွေကိုပြန်ကြားမိတယ်။ ဒီတစ်ခါရော နင်ပြန်လာမှာပဲ မဟုတ်လား။ ပြန်လာမှာပါပဲ။ နင်စိတ်လိုလက်ရ ရှိလာတဲ့အခါမျိုးပေါ့

ငါကတော့ ကမ္ဘာမြေရဲ့ ဖန်ဆင်းခြင်းထဲမှာ ဆက်ရှင်သန် ရဦးမယ်။ နောက်ရက်မှာ ငါခွဲစိတ်ရမယ်။ ဦးနှောက်မှာ တည်နေတဲ့ အကျိတ်ကို ဆရာဝန်တွေက ဖယ်ရှားကြမယ်။ ၅၀-၅၀ ရာခိုင်နှုန်းတဲ့။

ရှင်သန်ခြင်းနဲ့ သေဆုံးခြင်းကြားမှာ ရပ်နေရတာ ပျော်စရာ ပါပဲ။ တစ်ဖက်ဖက်ဆီကို နောက်မလှည့်တမ်းလည်း ငါမသွားချင်တော့ပါဘူး။ နင်ရှိတယ်လို့ ယုံကြည်ထားတဲ့ ကမ္ဘာမြေပေါ်မှာ ငါ မျက်စိမှိတ် ထားလိုက်မယ်။ ငါရောက်သွားတဲ့ တစ်ဖက်ဖက်ဟာ ငါ့ကမ္ဘာပါပဲ။ တစ်ခုခုကို စိတ်လိုလက်ရ တွယ်ကပ်နေရတာထက် စိတ်လိုလက်ရပဲ ဘာလာလာ လက်ခံတတ်ဖို့ ငါနားလည်လာခဲ့ပါပြီ။ ငါ တစ်ဖက်ဖက်ဆီကို ရောက်မသွားခင်တော့ ငါ့မှာဖြစ်ချင်တဲ့ စိတ်ဆန္ဒ တစ်ခုရှိတယ်။

အဲဒါက နင်ရေးထားတယ်ဆိုတဲ့ ငါ့နာမည်ပါတဲ့ စာအုပ် ကလေးကို ငါဖတ်ကြည့်ချင်မိခဲ့တာပါပဲ။

(၄)

"ချစ်တယ်" ဆိုတဲ့ စကားကို ပြောချလိုက်ဖို့အတွက် ဘာ အကြောင်းပြချက်မှ မလိုဘူး မဟုတ်လား။ ဒီလိုပဲ ချစ်တယ် ဆိုတဲ့ စကားကို နှုတ်ကထုတ်မပြောနိုင်ခဲ့ခြင်း အတွက်လည်း ဘာအကြောင်းပြချက်မှ ပေးစရာမလိုဘူး မဟုတ်လား။ တစ်ယောက်ယောက်ကို ပိုင်ဆိုင်လိုချင်လို့ ချစ်တယ် ပြောလိုက်ရတာကို သတ္တိရှိတယ်လို့ မခေါ်ဆိုနိုင်သလို တစ်ယောက်ယောက် ပျော်ရွှင်နေတာကို ငေးမောကြည့်နူးပြီ ချစ်တယ်လို့ ပြောမထွက်နိုင်ခြင်းကလည်း သတ္တိမဲ့တာ မဟုတ်ရပါဘူး။ တစ်ယောက်ယောက်ကို ချစ်တယ် ပြောပြီးမှ သူစိမ်းဆန်ဆန် ဝေးကွာသွားရတာထက် တစ်ယောက်ယောက်အနားမှာ သူလိုသမျှ ဖြည့်ဆည်းရင်း တိတ်တဆိတ် ချစ်နေရခြင်းကိုပဲ ခံမင်လို့လည်း ရတယ် မဟုတ်လား။ ပိုင်ဆိုင်လိုစိတ်၊ တပ်မက်လိုစိတ်လည်း မရှိပါဘဲပေါ့။

ဥယျာဉ်မှူးတစ်ယောက်က သူ ပြုစုယုယခဲ့တဲ့ ပန်းလေး တစ်ပွင့်ကို မြတ်နိုးသလိုမျိုးပေါ့။ ဆွတ်ခူးလိုစိတ် အလျှင်းမပါခဲ့ပါဘူး။ ချစ်တယ်လို့ နှုတ်ကနေ ဖွင့်မပြောဖြစ်ပေမယ့် ရင်ထဲကနေ နင့်အတွက် မြတ်မြတ်နိုးနိုး သိမ်းထားခဲ့တဲ့ စကားတစ်ခု ရှိပါတယ်။

အဲဒါက "ချစ်တယ်" ပါပဲ။

ဘဝမှာ အမြတ်နိုးဆုံးလူတစ်ယောက်ကိုဘယ်တော့မှ မပြောဖြစ်လိုက်တဲ့ စကားတစ်ခွန်းကိုပြောပြပါဆိုရင် အဲဒါက "ချစ်တယ်" ပါပဲ။

အဲဒီလိုပါပဲ ဘဝမှာ အမြတ်နိုးဆုံးလူတစ်ယောက်ဆီကနေ ဘယ်တော့မှ မကြားနိုင်ခဲ့တဲ့ စကားတစ်ခွန်းကလည်း "ချစ်တယ်" ပါပဲ။

မြတ်နိုးခြင်းများစွာဖြင့်သာ ကိန်းအခောင်းနေပါစေတော့လေ။

လင်းရောင်စင်

9-9-2019(Mon)

10:24PM

ရန်ကုန်

«««« »»»»

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words